

မောင်နှင်းဆွေ
မြေလျှိုးမိုးပျံနဂါးမာန်

မောင်နှင်းဆွေ

---

# မြေလျှိုးမိုးပျံနဂါးမာန်

စဆုံးလုံးချင်း

အသစ်စက်စက်

စာမူခွင့်ပြုချက်အမှတ်- ၁၁၅၈/၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၇၄၆/၂၀၀၁(၉)

ပထမအကြိမ်-
၂၀၀၁-ခုနှစ်၊
တန်ဖိုး- ၃၅၀- ကျပ်၊
အုပ်ရေ- ၅၀၀၊

အတွင်းပုံနှိပ်သူ- ဒေါ်ခင်စန်းမြင့် (၀၅၄၄၉)
ဟံသာပုံနှိပ်တိုက်
၁၁/၁၂၅ လမ်း၊ မင်္ဂလာတောင်ညွှန့်
ရန်ကုန်မြို့။

ထုတ်ဝေသူ- ဦးနှင်းဆွေ (၀၉၈၃)
ပန်းသက်ဆောင်စာပေ
၅၁၆(ခ)ပုလဲ ၄ လမ်း၊
၄-ရပ်ကွက် မ/ဥက္ကလာပ
ရန်ကုန်မြို့။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေလမ်း
တောင်ငူမြို့
ဖုန်း ၂၁၃၄၄

## အခန်း ( ၁ )

အေးမြသောလေက မြူးပေါင်းများထွာ တွန့်ခ နေသကဲ့သို့ တဝိုးဝိုးအော်မြည်နေလေ၏။

နှင်းပွင့်များက ထဲတွင်ပုံပဲကျနေရာ နေရာအကာတွင် နှင်းထုကြီးက ငွေရောင်တံတိုင်းကြီး ကာဆီးထားသကဲ့သို့ ရှိနေလေသည်။

တငွေ့ငွေ့ တလူလူဝေ နေ ကောင်းကင်ပြင်သို့ ထိုးထွက် နေသည့် တောင်ဦးဖျားကြောင့် ဦးအုပ်ချင်နှင်းတောင်ကြီးမှာ မှုန်ဝါးဝါးသာမြင်နေရတော့၏။

မိုးသုရင်နှင်းတောင်ကြီးကား မြောက်ပိုင်းဒေသတွင်ရှိသော တောင်ကြီးများအနက်၊ တတိယမြောက် အမြင့်ဆုံးသော မတောင်ကြီးဖြစ်၏။

နေရောင်ခြည်မှာ နှင်းထုကိုမဖောက်ထွင်းနိုင်သေး၊ တောကြက်ကလေးများတွန်သံနှင့် သားကောင်အချို့အော်သံ သဲ့သဲ့ကို ကြားရ၏။

ယင်းအချိန်မှာပင် အဖြူရောင်အရိပ်ကလေး တစ်ရိပ်သည် တောင်ပေါ်လမ်းအတိုင်း အမြန်ဆုံးပြေးလွှားလျက်ရှိနေ၏။

ထိုအဖြူရောင်အရိပ်ကလေးမှာ လူရွယ်တစ်ဦးပင်ဖြစ်လျှင် သူ၏ခြေလှမ်းများမှာ သိပ်သည်းလှသော နှင်းထုပေါ်တွင် လျှပ်တိုက်ကာ ပြေးသွားသလိုခြေရာမထင်အောင် ကျန်ခဲ့သဖြင့် ထိုလူရွယ်၏ကိုယ်ဖော့အားမှာ အတော်ပင် အဆင့်မြင့်နေကြောင်း သိသာလှပေသည်။

အချိန်မှာ နံနက်ခင်းဖြစ်သည်။

လူရွယ်သည် လက်ဆွဲခြင်းကြီး နှစ်ခြင်းအား ပခုံးတွင် ထမ်းလျက် တောင်ပေါ်သို့ပြေးတက်နေခြင်းဖြစ်သည်။

ထိုလူရွယ်သည် တောင်တစ်ဝက်ကျော်ကျော်ရောက်သည်နှင့် ထိုးထိုးထောင်ထောင်ကျောက်တောင်ကြီးလေးဆောင်တို့သည် အရှေ့အနောက်၊ တောင်မြောက်အကွက်ကျကျ၊ မြေပေါ်မှ ပေါ်ထွက်လျက်ရှိနေ၏။



ကျောက်တောင်ကြီးကား လေးကွက်ပုံစံ ချထားသည့် အင်းကွက်ပမာ၊ တိတိကျကျတည်ရှိနေလျက် ကျောက်ဆောင်ပေါ်တွင် နှင်းထုဖုံးလွှမ်းထားသော လူပုံသဏ္ဌာန်နှင်းရုပ်ကို တွေ့လိုက်ရ၏။

လူရွယ်သည် သူထမ်းလာသောခြင်းကြီးနှစ်လုံးကို အနည်းငယ် ပြင်ထမ်းလျက်၊ အနောက် ကျော[illegible]ည် မြောက်ဘက် ကျောက်ဆောင်ကြားသို့ လွှားခနဲခုန်ကျော်လိုက်၏။

'ယား'

လူရွယ်၏ကိုယ်ခန္ဓာသည် ကျောက်ဆောင်ကြီး နှစ်ဆောင်ကြားမှ မီးခိုးများသဖွယ်လွင့်ထွက်သွားစဉ် ရုတ်တရက် အသံများကိုကြားလိုက်ရ၏။

'ဝှီး....ဝှီး'

လေထဲတွင် လူရွယ်ထံသို လွင့်မျောလာသော အမည်းရောင် အရာဝတ္ထုကြီးနှစ်ခုကိုတွေ့လိုက်ရ၏။

'ထန်း....ဒန်း'

လူရွယ်သည် ကပျာကသီ သူ့ထံလွင့်လာသော အရာဝတ္ထုကြီးနှစ်ခုအား သူထမ်းလာသော တံပိုးကြီးဘေးမှ ဆောင်ဓားကိုထုတ်၍ ယမ်းခါပစ်လိုက်လေသည်။

ထို့ကြောင့် တထန်းထန်း၊ ဒန်းခနဲနေ၍ ယင်းအရာဝတ္ထုနှစ်ခု လွင့်ထွက်သွားတော့၏။

အမှန်မှာ မြေလိမ်မြွေကောက်ပမာရှိနေသော မည်းနက်သည့်တောင်ဝှေးကြီး နှစ်လက်ပင်ဖြစ်တော့၏။

'ဖြန်း....ဖြန်း'

ရုတ်တရက် ကျောက်ဆောင်ကြီးနှစ်ဆောင်ပေါ်မှ လူပုံသဏ္ဌာန် နှင်းလုံးကြီးနှစ်လုံးသည် ကွဲထွက်ကာ နှင်းပွင့်များ မြေပေါ်သို့ တဖွားဖွားကျသွားလျက် မုတ်ဆိတ်ဖြူကြီးနှင့် ရသေ့ကြီးနှစ်ပါး တင်ပျဉ်ခွေလျက် ပေါ်ထွက်လာလေတော့သည်။

'ဟေး....ဟေး'

ရုတ်တရက်အသံပေးကာ ဝှီးခနဲ ကျောက်ဆောင်ပေါ်မှ ငှက်မည်းကြီးနှစ်ကောင် ဝဲကျလာဘိသကဲ့သို့ လူရွယ်၏ရှေ့မှ တစ်ဦး နောက်မှတစ်ဦးပိတ်ကာ ရပ်နေတော့သည်ကိုတွေ့ရ၏။



'ရှူး....ဟူး'

ရသေ့ကြီးနှစ်ပါးသည် ပါးစပ်မှ မှုတ်၍စုတ်လိုက်သည်နှင့် မြေလိမ်မြွေကောက်ပမာ တွန့်နေသည့်တောင်ဝှေးကြီးနှစ်လက်သည် နှင်းပုံထဲမြုပ်နေရာမှ ထိုရသေ့ကြီးနှစ်ပါး လက်ထဲသို့ ရောက်လာလေတော့၏။

လူရွယ်သည် မအံ့သြတော့ပါ။

'အလို အရှေ့တောင်ရသေ့ကြီးနဲ့ အနောက်တောင်ရသေ့ကြီးတို့ ဘာကိစ္စသွားမဲ့လမ်းကိုပိတ်ထားတာလဲ၊ အခုဖယ်လိုက်ပါ'

'ဟား ဟား ဟား'
'ဟား ဟား ဟား'

ရသေ့ကြီးနှစ်ပါးသည် တဟားဟား ရယ်မောလိုက်ရာက သူတို့၏လက်များ အထက်သို့ မြှောက်လိုက်ကြ၏။

ထိုစဉ်....

တောင်အက်ကျောက်ဆောင်ပေါ်မှ လူရုပ်သဏ္ဌာန် နှင်းလုံးကြီးမှာ ဖြန်းခနဲကွဲသွားသကဲ့သို့ မြောက်ဘက်မှ နှင်းလုံး

ကြီးမှာလည်း ဝှန်းခနဲကွဲထွက်လျက် စွန်မည်းကြီးနှစ်ကောင် လေထဲမှပျံဝဲကျလာသကဲ့သို့ ဝဲပျံကျလာပြန်၏။

စွန်မည်းကြီးများ မဟုတ်ကြပါ။

မုတ်ဆိတ်ဖြူကြီးနှင့် ရသေ့နှစ်ပါးဖြစ်နေလျက်၊ လူရွယ်၏ ဘေးတစ်ဘက် တစ်ချက်တွင် မတ်တပ်ရပ်လိုက်ကြပြန်၏။

'အလို... တောင်ဘက်လွန်ရသေ့ကြီးနဲ့ မြောက်ဘက် တောင်ရသေ့ကြီးပါလား'

'ဟား ဟား ဟား'

'ဟား ဟား ဟား'

သို့ရသေ့ကြီးနှစ်ပါးတို့ကလည်း တဟားဟား ရယ်လိုက်ကြလေသည်။

'တို့က မိုးဘုရင်ရသေ့ကြီးအတွက် ဒီလမ်းမှာ တာဝန်ယူထားရတာဆိုတော့ မင်းလာရင် အသားသွပ်မုန့်နဲ့ ဝါးစိမ်းအရက် နှစ်အိုးပေးမှ ပြန်လွှတ်နိုင်မယ်'

'မပေးရင်ရော'



'မပေးရင်မလွှတ်နိုင်ဘူး၊ နဂါးလက်သည်းကို ငါတို့စောင့်ရတာ တစ်ညလုံးရှိနေပြီ'

ထိုအခိုက် နဂါးလက်သည်းခေါ် ကျန်းလီ၏ နားထဲသို့ အဝေးပို့အသံ တစ်သံဝင်လာသည်။

'ငါ့သား နဂါးလက်သည်းကျန်းလီ အရှေ့တောင်ရသေ့ကြီးကလွဲရင် သူတို့လိုချင်တာပေးလိုက်ပါ'

ထိုအသံသည် နဂါးလက်သည်းကျန်းလီ၏ဆရာ ရသေ့ကြီးထံမှ မနောအာရုံဓာတ်ဖြင့် ပို့လိုက်သည့်အသံပင်ဖြစ်၏။

'ကောင်းပြီ ဆရာကြီးမနှောင့်ယှက်ဘူးဆိုရင် ပေးမယ်'

နဂါးလက်သည်း ကျန်းလီဆိုသော လူရွယ်သည် ခြင်းကြီးနှစ်ခြင်းအတွင်းရှိ အသားသွပ်မုန့်ထုပ်မုန့်နှင့် ဝါးစိမ်းအရက် အိုး သုံးအိုးအား၊ တောင်ဘက် တောင်ရသေ့ကြီးစုဖန်းနှင့် မြောက်ဘက်တောင်ရသေ့ကြီး ကျိန်စမ်း၊ အနောက်ဘက် တောင်ရသေ့ကြီး ကျောလူတို့အား ခွဲဝေပေးလိုက်ရာ ထိုရသေ့ကြီးသုံးပါးလည်းသူတို့၏ကျောက်ဆောင်ကြီးများပေါ်သို့ ဝှီးခနဲ ခုန်လွှားတက်သွားကြပြန်လေ၏။

ထိုစဉ် အရှေ့ဘက်တောင်ရှိရသေ့ကြီး ဖေ့ချင်သည် ဖြုတ်ခနဲ ခြင်းကြီးနှစ်လုံးအား သက်ဖြင့်ဆွဲကာ တောင်ပေါ်သို့ ခုန်လွှားတက်သွားရာ မီးခိုးဖက်ကလေးတစ်စက်မျှ တွေ့လိုက်ရလေ၏။

နဂါးလက်သည်း ကျန်းလီဆိုသောလူရွယ်နှင့် သူ၏ရိက္ခာထည့်ယူသောခြင်းကြီးနှစ်ခြင်းအား အရှေ့တောင်ရသေ့ကြီး ဖေ့ချင်၏ လုလိုက်ခြင်းခံလိုက်ရသဖြင့် အလွန်ပင်ဒေါသထွက်သွားရတော့၏။

'ဝှီး ဝှီး ဝှီး
ဝုန်း ဝုန်း'

နဂါးလက်သည်း ကျန်းလီဆိုသော လူရွယ်သည် တံပိုးကြီးဖြင့်ပစ်လိုက်ရာ လေထဲတွင် ဝဲပျံသွားကာ နှင်းတောအတွင်း ကျသွားလျက် တဝုန်းဝုန်းမြည်သွားလေတော့၏။

ထို့နောက်တွင်မှ တောင်ပေါ်သို့ ကိုယ်ဖော့အားသုံးကာ ပြေး၍လိုက်ခဲ့တော့၏။ တောင်ပေါ်တွင် နှင်းပင်လယ်ကြီးပမာ တွေ့မြင်နေရ၏။

ကျောက်ဖြူရသေ့ကျောင်းသည် ငွားငွားစွင့်စွင့် နှင်းတောထဲဝယ် တွေ့လိုက်ရ၏။



နှင်းတောင်ကြီးသည် လူရွယ်ရှေ့မှာပင် တဖြည်းဖြည်းပြိုကွဲကာစပြုကာ နေခြည်တန်းများ ထိုးဖောက်ကျလျက်ရှိနေလေသည်။

ကျောက်ဖျာကြီး တစ်ချပ်ပေါ်တွင်ကား ရသေ့ကြီးတစ်ပါး ရပ်နေပြီး မလှမ်းမကမ်းတွင် လူရွယ်ယူလာသည့် ခြင်းကြီးနှစ်ခြင်းကို တွေ့လိုက်ရ၏။

ထိုရသေ့ကြီးသည် ကောင်းကင်မြင့်သို့ ပုတီးလုံးများကို ပစ်လွှင့်လျက်ရှိပြီး ထိုပုတီးလုံးများသည် ပြိုးပြိုးလက်လက် တက်သွားကာ မကြာမီ ရသေ့ကြီးဆီသို့ ဝဲကာပျံကျလာလျက် ရသေ့ကြီးက အမြန်ဆုံး ဖမ်းယူရင်း ပြေးလွှားလာသော လူငယ်အား မေးလိုက်၏။

'နဂါး ဒီတစ်ခါကြာလှချေလား'

နဂါးကျန်းလီဆိုသော လူငယ်သည် ရသေ့ကမ်ချင်းအား ဂါရဝပြုလိုက်ရင်း....

'ကျွန်တော် ဝူးမင်းဆိုင်သွားတော့ ဝူးမင်းတစ်ယောက် ဆိုင်မဖွင့်သေးလို့စောင့်နေရတာဘုရား'

ထိုစဉ် အဝတ်လေတိုးသံနှင့်အတူ ဟူးဟူးနှင့် အဖြူရောင်လေလုံးကြီးလွင့်ကာ နဂါး ကျန်းလီ ကွမ်ချင်းအနားရောက်သည်နှင့် ပုန်းခနဲရပ်သွားလေသည်။

အဖြူရောင်လေလုံးမဟုတ်ချေ။

အဝတ်ဖြူအင်္ကျီရှည်ဝတ်ထားသော ရသေ့ဖြစ်ပြီး နဂါးလက်သည်း ကျန်းလီမှ ခြင်းတောင်းများ လုယူသွားသည့် ရသေ့ဖြစ်တော့၏။

'ဒီနေ့မနက်တော်တော်အေးတယ်၊ မိုးနဂါးကြီးရေ ဒါကြောင့် ခင်ဗျားသားတော်မောင် နဂါးထံကခြင်းကြီးတွေကို ဆွဲပြီးပြေးလာခဲ့တာပါ'

'အရှေ့တောင်ရသေ့ကြီး၊ ခင်ဗျားမှာဖြင့် လိုက်လာရင် လက်ချည်းပါလား'

'ဟား ဟား ဟား ဒီတစ်ခါ ခင်ဗျားကြိုက်တဲ့ ကြောင်ကတိုးကြီးတစ်ကောင် ယူခဲ့တယ်ဗျာ၊ ဟဲ့ ဇာနု ယူခဲ့စမ်း'

အရှေ့တောင်ရသေ့ကြီး ဖေ့ချင်က ထိုသို့ပြောလိုက်သည်နှင့် သူ၏ဝတ်ရုံဖြူအတွင်းမှ သတ္တဝါတစ်ကောင်သည် မြေသို့ ခုန်ဆင်းလာခြင်းဖြစ်၏။



ထိုအနက်ရောင်မျောက်ကလေးအား အရှေ့တောင်ရသေ့ကြီး ဖေ့ချင်က ဇာနုဟူ၍ အမည်ပေးထားခြင်းဖြစ်သည်။

ထိုအနက်ရောင်မျောက်ကလေးအား ဖေ့ချင်က ဇာနု လက်မှလှမ်းယူပြီး နဂါးလေး ကျန်းလီထံ ပစ်ပေးလိုက်၏။

'တို့အတွက် အမြန်ဆုံး မီးကင်လိုက်စမ်း နဂါးလေးရ'

'ဟုတ်ကဲ့ပါဘုရား'

နဂါးလေး ကျန်းလီသည် မိုးရသေ့ကွမ်ချင်းနှင့် အရှေ့တောင်ရသေ့ ဖေ့ချင်အား ဦးညွတ်အလေးပြုကာ ထိုနေရာမှ အလျင်အမြန်ပင် ကျောင်းထဲသို့ ခြင်းကြီးများဆွဲကာ ဝင်လာခဲ့လေသည်။

'မိုးရသေ့ကြီး ခင်ဗျားရဲ့တပည့်က တော်ပါပေတယ်၊ လူကလဲ ဖျတ်လတ်တော့ တပည့်ရတာကောင်းဟာပေါ့ဗျ'

မိုးရသေ့ကြီးက အရှေ့တောင် ရသေ့အား မုတ်ဆိတ်ဖြူကြီးဆွဲကာ ပြုံးကြည့်ရင်း ...

'ခင်ဗျားလဲအသက်ကြီးပြီပဲ၊ ပထမတော့ တပည့်မထားတော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ ဒီတလေးက ကျုပ်အပေါ်

အနှီအသားခံ အပင်ပန်းခံပြီးတော့ တပည့်အဖြစ်အသိအမှတ်ပြုလိုက်ပြီး ပညာသင်ပေးခဲ့တာပဲ၊ ကျုပ်လို့ တပည့်တစ်ဦးရှာဖို့ တောင်ပေါ်က ဆင်းကြည့်ဖူးပါတယ်၊ နဂါးလေးလို တစ်ဦးမှမတွေ့ပါဘူး၊ ကျုပ်လဲစိတ်ပျက်တာနဲ့ ဒီနေ့အထိ တပည့်ကိုမရှာတော့တာပေါ့?

ရသေ့နှစ်ပါးသည် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ကျောက်ခုံးပေါ် ထိုင်လျက် စကားပြောရင်းက ကျောင်းထဲမှ နဂါးလေးကျိန်းလီ ထွက်လာလျက်....

'နံနက်စာပြင်ပြီးပါပြီဘုရား'

ထိုသို့ပြောလိုက်သဖြင့် ရသေ့နှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး....

'မြန်လိုက်တာ၊ ခင်ဗျားတပည့်ကို ဒါကြောင့်ဖော်တာပဲလို့ ကျုပ်ပြောတာပေါ့'

'ဟား ဟား ဟား'

ကွမ်ချင်း၊ ဖေချင်တို့သည် အလျင်အမြန်ပင် ကျောက်ဖြူကျောင်းထဲသို့ဝင်ခဲ့ကြသည်။



ကွမ်ချင်းနှင့်ဖေချင်မှာ အလွန်ရင်းနှီးသော မိတ်ဆွေရသေ့များဖြစ်ကြသည်။

ဖေချင်သည် မိုးဘုရင့်တောင်ကြီးထက်နိမ့်သော အရှေ့တောင်ဘက် တောင်နီတောင်ပေါ်တွင် နေထိုင်ကာ တစ်ဦးနှင့်တစ်ဦး နေ့စဉ်လိုလိုပင်တွေ့ဆုံပြီးလျှင် သိုင်းလောက အကြောင်းနှင့် အထွေထွေတွေ့ဆုံ၍ စကားပြောလေ့ရှိ၏။

ကွမ်ချင်းနှင့် ဖေချင်တို့မှာ ထိုသို့ရင်းနှီးစွာ နေထိုင်လာကြသည်မှာ ယခုမှမဟုတ်ချေ၊ လွန်ခဲ့သောနှစ်ပေါင်းမြောက်မြားစွာ ကာလ သူတို့ပျိုရွယ်စဉ်အချိန်ကာလည်းကပင်ဖြစ်ခဲ့၏။

ထိုစဉ်က သူတို့သည် သိုင်းပညာထက်မြက်သော ရသေ့ပျိုလေးများဖြစ်သည့်အပြင် တိုင်းပြည်နှင့် လူမျိုးကိုချစ်သောစိတ်၊ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုလိုသောစိတ်၊ မိမိတတ်မြောက်ထားသော သိုင်းပညာဖြင့် ပြည်သူလူထု၏ကောင်းမှု ကောင်းကျိုးကို ဆောင်ရွက်ပေးလိုသောစိတ် စသည်တို့ဖြင့် သိုင်းပညာကောင်းတို့တွင် ရှိအပ်သော စိတ်ဓာတ်များ၊ သဘောတရားများ ခံယူချက်များ ပြည့်စနေခဲ့ကြသည်။

သူတို့နှစ်ဦးသည် သိုင်းလောကအတွင်းရှိ သိုင်းပညာအားကိုး၊ အဖွဲ့အစည်းအားကိုး၊ လက်နက်အားကိုးတို့ဖြင့် ခိုးဆိုး

တိုက်ခိုက်လုယက် သတ်ဖြတ်၊ ပြည်သူလူထုကိုအနိုင်အထက် နှိပ်စက်ညှင်းပန်းနေသော ဒုစရိုက်သိုင်းသမားများ၊ သိုင်းဂိုဏ်းကြီးများကို နှိမ်နင်းတိုက်ခိုက်ခဲ့ကြ၏။

ပူးပေါင်းချေမှုန်းခဲ့ကြ၏၊ သူတို့တိုက်ခိုက်ချေမှုန်းမှုကြောင့် ဒုစရိုက်သိုင်းသမားပေါင်း မြောက်မြားစွာ ကျဆုံးခဲ့ရပြီး ရပ်ရွာအေးချမ်း၊ အများဖေးချမ်း သာယာလာခဲ့တော့၏။ သူတို့၏အမည်နာမကို ကြားလိုက်ရသည်ဖြင့်ပင် ဒုစရိုက်သိုင်းသမားတို့သည် လွန်စွာမှတုန်လှုပ်ချောက်ချားကြောက်ရွံ့ခဲ့ကြရပြီး ကြားရာအရပ်မှ ဝေးရာသို့ အလျင်အမြန်ပြေးလွှားတိမ်းရှောင်ထွက်ပြေးခဲ့ရလေတော့၏။

ထိုသို့ မိုးရသေ့ကြီး ကုမ်ချင်းနှင့် အီရှေတောင်ရသေ့ကြီးဖေ့ချင်တို့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းများအနက်မှ တစ်ခုသောလုပ်ငန်းကို ဥပမာပြရလျှင် လွန်စွာကြောက်မက်ဖွယ်ရာကောင်းလှပြီး ရပ်ရွာနယ်မြေလူထုကို လွန်စွာနှိပ်စက်ညှဉ်းပန်းခဲ့သည့် အရိုးဖြူသိုင်းဂိုဏ်းကြီးကိုနှိမ်နင်းဖြိုခွင်းခဲ့သည့် အကြောင်းဖော်ပြရမည်ဖြစ်ပေသည်။

* * *



မိုးတိမ်လိပ်များက တစ်ရိပ်ရိပ်တက်လာခဲ့သည်၊ လေကတဟူးဟူးတိုးဝင်လာသည်။

သစ်တောအုပ်များမှာ ပို၍လှုပ်ရှားလာသည်။

လေအရှိန်နှင့်အတူ မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားစေသော အသံများက ဟိန်းသွားတော့သည်။

'ခွပ် ခွပ် ခွပ်'
'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများဖြစ်၍ ငြိမ်းချမ်းသာယာလှသော နယ်မြေတစ်ခုလုံးမှာ ယင်းမြင်းခွာသံများကြောင့် လှုပ်ရှားသွားရတော့သည်။

အေးချမ်းသာယာလှသော နယ်မြေကား စင်ကျန်ဒေသတစ်ခွင်ပင်။ စင်ကျန်ဒေသ၏လူထုသည် ဆူပူသောင်းကျန်းခြင်းမရှိဘဲ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာလက်တွဲ၍ နေထိုင်လာကြပြီး လယ်ယာနှင့်သစ်တောလုပ်ငန်း၊ ကျောက်ထုတ်လုပ်ငန်းများ အများဆုံးလုပ်ကိုင်ကြခြင်းပင် ဖြစ်ပေသည်။

မြင်းများကို တရကြမ်းနှင်လာသောလူများသည် ဝတ်ရုံနက်များဝတ်ဆင်ကာ ခမောက်ပြန့်ကြီးများအား ဆောင်း

ထားလျက် ကျောက်ထုတ်လုပ်ရာဒေသ စင်ကျန်၏ယန်းပိဇခါ
သောနယ်မြေသို့ ရောက်လာကြခြင်းဖြစ်သည်

မြင်းစီးသမားဝတ်ရုံနက်များသည် ယန်းပိစင်ဟိုရွာသို့
ရောက်သည်နှင့် မြင်းပေါ်မှလွှားဆင်းလာကာ ခေါင်းဆောင်
ဖြစ်သူက ရွာသားတစ်ဦးအားမေးလိုက်၏။

'ဟေ့....မင်းတို့ရွာခေါင်းကြီးဟာ ဘယ်သူလဲ'

ဤတွင် ရွာသားတစ်ဦးက

'ခင်ဗျားတို့ကို ဘယ်သူတွေလို့ ပြောလိုက်ရမလဲ'

အရိုးဖြူဂိုဏ်းကြီးက သိုင်းသမားဝတ်ရုံနက်တွေလို့ ပြ
န်သွားပြောလိုက်'

ထိုကဲ့သို့ အရိုးဖြူဂိုဏ်းဟူ၍ ကြားလိုက်ရသော စင်ဟိုရွာ
သားများ ပြေးထွက်သွားလေတော့၏။

အရိုးဖြူဂိုဏ်းသားများသည် မြင်းများကိုချည်၍ ရွာလယ်
စားသောက်ဆိုင်သို့ရောက်လာရာ ရွာလူထုမှာ တကြိမ်တ
ခါမျှမရောက်ဖူးသောသူများကို တွေ့လိုက်ရသကဲ့သို့ ဝိုင်းဝ
ကြည့်နေကြ၏။



'ခွေးအောမိန့်စားသောက်ဆိုင်'

စားသောက်ဆိုင်၏အမည်ကို ဝတ်ရုံနက်များက မော့
ကြည့်ရင်းက ခေါင်းဆောင်လုပ်သူက ခါးထဲမှဓားကို တစ်
ချောင်းထုတ်ပြီး ဝှီးခနဲပစ်လိုက်၏။

'ဒေါက်'
'ဒေါက်'
'ဒေါက်'

ခေါင်းဆောင်လုပ်သူက ခွေးဟူသောစာလုံးကို ဓားတိုဖြင့်
ပစ်ပေါက်လိုက်ရာ ကျန်တစ်ည့်နှစ်ဦးကလည်း ဓားတိုများဖြင့်
အောနှင့်မိန့်ကို ပစ်ပေါက်လိုက်ကြ၏။

ဓားတိုများသည် ဆိုင်းဘုတ်ထဲမှစာလုံးများကို တန်းတန်း
မတ်မတ်စိုက်ဝင်ကာ လက်ကိုင်ရိုးများပင် လှုပ်ခါနေကြ၏။

'ဟား ဟား ဟား

သူတို့အားလုံး တစ်ပြိုင်တည်း ရယ်မောလိုက်ကြလေသည်။
ရွာသားများသည် ရိုးရိုးသားသားမဟုတ်ဘဲဆူပူသောင်းကျန်း
ဆိုးသွမ်းသည့်လူတစ်စုပင် ဖြစ်ရမည်ဟု ယုံကြည်ကာထွက်ပြေး
သွားကြတော့၏။

ထိုနောက် ဆိုင်ရှင်ကိုယ်တိုင်လည်း ကြောက်ကြောက်လန့်လန့်နှင့် ပြေးသွားတော့ရာ....

ဆိုင်အလုပ်သမားလေးများသာကျန်ခဲ့တော့၏။

ဝတ်ရုံနက်များသည် ဆိုင်တွင်းဝင်လာကာ....
'ဟေ့... အရက်နဲ့ စားစရာတွေ မြန်မြန်ချပေးစမ်း'

ဟု အော်ဟစ်လိုက်ပြီး စားပွဲလွတ်များတွင် ဝင်ထိုင်လိုက်သည်။

တကယ်တော့ စားသောက်ဆိုင်အတွင်းတွင် စားသောက်နေသူအနည်းငယ်သာရှိနေရာ ထိုဝတ်ရုံနက်လူဆိုးများ ဝင်လာသည်နှင့် ထွက်ပြေးသွားတော့သဖြင့် စားပွဲလွတ်နှင့် အလုပ်သမားလေး သုံးလေးဦးသာ ကျန်ရစ်ခဲ့တော့သည်။

'ဟိတ် ဘာကြောင်ကြည့်နေတာလဲ၊ အရက်နဲ့စားစရာတွေ အမြန်ယူခဲ့စမ်း'

'ဝုန်း'

ဝတ်ရုံနက်တစ်ဦးက စားပွဲကိုထုလိုက်သောကြောင့် ဝုန်းခနဲမြည်သွားလေသည်။



အလုပ်သမားလေးတစ်ဦးက —
'ဟုတ်ကဲ့ ဟုတ်ကဲ့'

အလုပ်သမားကလေးများသည် အရက်နှင့် အစားစရာများ ယူလာကာ အလျှင်အမြန် စားပွဲပေါ် ချလိုက်ကာ....

'ကျွန်တော်တို့ဆိုင်က တောဆိုင်တစ်ဆိုင်ဆိုတော့ ဒီအသားဟင်းနဲ့ အရက်ပဲရှိပါတယ်ခင်ဗျာ'

အသားဟင်းများမှာ အသားကြော်တစ်ခွက်၊ နောက်တစ်ခွက်မှာ အသားဟင်းနှင့် ဟင်းချိုဖြစ်ပြီး ခေါက်ဆွဲကြော် တစ်ပွဲဖြစ်သည်။

'အသားကြော်က ဘာအသားလဲ'
'မြွေသားပါခင်ဗျာ၊ တစ်ပွဲက ယုန်သားဟင်းပါ'

ဆိုင်အလုပ်သမားက ရှင်းပြနေစဉ်မှာပင် ဆိုင်ထဲသို့ လူဝကြီးတစ်ဦးနှင့် လက်နက်ကိုင်လူသုံးဦးတို့ ဝင်လာကြသည်။

'ဟေ့ ငါ့ကိုတွေ့ချင်တယ်ဆိုတာ မင်းတို့လား'

ဝတ်ရုံနက်များအား လူဝကြီးက ခါးထောက်၍မေးလိုက်သည်။

ဝတ်ရုံနက်ခေါင်းဆောင်က....
'ခင်ဗျားဘယ်သူလဲ'
'ငါ ဒီရွာက ခေါင်းကြီးပဲ'

'ကောင်းပြီ၊ ဒီရွာမှာစုဆောင်းထားတဲ့ ငွေတုံးနဲ့စိန့်လုံးတွေ အမြန်လာပေးရမယ်၊ မပေးရင် ခင်ဗျားတို့တစ်ရွာလုံးကို သတ်ပစ်မယ်'

ရွာခေါင်းကြီးက....

'ဟေ့ ဟိုစင်ကျန်ဒေသဟာ အလွန်အေးချမ်း သာယာပါတယ်၊ ဘယ်သူမှ ဆိုးဝါးသောင်းကျန်းခြင်းမျိုးမရှိဘူး၊ အဲဒီတော့ မင်းတို့ အေးအေးထွက်သွားပါ'

'ဟား ဟား ဟား'

ဝတ်ရုံနက် အရိုးဖြူဂိုဏ်းသားများမှာ ပြက်လုံးတစ်ခုကို ကြားလိုက်ရသကဲ့သို့ တဟားဟား ရယ်မောလိုက်ကြသည်။

'ဝုန်း'
လူဝကြီးမှာ ဝတ်ရုံနက်များ၏ စကားကြောင့် အလွန်ဒေါသဖြစ်ကာခုန်လွှားကာဝတ်ရုံနက်တစ်ယောက်ကို လက်ဝါးဖြင့် ရိုက်ချပစ်လိုက်သည်။



'အား'

သို့သော် တကယ်လဲကျသွားသူမှာ ရွာခေါင်းကြီးပင်ဖြစ်၏။

'သတ်ကွာ'

'ခုတ်ကွာ၊ ခုတ်'

ပါလာသော လက်နက်ကိုင် ရွာသားတစ်ယောက်သည် အော်ဟစ်ပြေးလွှား၍ တိုက်ခိုက်တော့သည်။

သူတို့ဓားသုံးလက်သည် တစ်ပြိုင်တည်းပင် ဓင်ရော်သုတ်သကဲ့သို့ ထိုးကျသွားသည်။

သို့တစေ ဝတ်ရုံနက်များက ရွာသားများထက် လျင်လှသည်၊ သူတို့ခါးမှ ဓားများသည် လိပ်ပြာတောင်ပံ့ဝဲသကဲ့သို့ ပျံထွက်လာကာ ရွာသားများ၏ဓားသုံးလက်အား မိုးခုတ်ချလိုက်လေသည်။

'ချွမ်း ချွမ်း ချွမ်း'

'အား....အား'

ရွာသားနှစ်ဦးမှာ ကြမ်းပြင်ပေါ်သို့ လိမ့်ဆင်းသွားရလေတော့၏။ သွေးများက ကြမ်းပြင်တစ်ခွင် ကြည့်မကောင်းလေတော့၏။

ဝတ်ရုံနက်များက အရက်ခွက်များကို တစ်ပြိုင်တည်း မြှောက်လျက် မော့သောက်လိုက်သည်။ ပြီး တစ်ပြိုင်တည်း ထလိုက်ကြသည်။

ထို့နောက် ရွာခေါင်းကြီးအား ဝတ်ရုံနက်တစ်ဦးကဆွဲထူလိုက်ကာ....

'ကဲ....ကျုပ်တို့ဘောင်းဘာ အမြန်ဆုံးလုပ်ပေးဖို့ ရွာသားတွေကို သွားပြော လိုက်'

လူဝကြီးလည်း....

'ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါ'

ဟု ပြောလျက် ဆိုင်အပြင်သို့ ပြေးထွက်လေတော့၏။

ဝတ်ရုံနက်များမှာ ရွာခေါင်းကြီးအားစောင့်ရင်း အရက်သောက်နေစေသည်။ တစ်ရွာလုံး မည်သူမျှမလာကြတော့သည်။

တစ်ရွာလုံး တိတ်ဆိတ်နေကြ၏။ ဤတွင် တဖြည်းဖြည်း မှောင်ရိပ်များ လွှမ်းမိုးလာခဲ့သည်။

'ဝုန်း ဝုန်း ဝုန်း'



တစ်ဆိုင်လုံးမှာ တဝုန်းဝုန်းမြည်ကာ စားပွဲထိုင်ခုံများကျိုးပျက် လွင့်စဉ်ကုန်၏။

'ဟော့....ဘာဖြစ်နေတာလဲ'

ရုတ်တရက်ထူးခြားသောအသံများက ပေါ်ထွက်လာလေသည်။

ဝတ်ရုံနက်များက ဒေါသတကြီးဖြင့်....

ဘယ်သူလဲ၊ ဘယ်ခွေးလဲ'

'ဝုန်း'

ရုတ်တရက် လင်းယုန်တစ်ကောင် ထိုးဆင်းလာဘိသကဲ့သို့ ရသေ့ငယ်တစ်ပါး ပြတင်းပေါက်မှ ထိုးဝင်လာသည်။

ဝင်ရောက်လာသူက ဒေါက်ချာနှင့် ရသေ့ငယ်တစ်ပါး။

'ဟာ....ရသေ့စုတ်ကလေးပါလား'

ထိုကဲ့သို့ ဝတ်ရုံနက်တစ်ဦးက ပြောလိုက်စဉ်မှာပင် နောက်ထပ်ရသေ့ငယ်တစ်ပါးသည် အခြားပြတင်းတံခါးမှဝင်ရောက်လာပြန်သည်။

'ဒုန်း'

'ခွေးကောင်တွေ ဒေသရဲ့ ငြိမ်းချမ်းရေးကို ဖျက်ချင်တဲ့ သတ္တဝါတွေ'

ဒုတိယဝင်ရောက်လာသော ရသေ့ကလေးက ပြောလိုက်သည်။

သူကိုင်ထားသော တောင်ဝှေးဖြင့် ကြမ်းပြင်ကို ဒုန်းခနဲ ထိုးချလိုက်သည်။

'ရသေ့တွေ ဘာလာရှုပ်တာလဲ၊ ကိုယ်နဲ့မဆိုင်တဲ့လုပ်ငန်းကို ဝင်မရှုပ်နဲ့'

ဝတ်ရုံနက်ခေါင်းဆောင်က ပြောလိုက်သည်။

'မင်းတို့ဟာ စင်ကျန့်ရဲ့ ငြိမ်းချမ်းသာယာတဲ့ လောကကို ဖျက်ဆီးဖို့ရောက်လာတဲ့ မိုက်သားတွေ၊ မင်းတို့ အမြန်ပြန်ထွက်မလား၊ အသေခံကြမလား'

မထေမရသေ့လေးက မေးလိုက်ရာ ဝတ်ရုံနက်များက တဟားဟား ရယ်လိုက်ကြသည်။

'ရသေ့တို့က ဘယ်သူတွေလဲ'

ဝတ်ရုံနက် ခေါင်းဆောင်က မေးလိုက်သည်။

'ငါတို့က မိုးဘုရင်တောင်က ရသေ့ကွမ်ချင်း၊ သူကအရှေ့တောင်ရသေ့ ဖေ့ချင်း'



ဝတ်ရုံနက်ခေါင်းဆောင်က သူ၏ဓားဖြင့်ညွှန်ကာ....

'ကဲ....ရသေ့နှစ်ပါး ဈာန်မကစားနိုင်အောင် သတ်လိုက်ကြစို့လား အရိုးဖြူတွေရေ'

ဝတ်ရုံနက်များသည် ဓားများကို တစ်ပြိုင်တည်း မြှောက်ကာ ရသေ့နှစ်ပါးအား တိုက်ခိုက်လိုက်သည်။

'ချွမ်း....ချွမ်း....ချွမ်း'

'ဗလန်း....ဒလန်း'

ရသေ့ငယ်နှစ်ပါးက မရှောင်ပေ၊ သူတို့၏တောင်ဝှေးများကို မြှောက်လိုက်ကြသည်။

တောင်ဝှေးများမှာ နဂါးတစ်ကောင်ပမာ တွန့်လိန်လျက် ဝင်လာသောဓားများကို လျှပ်တစ်ပြက် ရိုက်ချလိုက်သည်။

'ချွမ်း'

'အား'

ဝတ်ရုံနက် သုံးလေးဦး ကြမ်းပြင်ပေါ် လိမ့်ဆင်းသွားသည်။

ထိုစဉ် ဝတ်ရုံနက် ဓားသမားများသည် တစ်ပြိုင်တည်း အော်ဟစ်လိုက်၏။

'ယား'

'အိုး'

'ဒုန်း....ဒုန်း'

ယားခနဲအော်ဟစ်ကာပြေးဝင်၍ ရသေ့ငယ်လေးနှစ်ပါးအား တိုက်ခိုက်ရာက ရုတ်တရက် ရသေ့နှစ်ပါးစလုံး ဆိုင်ထဲမှပျောက်ထွက်သွားပြီး ဝတ်ရုံနက်နှစ်ဦး ကြမ်းပြင်ပေါ် လဲကျသည်။

ဝတ်ရုံနက်လူဆိုးများသည် ဟိုဟိုဒီဒီ ကြည့်သော်လည်း ရသေ့နှစ်ပါးအား မတွေ့ရသဖြင့် ခေါင်းဆောင်က....

'ပြေးပြီ ထွက်ပြေးပြီ

'မပြေးပါဘူး၊ ငါတို့ဒီမှာပါကွ'

ဝတ်ရုံနက်များ တစ်ပြိုင်တည်းမော့၍ကြည့်လိုက်ရာ စားသောက်ဆိုင်၏ အမြင့်ဆုံးထုပ်တန်းပေါ်တွင် တောင်ဝှေးကိုယ်စီထမ်း၍ ထိုင်နေသောရသေ့နှစ်ပါးအား တွေ့လိုက်ရသည်။

'ယား'





ဝတ်ရုံနက်ခေါင်းဆောင်နှင့် ဝတ်ရုံနက်များက လွှား၍ ခုန်တက်လိုက်ကြသည်။

သူတို့၏ဓားများကို လေထဲဝင့်ကာ ရသေ့နှစ်ပါးကို တိုက်ခိုက်သည်။

'ထန်း ထန်း'

'ဝုန်း ဝုန်း'

'အား အား'

ရသေ့ငယ်များက မည်သို့ပြန်လည်တိုက်ခိုက်ကြသည်မသိ။

ဝတ်ရုံနက်လူဆိုးများ ကြမ်းပြင်ပေါ်သို့ တစ်ဘုန်းဘုန်း ပစ်ကျလေတော့သည်။

ဝတ်ရုံနက်လူ သုံးဆယ်ဦးအနက် သုံးဦးသာလျှင် ကျန်တော့သည်။ ရသေ့နှစ်ပါးသည် ခုန်လွှား၍ဆင်းလာကာ...

'လူမိုက်တွေ၊ ခွေးတွေ မင်းဘို့ထွက်သွားကြ၊ မထွက်ရင် ငါတို့ တစ်ယောက်မကျန် သတ်မိတော့မယ်'

ရသေ့ကလေးနှစ်ပါး၏ စကားကြောင့် ဝတ်ရုံနက်များသည် သူတို့၏ဒဏ်ရာ ရထားသော လူဆိုးများကို ထမ်းကာ ဆိုင်အပြင်သို့ ထွက်လာကြလေသည်။

'ဟိတ် ရသေ့ပေါက်စလေးတွေမင်းတို့ကြပ်ကြပ်သတိထား'

ဟိုအသံနှင့်အတူ ဝတ်ရုံနက်များသည် မြင်းများကို တရကြမ်းစီးကာ ထွက်သွားတော့သည်။

ထိုစဉ် စင်းဟို့ရွာသားများ ဆိုင်အတွင်းသို့ ရောက်လာကြသည်။

သို့သော် ရသေ့ကလေးနှစ်ပါးအား မတွေ့ရတော့။

* * *



ဒုတိယနေ့ နံနက်စောစောတွင် စင်းဟို့ရွာခေါင်းကြီးနှင့် ရွာသားများသည် မိုးဘုရင်တောင်ကြီးပေါ် ခြင်းတောင်းကြီးများထမ်းကာ တက်သွားကြသည်။

လမ်းခရီးတစ်ဝက်ရှိ ကျောက်တိုင်ကြီး နှစ်တိုင်ပေါ်တွင် ရသေ့ရုပ်တုကြီးများအနီးသို့ ရောက်လာသည်နှင့် လှုပ်ရှားလာကာ အသံကြီးတစ်သံပါ ကြားလိုက်ရသည်။

'ဟူး ဟူး ဟူး'

ရသေ့ရုပ်များထံမှလေပြင်းကြီးများတိုက်ခိုက်လာကာ ရွာသားများ ထမ်းလာသော ခြင်းတောင်း ကြီးများသည် ကောင်းကင်ပြင်သို့ လွင့်စဉ်ကာတက်သွားလေသည်။

'ဟာ ဟိုခြင်းကြီးတွေ'

ရွာသားများက အော်လိုက်စဉ်မှာပင် ခြင်းကြီးများသည် တောင်ထိပ်ပေါ်သို့ တလွင့်လွင့်တက်သွားတော့သည်။

'ဝုန်း'

ရုတ်တရက် ကျောက်ရုပ်များသဖွယ်ရှိနေသော ရသေ့ကြီး နှစ်ပါးသည် ရွာသားများထံ ခုန်ဆင်းလျက်....

'ငါတို့က မင်းတို့ပင်ပန်းမှာစိုးလို့ လေနဲ့မှုတ်ပြီး တောင်ပေါ်ကို ပို့လိုက်တာပါ'

ရသေ့တစ်ပါးကပြောလိုက်ရာ စင်းဟိုရွာသူကြီးက လက်အုပ်ချီလျက်....

'တပည့်တော်တို့က လာပြီးကန်တော့တာပါဘုရား၊ ဒါပေမယ့် မနေ့ကလာတဲ့သတ္တဝါတွေဟာ မကြာမီ အဖျက်လုပ်ငန်းတွေနဲ့လာဦးမှာပါဘုရား'

မိုးရသေ့လေးက—

'ဟား ဟား ဟား အလွန်အေးချမ်းသာယာတဲ့ ဒေသကိုနောက်ထပ်လာဖျက်ချင်၊ ကြီးစိုးချင်တဲ့ သတ္တဝါတွေလာပါစေ၊ ဒီတစ်ကြိမ် သူတို့ကိုပညာပေးလိုက်တာပဲရှိသေးတယ်၊ နောက်တစ်ကြိမ်ပညာပေးရရင် ငါတို့ပညာပေးတာ မရှိတော့ဘူး၊ သူတို့ကို မညာထက်ဝက်ပါတောင်က မရဏချောက်ထဲကို ပို့ပစ်ရမယ်ကွယ်တို့'

စင်းဟိုရွာကြီးနှင့် ရွာသားများက ဒူးထောက်လက်အုပ်ချီလျက်....



'အလွန်ကျေးဇူးကြီးလှပါတယ် ဘုရား၊ ရိက္ခာဆွမ်းခံကြွမြန်းခြင်းထက် တပည့်တော်တို့က တစ်ပတ်တစ်ခါ အမြဲလာပြီး ကန်တော့ပါ့မယ်ဘုရား'

'သာဓု သာဓု သာဓု'

ရသေ့နှစ်ပါးသည် ချီးကျူးစကား ပြောလိုက်ကြပြီး တောင်ထိပ်ပေါ်သို့ တောင်ပံကြီးများ ဖြန့်သကဲ့သို့ သင်္ကန်းများကို ဖြန့်ကာလှမ်းတက်သွားလေတော့သည်။

ယင်းအဖြစ်အပျက်မှာ လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်က ဖြစ်လေသည်။

ထို့နောက် ဒုစရိုက်ဂိုဏ်းသားများမှာ ရသေ့ကြီးများ၏ အကြောင်းကြားတိုင်း ထွက်ပြေးသွားကြသည်က များလေဘော့သတည်း။

အရှေ့တောင်ရသေ့ကြီး ဖေ့ချင်သည် ခပ်စောစောကပင် သူ၏ တောင်နီတောင်ပေါ်မှနေ၍ မိုးဘုရင်တောင်ဆီသို့ ကြည့်ရင်းက သိုင်းလေ့ကျင့်ခြင်းများကို လေ့ကျင့်နေခဲ့သည်။

ထို့နောက် တစ်ဖက် မိုးဘုရင်တောင်ဆီသို့ ကြည့်လိုက်ရာ အဖြူရောင်အရိပ်တစ်ရိပ် ပြေးလွှားနေသည်ကို တွေ့လိုက်ရသည်။

သေသေချာချာ အဝေးကြည့်မျက်လုံးဖြင့် ကြည့်လိုက်ရာ မိုးဘုရင်ရှေသေကြီး ကွမ်းချင်း၏ဘာပည့် နဂါးလေးကျန်းလီ တောင်ပေါ်သို့ ပြေးတက်နေသည်ကို တွေ့ရသောကြောင့် အစားကောင်း အသောက်ကောင်း စားရတော့မည်ကိုသိ လိုက်သည်။

ထို့ကြောင့် လမ်းတစ်ဝက်ရှိ လေးကွက်ကျောက်ဆောင် ပေါ်မှ စောင့်နေခဲ့ခြင်း ဖြစ်သည်။

ထိုအခိုက် တောထဲမှ ငယ်စဉ်ကတည်းက ကောက်ယူ မွေးခဲ့သော ဇာနူခေါ် မျောက်ကလေးသည် ကြောင်ကြီး တစ်ကောင်ကိုဆွဲ၍ တကွိကွိ အော်လိုက်သည်။

ကြောင့်ကြီးမှာ လတ်လတ်ဆတ်ဆတ် သေနေပြီဖြစ်သော ကြောင်ကတိုးတစ်ကောင်ဖြစ်သည်။

ထို့နောက် အလျင်အမြန်ယူကာ အတွင်း အိတ်ထဲသို့ ထည့်လိုက်စဉ် ဇာနူကလည်း သူ့ကိုယ်ပေါ်ရှိ အညိုရောင် သင်္ကန်းကြီးထဲသို့ တိုးဝင်သွားခဲ့သည်။

သည်နောက် မိုးဘုရင်တောင်ထိပ်ဆီ မိုင်တစ်ထောင် မြေ လှမ်း ကိုယ်ဖော့အားသုံးကာ လာခဲ့ခြင်းဖြစ်သည်။



ရှေသေကြီးနှစ်ပါးက မွှေးကြိုင်လှသော ကြောင်ကတိုး ကင်အား စားရင်းက နဂါးလေးကျန်းလီ ဝယ်ယူခဲ့သည့် မျောက်ဦးနှောက်အရက်ကို သောက်ရင်းက ဇိမ်ခံတွေ့လျက် ရှိနေကြသည်။

စားပွဲပေါ်တွင်ကား ခေါက်ဆွဲကြော်နှင့် ဝက်အူချောင်း အားသားပေါင်းချို တစ်ခွက်အပြင် နဂါးလေးကျန်းလီရှာထား သော ကြော်ထားသည့် တောကြက်သားကြော် ကိုလည်း မွှေးကြိုင်စွာ တွေ့နေရသည်။

မီးဖိုကြီးဘေးတွင် နဂါးလေးကျန်းလီရှိသည်၊ သူဝယ်ယူ ခဲ့သော ဟင်းလျာများကို နောက်တစ်နေ့အတွက်ကြော်ချက် ထားရန် ပြင်ဆင်လျက်ရှိနေသည်။

မီးဖိုပေါ်မှ ရေနွေးအိုးကြီးမှာလည်း အငွေ့ တထောင်း ထောင်းထွက်ကာ ဆူပွက်နေရာ ကျန်းလီက လက်ဘက် ခြောက်များကို ကြွေအိုးကြီးထဲထည့်ကာ ရေနွေးများထည့်၍ အသင့်ပြင်ထားလိုက်သည်။

လက်ဖက်ရည်ကြမ်းနှင့် အချိုပွဲများကလည်း အသင့်ဖြစ် နေသည်။

ရသေ့ကြီးနှစ်ပါးသည် စားသောက်နေရာက တော်တော်နှင့် မပြီးနိုင်ချေ။

စားသောက်ပြီးလျှင် အချိုပွဲနှင့် လက်ဘက်ရည်ကြမ်းအိုးပန်းကန်လုံးများကို ကျန်းလီကလာ၍ စားပွဲပေါ် တင်ထားလိုက်သည်။

အရှေ့တောင်ရသေ့ကြီး ဖေချင်က....

'နဂါးလေးကို ခင်ဗျားရဲ့ သိုင်းပညာတွေ အပြည့်အစုံ သင်ပေးပြီးပြီလား'

ကွမ်ချင်းက ခေါင်းကိုအသာအယာခါရင်း....

'အားလုံး မပြည့်စုံသေးပါဘူး၊ နောက်ထပ် တစ်နှစ်လောက်ဆိုရင် ကျုပ်ရဲ့သိုင်းပညာတွေ အပြည့်အစုံ သင်ပြီးသွားမှာပါ၊ ခင်ဗျားထဲကလဲ အကောင်းဆုံးတိုက်ကွက်တွေကို သင်ပေးလိုက်ပါဗျာ'

'စိတ်သာချ၊ ကျုပ်တတ်ထားတဲ့ တိုက်ကွက်တစ်ထောင်ထဲက ဆံနက်လက်နက်ဆန်းကွက်တွေကို သူ့ကို သင်ပေးဖို့ စိတ်ကူးထားပါတယ်၊ ဆံနက်လက်နက်ဆန်းကို ကျုပ်ကလွဲရင် ယကွန်ကြီး တစ်ယောက်ကတော့ နည်းနည်း ပါးပါး သုံးတတ်တာတွေ့တယ်၊ သူကတော့ လူသတ်သမား သတ်



သက်ဆိုတော့ သူ့ကို မိစ္ဆာသိုင်းဘုရင် ဝမ့်တာမိုးက သုံးနေတာပဲ'

'သိုင်းသမားတွေဟာ သိုင်းပညာကို ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်အတွက်မသုံးဘဲ တစ်လွဲဆံပင်ကောင်းနေတယ် ကျုပ်ကတော့ အဲဒီလူတွေကိုသိပ်ရွံတယ် ဒါကြောင့်လဲတောင်ပေါ်ကမဆင်းချင်တာဘဲ'

'[illegible]ဗျို့ တောင်မြောက် အနောက်ကိုယ်တော်ကြီးတွေတော့ အခုထိလမ်းမှာစောင့်တုန်းပဲ'

'သူတို့မလာတော့ပါဘူး'

'ကျုပ်ကခင်ဗျားလို အဖော်ကောင်းတပည့်မရှိတော့ပျင်းတယ်ဗျာ'

'ဟဲ ဟဲ ဟဲ ခင်ဗျားရဲ့ဇာနည်ရှိသားပဲ'

'ဒီအကောင်က တောလိုက်တာကလွဲရင် အိပ်နေတာကများပါတယ် မိုးကြီးရာ'

ထိုသို့ပြောရင်း အရှေ့ဘောင်ရသေ့ကြီး ဖေချင်သည် ပြတင်းတံခါးမှ လှမ်းထွက်သွားလေတော့သည်။

နဂါးလေးကျန်းလီသည် ကျေးဇူးရှင်ရသေ့ကြီး ကွမ်ချင်း ခေတ္တခဏအညောင်းဆန့်၍ အိပ်စက်ရန် ခုံတင်ပေါ်လှဲလိုက်

သည်နှင့် အလိုက်သိသောတပည့် ပီပီ ခုံတင်ပေါ် ခုံနံ့တက်ကာ ကွမ်းချင်းအား ခြေဖဝါးမှစပြီး နှိပ်နယ်ပေးလိုက်သည်။

ဤသည်မှာ နိစ္စဒူဝအလုပ်မင်ဖြစ်သည်၊ ကျန်းလီက ဆရာ ကွမ်းချင်းအတွက် ညှနှိုပြန့်သောအိပ်ရာခင်းများ အသင့်ပြင်ဆင်ပေးထားခဲ့သည်။

သူ မိုးဘုရင် ကွမ်းချင်းထံမရောက်မီက သူဘဝမှာ အလွန်ပင် အဖြစ်ဆိုးခဲ့လေသည်။

ကျန်းလီက ကွမ်းချင်းအား နှိပ်နယ်ပေးရေးကပင် သူဘဝ အကြောင်းကို ပြန်လည်မြင်ယောင်နေမိသည်။

* * *



'ငိုစမ်းကောင်လေး၊ ငိုစမ်း'

ကျန်းယုံအား သူ့အဒေါ် ရှုမိန်ဆိုသူက အဘင်းငိုနိုင်း၏။

ကျန်းလီ မျက်ရည်မကျပါ၊ မျက်ရည်တစ်စက်ကလေးမျှ မကျသည်ကို အဒေါ်လုပ်သူက လုံးဝမကြိုက်၊

'ငိုလိုက်ကွာ၊ ငိုလိုက်'

ကျန်းလီသည် ယခုမှပင် သူ၏ဖခင် ရွှေနဂါး ယုရှောင် ဆိုခြင်းနှင့် သူဖခင်အားသတ်သူများအကြောင်း သူမိခင် သေရသည့်အကြောင်းများကိုကြားရာ၍ မျက်ရည်များ ပိုးပိုး ပေါက်ကျလာရလေသည်။

'ဟော နဂါးလေး ငိုပြီ ငိုပြီ'

အသုဘလာသောလူက ပြောသည်။

အဒေါ်လုပ်သူက....

'ဟဲ့ကောင်လေး တအားငို ငို ငို'

ကျန်းလီ တအားအော်၍မငိုသော်လည်း အသံထွက်အောင်တော့ ငိုသည်။

အသုဘအခမ်းအနားတွင် ငိုမည့်သူကတော့ရှိရမည် မဟုတ်ပါလား။ အခုတော့ ကျန်းလီ ငိုမပြီ'

'အမေ အမေ အမေ'

သူ့အမေမှာလုံးဝမကြားတော့။

'အမေသေပြီ ဟုတ်လား၊ အမေ'

အမေ၏အလောင်းသည် လှုပ်ရှားခြင်းမရှိတော့ချေ။

'အမေရေ၊ ကျွန်တော့်ကို တစ်ယောက်တည်း ထားခဲ့တော့မှာလား၊ အမေ'

ကျန်းလီသည် တကယ်တော့ စကားကို ပီသအောင်ပင် မပြောတတ်သေးလင့်ကစား ထိုကဲ့သို့ပင် မပီတပီတော့ပြောနိုင်လေပြီ၊

အသုဘလိုက်ပို့သော ရွာသားများအားလုံးမှာ ဆင်းရဲသော နဂါးလေး ကျန်းလီ၏မိခင် ချင်းချင်းအဖြစ်အပျက်



ကိုသိကြသဖြင့် အလွန်သနားကြကာ တစ်ရွာလုံးပင် လိုက်ပို့ကြသည်။

ကျန်းလီ မိခင်အလောင်း မြေကျင်းထဲသို့ ချပြီးချိန်တွင် နဂါးလေးကျန်းလီမှာ ပို၍ပင်အော်ဟစ်ငိုလိုက်လေသည်။

'အမေရေ အမေရေ'

'ညီမ ချင်းချင်းရေ၊ ညီမကံဆိုးသူလေးရယ်၊ အမယ်လေး နင်က လိုချင်တယ်ဆိုလို့ ငါကထည့်လိုက်တာဟဲ့၊ အခုတော့ ငါ့အပြစ်နဲ့တောင် မကင်းပါလားဟင်'

အဒေါ်လုပ်သူကလည်း ပြောပြောဆိုဆို အော်ငိုလိုက်လေသည်။

ဤသို့နှင့်ပင် နဂါးလေးအဒေါ် ရှုမိန်အား ရွာသားများ ရွာသူများအပြင် ဒေါ်ရှုမိန် ယောကျ်ားလုပ်သူက ခေါ်လာခြင်းဖြင့် အသုဘအခမ်းအနားမှာ အဆုံးသတ်သွားလေတော့သည်။

ထိုနေ့မှစ၍ အဒေါ်လုပ်သူသည် မျက်နှာမပေးခဲ့၊ အိမ်တွင်းကိစ္စများခိုင်းခဲ့သည်၊ အဒေါ်ရှုမိန်ယောက်ျားမှာ ဝက်

တစ်ကောင်ကဲ့သို့ ဖြီးအိပ်တတ်သူ ဖြစ်သည်၊ အလုပ်ဖိဖိစီးစီး မလုပ်၊ သို့သော် ကျန်းလိကိုတော့သူကခင်သည်။

'မင်းအတွက် ငါ ခွေးကောင်းကောင်းတစ်ချောင်းလုပ်ပေးမယ်၊ မင်း အဖေကို သတ်တဲ့ ကောင်တွေကို အဲဒီခွေးနဲ့ ခုတ်သတ်ကွ ကြားလား'

ကျန်းလီရဲ့အဒေါ် ရှမိန်ရဲ့ ယောကျ်ားက ပြောသည်။ ရွာ ပန်းပဲဘုတ် ကြော်ငြာဆိုင်းဘုတ်လေး တစ်ခုရှိသည်။

ထိုဆိုင်းဘုတ်ကလေးမှာ....

ဂက်ဝီသန်းပဲလုပ်ငန်း

ခွေးကောင်းသန့်သန့်ရမည်။

တစ်နေ့တွင်လူတစ်သိုက်ရောက်လာသည်၊ သူတို့လူတစ်သိုက်မှာ စုစုပေါင်း ငါးယောက်ဖြစ်ပြီး မြေပြင်မှ လူများမဟုတ်ကြောင်း ဝတ်စားဆင်ယင်ပုံက သိသာလှသည်

ခေါင်းဆောင်လုပ်သူက ခြံဝင်းတံခါးကို မြေသော့ဂက်မှ သားရေဖိနပ်ဖြင့် ဆောင့်ကန်ဖွင့်လိုက်သည်။



ဟေ့....ဂက်ဝီကြီး မထသေးဘူးလား'

အချိန်မှာနေ့လယ်အချိန်။

အိပ်မက်ကောင်းမက်နေတဲ့ ဂက်ဝီမှာ ဝုန်းဟူသော အသံကြောင့် လန့်နိုးသွားရလေသည်။

'အခိန့်ရှိပါ ကျွန်တော်ဘာလုပ်ပေးရမလဲ'

ခေါင်းဆောင်လုပ်သူက မျက်လုံးပြူးကြီးများဖြင့် ...

'ဓားကောင်းတစ်လက် အမြန်လိုချင်တယ်၊ လုပ်ပြီးသား ရှိရင်အခုရောင်းပါ'

'ဟာ လုပ်ပြီးသားမရှိပါဘူး'

ဒါဖြင့် ဘယ်လောက်စောင့်ရမလဲ'

'ဓားကောင်းဆိုရင် တစ်ပတ်လောက်တော့ စောင့်ရမယ် ခင်ဗျ၊ ကျွန်တော့်ကို တစ်ပတ်လောက်အချိန်ပေးပါ'

ခေါင်းဆောင်က သူ့နောင်သားတစ်ယောက်ကို ခေါ် လိုက်ပြီး ....

'တစ်ပတ်စောင့်ရမှာတဲ့၊ အဲဒီတော့ ဒီမြို့ကလေးမှာ မှခင်းစောင့်ကျန်ခဲ့ ပြီးရင် ခါးကိုယူပြီးပြန်ခဲ့'

'ဟုတ်ကဲ့ပါ ခေါင်းဆောင်ကြီး'

'တို့က စရံငွေဘယ်လောက်ပေးရမလဲ၊ ဓားတစ်ချောင်းရှိတန်ဖိုးလဲ ပြောပါဦး'

'ဓားတစ်ချောင်းဟာ တကယ်လုပ်ရင် တကယ်ကြာပါတယ်'

'စရံငွေဘယ်လောက်ပေးရမလဲ'

'စရံငွေတစ်ထောင်ပေးခဲ့ပါ'

'ကောင်းပြီ အမြန်လုပ်နေမှတော့၊ ခင်ဗျားကတိပျက်ရင်သေပြီနေ'

'ဟုတ်ကဲ့ ကောင်းပါပြီ'

ခေါင်းဆောင်သည် သူ၏အတွင်းအိတ်ထဲမှ ငွေသားများကိုထုတ်ယူကာ ရေတွက်ပြီး စားပွဲပေါ်သို့ တင်ပေးလိုက်ပြီး...

'တို့က ငွေကိုပဲသုံးတယ်၊ ကျေနပ်ရဲ့လား'



'ဟုတ်ကဲ့ ကျေနပ်ပါတယ်၊ အပ်သူရဲ့အမည်နဲ့ နေရပ်ကလေးတော့ စာအုပ်ထဲမှာရေးသွားပါ'

ခေါင်းဆောင်က နှုတ်ခမ်းကို ခဲလျက်...

'ဟော သူရဲ လာပြီ တော့ရေးစမ်းကွာ တယ်ပြီးအလုပ်ရှုပ်ဘဲ့အကောင်'

'ထုံးစံပါခင်ဗျာ၊ ဓားဝယ်သူတိုင်း ယက်ဆိုင်ရာက ဒီဓားဝယ်သူဟာ ဘယ်သူလဲ့ဆိုတာ စစ်ဆေးကြည့်ပါတယ်'

'ဟား ဟား ဟား မင်းတို့အကောင်တွေကများ စစ်ဆေးကြည့်သေးသလား၊ သူတို့တွေ မသာလောင်းဖြစ်မှာ တော်တော်ကြောက်နေတယ်နဲ့တူတယ်'

ထိုစဉ် သရဲဆိုသောတပည့်က မှတ်တမ်းစာအုပ်ကိုလှန်၍ ဗိုပ်စာကိုရေးပေးလိုက်လေသည်၊ တောင်ပေါ် ဘီလူးမင်းစိန်၊ အရှေ့ဘက် မိုးကြိုးတောင် ဝက်ဝကြီးသည် ထိုလိပ်စာကိုတွေ့လိုက်ရသဖြင့် တုန်လှုပ်သွားရှာလေတော့သည်။

တောင်ပေါ်ဘီလူးမင်း ငူးစိန်သည် အလွန်မှက်စက်သော တစ်ဦးဖြစ်သည်။

အခွန်မပေးဆောင်သောကုန်သည်များကို တိုက်ခိုက်သည်၊

မိုးကြိုးတောင်သည် အချက်အချာကျလှသော နယ်ခြားပေါ်တွင်တည်ရှိပြီး ထိုတောင်ခြေမှသာ အခြားမြို့များသို့ သွားနိုင်ပြီး တောင်ပေါ်ဘီလူးမင်းဂိုဏ်းက အပိုင်စီးထား၏။

မိုးကြိုးတောင်သည် တောင်ငယ်များ ဝိုင်းရံထားပြီး၊ တောင်တန်းများက လက်ချောင်းများသဖွယ် အရပ်ရှစ်မျက်နှာသို့ ခွဲထွက်လျက် တောင်မှူးနှင့် ဆက်နွယ်နေသောကြောင့် တောင်ဘီလူးမင်းဂိုဏ်းအား ဖြိုခွဲဖမ်းဆီးရန်လာသော နယ်ခြားတပ်များမှာ ဂိုဏ်းသားတစ်ဦးတစ်လေပင် ရှာမတွေ့ဘဲ ပြန်ကြရသည်သာဖြစ်တော့၏။

တောင်ဘီလူးမင်းတို့သည် စရိတ်ပေးကာ ပြန်ထွက်သွားကြသည်၊

သူတို့စီးလာသောမြင်းမှာ မြင်းကောင်းများဖြစ်သလို သဲမှုန်ကလေး တစ်မှုန်ခွင်းသလိုပင် မြင်လိုက်ရလေသည်။

ထိုအခိုက် နဂါးလေး၏အဒေါ် ဒေါ်ရှုမိန်ရောက်လာ၏၊

'ဟဲ့ ဖြိုတ္တာကြီး ဘာမှိုင်နေတာလဲ'



လိုအသံကြောင့် ဝက်ဝံကြီးမှာ ထိတ်လန့်သွားကာ ဆတ်ခနဲ သူ၏ကိုယ်ကြီးအား ဆန့်ထုတ်လိုက်လေသည်၊

စားပွဲပေါ်တွင်မူ တောင်ဘီလူးမင်းထားခဲ့သော ငွေသားစစ်များအား အစုလိုက်အပုံလိုက်တွေ့လိုက်ရ၏။

'ဒီငွေက အခုစရိတ်ရလိုက်တာ မဟုတ်လား'

'ဟုတ်တယ်'

နဂါးလေးအဒေါ် ရှုမိန်ကမေးလိုက်သဖြင့် ဝက်ဝံကြီးက ဖြေလိုက်၏။

'ပေးစမ်း အခုတစ်ခါ ဘော်တော်မျက်မျက်ကလေးရလိုက်ပါလား'

နဂါးလေးအဒေါ်က ငွေများကိုယူကာ အိတ်ထဲသို့ထည့်လိုက်သည်။

'အဲ့ဒီငွေဟာ သေမင်းကွ သေမင်း'

'ရှင်က ဒီလောက်များများစားစား ဒီတစ်ခါရတာကြောင့် ဝမ်းမသာနိုင်ဘဲ၊ ဘာသေမင်းနဲ့သည်းပြီး မှိုင်နေရတာလဲ'

'မင်းမသိပါဘူးကွာ'

'ရှင်ဟာ တစ်ခါမှ ဒီလိုမပြောဘဲ ဘာဖြစ်နေတာလဲ၊ ဝ ရှင်ကိုယ်တိုင် အလုပ်လက်ခံလိုက်တာမဟုတ်လား'

'ဟုတ်တယ်လေ၊ ဒါကြောင့် ငါလန့်နေတာ'

'ကြီးကျယ်လိုက်တာ၊ ပြောစမ်းပါ၊ ဘယ်သူ့မှာရှင်က လက်ခံထားလိုက်တာလဲ'

ဝက်ဝံကြီးသည် ဟင်းခနဲတစ်ချက် သက်ပြင်းချသျက်ပြော လိုက်သည်။

'မိုးကြိုးတောင်က ဘီလူးမင်း ဝူးစိန်ကိုယ်တိုင် လာသွား တယ်ကွ'

'ဘာ ဘီလူးမင်း'

နဂါးလေးကျန်းလီ အဒေါ်မှာ ဝက်ဝံကြီးစကားကြောင့် မယုံကြည်နိုင်အောင် မျက်လုံးပြူးသွားရပြီး မေးလိုက်၏။

'ဟုတ်တယ်၊ တောင်ဘီလူးမင်းနဲ့ တပည့်ပေါ့ မြားတောင် တစ်သက်အတွက် ငွေသုံးထောင်နဲ့ ငါကလက်ခံလိုက်တယ်၊



အခုစရံငွေတစ်ထောင်ပေးသွားခဲ့တယ်၊ တစ်ပတ်အတွင်း ပြီးစီးအောင် လုပ်ပေးရမယ်တဲ့'

'ဟုတ်လား၊ ရှင်လုပ်ပေးလိုက်ပေါ့ ပျင်းနေလို့တော့ဘယ် ဖြစ်မလဲ'

'ဟဲ့ မြားတောင်တစ်သက်ဆိုတာ တစ်ပတ်နဲ့ ဘယ်လို ပြီးမလဲ၊ တစ်လတောင်ပြီးမှာမဟုတ်ဘူး'

'နေ့ရောညရော ရှင်လုပ်နိုင်တာပဲ'

'နေ့ရောညပါလုပ်မှ တစ်လတောင်သိပ်ပြီး အရည်မမီချင် သေးဘူး'

'မြားထဲမှာ ဘာထည့်ရဦးမှာလဲ'

'ထည့်ရမှာပေါ့၊ တို့မှာ သံမဏိအကောင်းစားနဲ့ ရွှေမှုန် အနည်းငယ်ရှိတယ် မဟုတ်လား'

'ခက်တယ် ဒါတွေ ငပြီးနိုင်ဖို့မလွယ်ဘူး'

'ကျွန်မ ကြံရတယ်'

'ဘာအကြံလဲ'

'အိမ်အတွင်းမှာ ရှင့်အမေဖာ့ကိုယ်တိုင်ကိုင်တဲ့ ဓားဘစ်လက် ရှိနေတယ်မဟုတ်လား၊ ဒီဓားဟောင်းကိုပြန်သပြီးပေးလိုက်ရင် မဖြစ်ဘူးလား'

ဝက်ဝံကြီးကစဉ်းစားလျက်...

'ဘာလဲ ကျွန်မအကြံမကောင်းဘူးလား'

'မလုပ်ပါနဲ့ကွာ၊ တစ်နေ့တော့သိကုန်ပြီး တစ်အိမ်သားလုံး အသတ်ခံရလိမ့်မယ်'

သည်နောက် ဝက်ဝံကြီးသည် ခြေလှမ်းသွက်သွက်ဖြင့် အိမ်ဆီသို့ထွက်သွားသော် ဒေါ်ရှုမ်နှံ့က ငွေများရေတွက်ရင်း သူ့အိတ်ထဲပြန်ထည့်ကာ လိုက်သွားပါလေတော့၏။

* * *



ကျွဲသရဲဂိုဏ်း ရောက်လာခြင်း။

တူသံ ခေါ်သံများက ဝက်ဝံကြီးပန်းပဲဖိုတွင် ပဲ့ရှဆူညံနေသည်။

ကျွန်းလီသည် အသက်နှင့်မလိုက် ကျော့ဖိုဆွဲပေးရသည်။

အမှန်တော့ နဂါးလေးကျွန်းလီအဖို့ ကျောင်းနေရမည့်အရွယ်၊

သို့သော်မနေရပါ။

တကယ်တော့ ဝက်ဝံကြီးလုပ်ငန်းမှာ အမြဲကောင်းသည် မဟုတ်၊ စားရရုံသာရှိပြီး အဝက်ကိုအနိုင်နိုင်။

နဂါးလေးဘဝမှာ တကယ်တော့ စားရရုံ ဝတ်ရုံလေးသာ ရှိပြီး အလေးနှင့်မလိုက်အောင် ခိုင်းသမျှလုပ်နေရ၏။

ရက်သတ္တပတ်မပြည့်မီ ညဘက်တွင် မြင်းခွာသံများပေါ် ထွက်လာသည်။

အနက်နက်ဝတ်ထားသူ ဆယ်ဦးသည် ခြံထဲသို့ဝင်လာကြသည်။

ခေါင်းဆောင်ဖြစ်သူသည် ပန်းပဲဖိုအတွင်းဝင်လာသည်။

ဝက်ဝံကြီးသည် ခြေသံများကြောင့် ဖျတ်ခနဲမော့ကြည့်လိုက်ပြီး ထိတ်ခနဲဖြစ်သွားသည်။

ထိုအချိန်တွင် နဂါးလေးမှာ ပန်းပဲဖိုအတွင်း ခုံရှည်လေးပေါ်တွင် ခွေခွေလေးအိပ်ပျော်လျက်ရှိနေ၏။

'ကြွပါခင်ဗျာ ကြွပါ၊ ဘာများအလိုရှိပါသလဲ'

ဝက်ဝံကြီးက မေးလိုက်၏။

အဝတ်နက်ဝတ်ထားသူများအနက် အရပ်မြင့်မြင့်လူကြီးက လက်ပိုက်ထားသည်၊ မျက်နှာက ခပ်ဝိုက်ဝိုက်။

'ဘာအလိုရှိပါသလဲခင်ဗျာ'

'ဓား'

'ခင်ဗျာ ဓားအပိုမရှိပါဘူး၊ အချိန်ပေးရမှာပါ၊ သူများ အပ်ထားတာကို လုပ်ပေးနေရပါတယ်'

'အခု ဘယ်သူ့အတွက် လုပ်နေတဲ့ဓားလဲ'

'လူကြီးမင်းတစ်ဦးအတွက်ပါ ခင်ဗျာ'

'ပြီးပြီလား'

'ပြီးကာနီးပါပြီ'

'အခု တွေ့ရတဲ့ဓားလား၊ ပြီးကာနီးပြီ ဟုတ်လား၊ ဘယ်လောက်ကြာဦးမလဲ'

'ဆေးစိမ်ရုံပဲကျန်ပါတယ်'

'ကဲ... မြန်မြန်စိမ်လိုက်'

'ကျုပ်က ငွေလက်ခံထားပါတယ်၊ မနက်ဖြန် အပ်ရတော့မှာပါ'

'ငွေဘယ်လောက် လက်ခံထားသလဲ'

'စရံငွေတစ်ထောင်ပါဗျာ'

'ဘယ်လောက်ရဦးမှာလဲ'

'နှစ်ထောင်ထပ်ရမှာပါ'

'ဟား ဟား ဟား၊ ငါတို့က လေးထောင်ပေးမယ်၊ မြန်မြန်လုပ်စမ်း'



'သူ့ကို မပေးမဖြစ်လို့ပါ'

'ဘယ်သူလဲကွ၊ ရှင်းရှင်းပြောစမ်း'

'တောင်ဘီလူးမင်း ဝူးစိန်ပါ'

'ဟင်း — ဟင်း ငါတို့က သူ့ထက် တစ်ထောင်ပိုပေးထားပြီ၊ တို့စကားနားမထောင်ရင် ဓားချောမင်းအသက်ပါပျောက်သွားမယ်'

'သနားပါခင်ဗျာ၊ သူ့ဓားမရယင် ကျုပ်သေရမှာ'

'ဟေ့ ဘယ်သူက ဓားနီးသလဲ'

အဝတ်နက်ဝတ်သူ ခေါင်းဆောင်က ပြောလိုက်၏။

ဝက်ဝံကြီးက တဆတ်ဆတ်တုန်သွားသည်။ တောင်ဘီလူးမင်း ဝူးစိန်အား ပေးအပ်ရမည်ကို အဝတ်နက် ဝတ်သူများလက် အပ်ရတော့မည်။

မအပ်လျှင် သူသေမည်။

တောင်ဘီလူးမင်းထက် သူတို့ဓားကနီး၍ သူတို့ လက်ထဲကိုသာ ထည့်ရတော့မည်။

တောင်ဘီလူးမလာမီ အသက်ဘေးမှလွတ်ထွက်ရန်ကြံစည်နိုင်သေးသည်။

ထို့ကြောင့် အပြီးသတ်ဆေးစိမ်ကာ ထိုသူ၏ လက်ထဲသို့ အပ်လိုက်ရ၏။

'ဒီမှာ မင်းအတွက်ငွေလေးထောင်'

ခေါင်းဆောင်က ငွေအိတ်ကိုပေးလိုက်၏။

'ကောင်းတယ်၊ ဓားကောင်းတစ်လက်ပဲ'

ခေါင်းဆောင်က ပြောသည်။

'မြားအိမ်မရှိသေးဘူးလား'

'မရှိပါဘူး'

'မရှိလဲ အရေးမကြီးဘူး'

ထို့နောက် မြားကိုယူ၍ အလျှင်အမြန်မင် ထွက်သွားကြလေသည်။

'ဝက်ဝံကြီး အခု ရှင့်မြားကို ပေးလိုက်ရပြီမဟုတ်လား'

'အေး'

'ကောင်ဘီလူးမင်းက ရှင့်ဟာမကြဘူး ကျွန်မကိုပါ သတ်မှာပဲ'

'ဘယ်လိုလုပ်မလဲ'

ဝက်ဝံကြီးက မေးလိုက်သည်။

'ကျွန်မပြောသလို မကောင်းဘူးလား'

'ဘယ်လိုလဲ'

'လာတဲ့လူတွေရဲ့ပုံစံပြောပြီး မြားကို ယူသွားတဲ့အကြောင်းပြောရမှာပေါ့'

'ဘီလူးမင်းက လက်ခံမလား'

ဝက်ဝံကြီးက မေးလိုက်သဖြင့် နဂါးလေးအခေါ် ရှုမိန့်က ခေါင်းခါပြီး....

'ဒါတော့ ကျွန်မ မသိဘူး'

ဝက်ဝံကြီး ပို၍ထိတ်လန့်သွားကာ....

'မဖြစ်ဘူး ဒီညပဲ ပြေးကြမယ်'

'ဘယ်ပြေးမလို့လဲ'

'မြို့ပေါ်တက်ပြေးမယ်'



ဝက်ဝံကြီး၏ စီမံမှုအရ ညတွင်းချင်းပင် မြင်းရထား နှစ်စီးဖြင့် လိုအပ်သည်များကိုယူကာ ထွက်ပြေးကြတော့၏။

နောက်ဆုံးမြင်းလှည်းတွင် ပစ္စည်းများတင်လာသောလှည်းနှင့်အတူ ကျွန်းလီပါလာခဲ့သည်။

ယခု မြို့ကလေးနှင့် အဘော်လမ်းလှမ်း တစ်မောင်းတီးသံ ပေါ်ထွက်လာချိန်တွင် နောက်မှ လိုက်လာသော မြင်းခွာသံများကို ကြားလိုက်ရလေသည်။

## အခန်း ( ၂ )

ဝက်ဝံကြီးတို့၏မြင်းရထားနှစ်စီးအား နောက်မှလိုက်လာသော မြင်းစီးသမားအုပ်စုကမီလာပြီး မြင်းစီးသမားအချို့က လမ်းရှေ့မပိတ်၍ရပ်လိုက်ကြ၏။

ထို့ကြောင့်....

'ဟိတ် မြင်းရထားမောင်းတဲ့ကောင်တွေ'

မြင်းနီကိုစီးပြီး ဝတ်ရုံနက်ဝတ်ထားပြီး ဦးထုပ်ဆောင်းထားသူ၏အသံက ဟိန်းထွက်သွားတော့၏။မြင်းလှည်းမောင်းသူနှစ်ဦးလည်း အခြေအနေသိ၍ ပြေးဆင်းကာသွားတော့၏။



'ဟား ဟား ဟား'

'ဝက်ဝံကြီး မင်းတို့ပြေးလို့လွတ်မလားကွ'

'ဝုန်း'

မြင်းရထားတံခါးအားဖွင့်၍ မြင်းပေါ်မှ ဆင်းလာသည့် ခေါင်းဆောင်က ခြေထောက်ဖြင့်ကန်၍ဖွင့်လိုက်ရာ ရထားတွင်းမှ ပုတ်ကြီးလိမ့်ထွက်လာသကဲ့သို့ ဝက်ဝံကြီး မြေပေါ်သို့ လိမ့်ဆင်းကျလာလေတော့သည်။

'ကျွန်မကိုချမ်းသာပေးပါ'

လူဆိုးတစ်စုက ခါးကိုလုံသွားတဲ့အတွက် ကြောက်ပြီးထွက်ပြေးခဲ့တာပါ'

'ဘာလူဆိုးတစ်စုလဲကွ'

'ဟုတ်ပါတယ်သခင်ကြီး တောင်ဘီလူးမင်း ဝူးစိန် သူတို့အားလုံး အဝတ်နက်ဝတ်ပြီး ခမောက်ဆောင်းထားပါတယ်'

'ဟိတ် ငါလိုချင်တာ ခါးမဲ၊ ငါလိုချင်တဲ့ခါးကို တစ်ဦးဦးက လုယူသွားတယ်ဆိုရင် မင်းအသုံးမကျလို့ပဲ၊ ငါမင်းကို ဘာပြောထားသလဲ'

'ချမ်းသာပေးပါသခင်ကြီးရယ်'

'ဟိတ် ငါလိုချင်တာခါး၊ ခါးမရရင်မင်းအသက်ပေး'

'ရှမ်း'

'အမယ်လေးသခင်ကြီးရယ်မသတ်ပါနဲ့'

သို့သော်....

'ရှမ်း'

'ဒုတ်'

‘အား’

ထိုအသံမှာ ဘက်ဂံကြီး၏ ညည်းထွားလိုက်သံများပင်၊

ထို့နောက် ငြိမ်သက်သွားလေတော့သည်၊

နဂါးလေးကျွန်းလီသည် ပစ္စည်းတင်ထားသော မြင်းရထားအကွင်းရှိနေရာ တံခါးကို အသာဖွင့်ကြည့်လိုက်စဉ် မြင်၍မကောင်းသော သေဆုံးနေသည့် အစောင့်ဖြစ်သူ၏ အလောင်းနှင့် ဝက်ဝံကြီး၏ အလောင်းကိုမြင်တွေ့လိုက်ရ၏၊

‘ဒီ ကောင်လေးဟာ သူ့ဘိုသားလား’

‘သူကတုတကလေးပါ မနအမရှိဘူး’

‘ဟိတ် အပင်တူးရင် အမြစ်မချန် အညွန့်ပေါက်မယ်’

‘ထန်း’

တောင်ဘီလူမင်း ဝူးစိန်၏ဓားသည် ရှန်းကန်ထွက်သွားသည်၊

ထိုစဉ် အသံတစ်သံပေါ်ထွက်လာလေသည်၊

ထိုအခိုက် ...

‘မင်းလောက်သတ္တိမရှိ မိုက်မဲတဲ့ကောင်မျိုးငါမတွေ့ဖူးဘူး’

‘ငှန်း’



ထိုအသံနှင့်အတူ အသံကြီးတစ်သံနှင့်ပေါ်ထွက်လာကာ စွန်ကြီးတစ်ကောင် ဝဲဆင်းလာသကဲ့သို့ ရသေ့ကြီးတစ်ပါး သံပင်ကြီးတစ်ပင်နှင့်အမှ ဝဲဆင်းကာထိုးကျလာသည်။

‘ဘာ မိုးရသေ့ကြီး’

ထိုအခိုက်မှာပင် နယ်မြားစောင့်မြင်းတပ်များသည် အလျင်အမြန်ပြင်လာနေကြသည်မဟုတ်ပါလား။

## အခန်း ( ၁ )

မိုးဘုရင်ဘောင်ကြီးတွင်နေထိုင်သော မိုးရသေ့ကြီး ကွမ်ချင်း စောင့်ရှောက်ကာ လူလားမြောက်အောင် ပြုလုပ်ပေးမှုကြောင့် နဂါးလေးကျန်းလီအဖို့ တဖြည်းဖြည်းကြီးပြင်းလာခဲ့ရလေသည်။

ငယ်စဉ်ကတည်းကပင် ကွမ်ချင်းထံမှ သိုင်းပညာများသင်ကြားခဲ့ရလေသည်။ သူ့တစ်သက်တွင် တပည့်မရှာတော့ဟု ဆုံးဖြတ်ထားသော်လည်းနဂါးလေးကျန်းလီကျကာမှ သံယောဇဉ်တွယ်ကာ သူတတ်မြောက်ထားသော သိုင်းပညာများကို သင်ကြားပေးခဲ့၏။



ကျန်းလီအား နဂါးသက်သည်းဟူ၍ ရသေ့ကြီးက ဘွဲ့တစ်ခုတိုးပေးလိုက်၏။

နဂါးလက်သည်းကား လက်ချောင်းများချည်း အသုံးပြု ဟိုက်ဇိုက်ရသေသသိုင်းကွက်ဖြစ်ပြီး သိုင်းဂိုဏ်းများသုံးသော လက်သည်း လက်ချောင်းသိုင်းကွက်များထက် ဆန်းကြယ်၏။

ရသေ့ဖေချင်က နဂါးလက်သည်း ကျန်းလီအား သိုင်းပညာသင်နေစဉ်တွင် မိုးရသေ့ကြီးကွမ်ချင်သည် မနီးမဝေး ကျောက်ခုံကြီးပေါ်တွင်ထိုင်ကာ ကြည့်ရှုနေတတ်လေသည်။

'နဂါးလက်သည်း မင်းသတိထားပေတော့'

အရှေ့ဘောင်ရသေ့ကြီး ဖေချင်ကပြောလိုက်ပြီး သူ၏ စွဲကိုင်ထားသောဆံထုံးအား ခါထုတ်လိုက်လေသည်။

'ရှီး ဖြန်း'

'မြန်း မြန်း မြန်း'

ဆံပင်များသည် တဖြည်းဖြည်းရှည်ထွက်လာကာ အသံအချို့သည် ဆံပင်များကြားမှပေါ်ထွက်လာသေး၏။

'ဝိုး ဝှစ် ဝှစ်'

နဂါးလက်သည်းကျန်လီသည် လင်းယုန်မျက်လုံးသိုင်းများ ထဲက လင်းယုန်ကြည့်မျက်လုံးဖြင့်ကြည့်၍ သူ၏သက်များကို ဝှေ့ယမ်းဆန့်ထုတ်၍အသင့်ပြင်ထားလိုက်သည်။

သူ၏လက်ချောင်းများ ရှည်မျောထွက်လာပြီး လက်သည်းများလည်း ဓားများသဖွယ်ပေါ်ထွက်လာတော့၏။

အရှေ့တောင်ရသေ့ကြီး ဖေချင်ကမူ သူ၏ဆံနက်လက်နက်များအတွင်း နဂါးလက်သည်း ကျန်းလီ ရှိနေသည်ကို အားရကျေနပ်လျက်ရှိနေ၏။

'ဟား ဟား ဟား ဘာတတ်နိုင်သေးလဲ'

'ချောက် ချောက် ချောက်'

'ရှမ်း ရှမ်း'

နဂါးလေးကျန်းလီ၏ လက်ချောင်းမှ လက်သည်းများသည် ဓားသွားကဲ့သို့ ရစ်ပတ်ထားသော ဆံနက်များအား ထိုးဖြတ်ခွဲပစ်လိုက်သည်နှင့် ကျန်းလီ၏ကိုယ်မှာလည်း အဝေးသို့လွင့်မျောကာ မြေပေါ်သို့ ကျားသစ်တစ်ကောင်ပမာ ကျသွားလေတော့၏။

အရှေ့တောင်ရသေ့ကြီး ဖေချင်၏ ဆံနက်တိုက်ကွက်များမှ လွတ်မြောက်သွားသည့်တပည့်နှင့် ဆံနက်များ အရှေ့လိုက်ပြတ်ကျခဲ့ရသဖြင့် တရှူးရှူးဖြစ်နေသည့် ဖေချင်အား မိုးရသေ့ကွမ်ချင်က ကြည့်ကာ....

'ဟား ဟား ဟား ဒီတစ်ခါတော့ ခင်ဗျားရဲ့ဆံနက်တိုက်ကွက်ကကြိုးတစ်ချောင်းလောက်တောင် အသုံးမကျတော့ပါလား၊ အရှေ့တောင်ဆရာကြီးရဲ့'

အရှေ့တောင်ရသေ့ကြီး ဖေချင်သည်း သူ၏ဆံနက်တိုက်ကွက်များကို အသက်အောင့်၍ပြန်ရုပ်သိမ်းလိုက်ပြီး မိုးရသေ့ ဖေချင်အား ပြောလိုက်၏။

'ဟဲ ဟဲ ဟဲ ကျုပ်အတွင်းအားလျှော့သုံးပြီး လုပ်လိုက်လို့ ခင်ဗျား တပည့်သက်သာသွားတာပါ'



သူသည် အညိုရောင်သင်္ကန်းနီကြီး ပြန်၍ပြင်ဝတ်ကာ ရှက်ရှက်ဖြင့်ပြောလိုက်၏။

ထိုအခိုက် နဂါးလက်သည်းရောက်လာပြီး ဖေချင်အား ဂါရဝပြုလိုက်သည်။

'ဆရာသေ့ကြီးရဲ့ ဆံနက်တိုက်ကွက်များဟာ အလွန် ကြောက်စရာကောင်းပါတယ်၊ ကျွန်တော့်ဆရာမိုးရသေ့ကြီးရဲ့ လင်းယုန်မျက်လုံးသိုင်းကွက်ကလဲ အရှောင်ကောင်းတာမို့ အရှင်ရသေ့ကြီး ဆံနက်များနက လွတ်မြောက်ရတာပါ'

ထိုအခါ နဂါးလက်သည်းကပြောလိုက်သဖြင့် အရှေ့တောင်ရသေ့ ဖေချင်မှာ ကျေနပ်သွားပြီး ခေါင်းတဆတ်ဆတ် ညိတ်လျက်....

'နောက်တစ်လဆိုရင် ဆံနက်တစ်ထောင်ရဲ့တိုက်ကွက်တွေကို မင်းကောင်းကောင်း အသုံးပြုနိုင်ပြီ နဂါးလက်သည်း'

'ကျေးဇူးပါပဲ အရှင်ရသေ့ကြီး'

'ကျုပ်တပည့်ကအတတ်မြန်ပါတယ်၊ ခင်ဗျားကသာ တိုက်ကွက်ကောင်းတွေ သင်ပေးပါ၊ ကဲ အနားယူပါဦး'

ထိုသို့ မိုးရသေ့ကြီးကွမ်ချင်းက ပြောလိုက်ပြီး၊ ကျောက်ဖူကျောင်းထဲသို့ ဝင်ခဲ့ကြတော့သည်။

တပည့်ကောင်းပီသလှသော ကျန်းလီက ဆရာရသေ့ကြီးများအတွက် နံနက်စာစားသောက်ရန် ပြင်ဆင်ထားပြီးဖြစ်သည်။

မိုးရသေ့ကြီး ကွမ်ချင်းမှာ အရှေ့တောင်ရသေ့ကြီး ဖေ... ချင်တို့ စားသောက်နေစဉ်တွင် ဝုန်း ဝုန်းဟူသော ဘော... တစ်ဖက်ဆီမှ အသံများကြားလိုက်ရသည်။

ထိုစဉ်မှာပင် ဗိုး ဟူသောအသံနှင့်အတူ စွန်ငှက်ကြီး တစ်... ကောင် ထိုးဝင်လာသကဲ့သို့ ကျောက်ဖြူကျောင်းအတွင်း တို... ဝင်လာသည်။

ရောက်လာသူသည် လေးကွက်အင်း ကျောက်ဆောင်... အစောင့်တာဝန်ယူထားသော မြောက်ဘက်တောင်ရသေ့ကြီး... ကျိန်စမ်းပင်။

ကွမ်ချင်းကို ကျိန်စမ်းက အရိုအသေပေးရင်း....

'နတ်မီးဘောင်ဂိုဏ်းက တမန်တော်နှစ်ဦး ရောက်နေပ... တယ်၊ သူတို့ကို စကြဝဠာသိုင်းသမားကြီးက လွှတ်လိုက်... တယ်လို့ ပြောပါတယ်'

'အင်း....နတ်မီးဘောင်ဂိုဏ်းမှာ ခေါင်းဆောင် နတ်မီ... ဆရာကြီး ကွယ်လွန်သွားတဲ့အတွက် အစ်ကိုဖြစ်တဲ့ စကြဝဠာ... သိုင်းသမားကြီးက တာဝန်ယူ ထိန်းသိမ်းလိုက်တာနဲ့တူတယ်... သူတို့က ကျောင်းအင်းကွက်ထဲကို တိုးဝင်လာနိုင်သလား'

'ဒါဖြင့် သူတို့ကို ခွင့်ပြုလိုက်ပါ'

ကျိန်စမ်းက ၊ကွမ်ချင်းအား ဂါရဝပြုလိုက်၍လျှပ်တစ်ပြ... ခနဲထွက်သွားတော့သည်။



မကြာမီ တမန်တော်နှစ်ဦး ဆိုသူတို့သည် ကျောက်ဖြူ ကျောင်းတော်ရှေ့သို့ ရောက်လာတော့သည်။

ကျောက်ဖြူကျောင်းတော်ရှေ့တွင်မိုးရသေ့ကြီးက အစောင့် ချထားသော ကျန်းလီက ကျောက်ခုံတစ်ခုပေါ်က ဆင်း၍ တမန်တော် နှစ်ဦးအား ရင်ရှေ့လက်ထားကာ မေးလိုက်၏။

'မိုးဆရာတော်ကြီးနှင့်တွေ့ဖို့ ရောက်လာတဲ့ နတ်မီးဘောင် တမန်တော်ကြီးများ ဟုတ်ပါသလား'

တမန်တော်ကြီးနှစ်ဦးအနက် တစ်ဦးက....

'ငါတို့ဟာ နတ်မီးဘောင်က လာခဲ့တဲ့ တမန်တော်များ ဖြစ်လို့ ကျောက်ဖြူကျောင်းတော် ဝင်ခွင့်ပြုဖို့ လျှောက်ထား ပေးပါကလေးရယ်'

ကျန်းလီသည် ခေါင်းညိတ်ကာ ကျောက်ဖြူကျောင်းထဲသို့ လျှပ်တစ်ပြက် ဝင်သွားလျက် ဧည့်ခန်းမကြီးတွင် အသင့်စောင့် နေသည့် မိုးရသေ့ကြီး ကွမ်ချင်းအား လျှောက်၏။

'တမန်တော်များရောက်လာပြီဆရာတော်၊ သူတို့ကိုဝင်ခွင့် ပြုလိုက်ရမလား'

'ဝင်ခွင့်ပြုလိုက်ပါ'

မိုးရသေ့ကြီး ကွမ်ချင်းက ပြောလိုက်သဖြင့် ချန်းလီ ပြေး ထွက်သွားကာ တမန်တော်နှစ်ဦးအား ခေါ်လာခဲ့၏။

တမန်တော်နှစ်ဦးသည် မိုးရေသေ့ကြီးရှေ့ ရောက်လာလျှ ရင်ရှေ့ လက်သီးများဆုတ်ကာ ဂါရဝပြုလိုက်ရင်း ဟစ်ဦး သော တမန်တော်က သူ၏ အင်္ကျီအတွင်းအိတ်ထဲမှ စာ စောင်ကိုထုတ်၍ မိုးရေသေ့ကြီးကို ပေးလိုက်၏။

'စကြဝဠာဘုရင်ကြီး တန်ခိုးရှင်မိုးက စာတစ်စောင်နဲ့ ဂါ ပြုလိုက်တဲ့ အကြောင်းကို ကျုပ်တို့ကို ပြောဖို့ စေလွှတ်ပ တယ်'

တမန်တော်ခေါင်းဆောင်က စာကို ကမ်းချင်း လက်ထဲ ပေးအပ်လိုက်ရင်းက ပြောလိုက်၏။

မိုးရေသေ့ကြီးက စာကိုဖြန့်၍ကြည့်လိုက်သည်။

*

ချစ်မိတ်ဆွေ မိုးရေသေ့ကြီး

လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည် အကြောင်းက လွန်ခဲ့သောနှစ်ပေါင်း တစ်ရာ က ခြသေ့မင်းဘောင် ဆရာကြီးထားခဲ့တဲ့ အတူ သိုင်းကျမ်းနဲ့ ရောင်ခြည်ပြာ ဓားရှတနာကို သိုင်းဂိုဏ် များ သိုင်းသမားတွေ အလယ်ပိုင်းဒေသကို လိုက် ကြပါတယ်၊ ဒီအထဲမှာ မိစ္ဆာအနက်ရောင် သိုင်း သမားတွေ အများဆုံးဖြစ်တဲ့အတွက် သူတို့လက် ရောက်သွားပါက သိုင်းလောကတစ်ခုလုံး ဒုက္ခ သွားနိုင်ပါတယ်။



ခြသေ့မင်းဘောင်ဆရာဟာ မိုးရေသေ့ကြီး ဆရာဘိုးဘိုးဖြစ်တဲ့အပြင် ကျုပ်တို့တစ်တွေဟာ ခြသေ့မင်းဘောင်ဆရာရဲ့ သိုင်းတပည့် မြေးများဖြစ်လို့ ထို အတူမဲ့ သိုင်းကျမ်းနဲ့ရောင်ခြည်ပြာ ဓားရှတနာကို အမွေအဖြစ် ဆက်လက်ထိန်းသိမ်းထားဖို့ လိုအပ်တဲ့ အကြောင်း တမန်တော်များ လွှတ်လိုက်ရခြင်းဖြစ်ပါ တယ်၊

ကျွန်ုပ်တို့ကလည်းတပည့်တစ်ဦးကို အလယ်ပိုင်း ဒေသသို့လွှတ်ဖို့ စဉ်းစားထားသလို မိတ်ဆွေရသေ့ ကြီးကလဲ အမြန်ဆုံးတပည့်တစ်ဦးစေလွှတ်ကာ ရှာဖွေ စေလိုကြောင်း သိစေရန် စာရေးသား၍ တမန်တော် များ လွှတ်လိုက်ပါကြောင်း။

စကြာဝဠာသိုင်းသမားကြီး
နတ်မီးတောင်။

မိုးရေသေ့ကြီး ကမ်းချင်းမျက်နှာသည် ထိုစာကိုဖတ်ရှုပြီး နောက် မျက်နှာပျက်သွားလေသည်။

အတန်ကြာငြိမ်သက်ပြီးမှ ခေါင်းတဆတ်ဆတ် ညိတ်လိုက် ကာ ပြောလိုက်၏။

'တမန်တော်ကြီးများရဲ့ စာရေးလိုက်တဲ့စာကို ဖတ်ရတဲ့ အတွက် ကျုပ်လဲအခုမှသတိပြုမိတော့ ကျုပ်တို့ရဲ့ဆရာ ဘိုးဘိုး

ဖြစ်တဲ့ ခြိမ်သော်ခင်းတောင်ဆရာကြီးဟာ ဒီမိုးဘုရင်တောင်ကြီး ကနေပြီးတော့ အလယ်ပိုင်းဒေသကိုပြောင်းသွားတယ် အလယ်ပိုင်းဒေသမှာပဲ လူမသိသူမသိ ခေါင်းချသွားတာကို ခုထိပဲ အလောင်းကို ရှာမတွေ့ခဲ့ဘူး၊ အခုလို ဆရာကြီး အထူးရေးသားပြုစုထားခဲ့တဲ့ အတုမဲ့ သိုင်းကျမ်းနဲ့ ရောင်ခြည်ပြာဓား ရတနာဟာလဲ အစဉ်အဆက်က တပည့်တွေ သိလာတာပဲရှိတယ်၊ ဘယ်သူမှရသွားတာမရှိကြဘူး၊ ဒါကြောင့် စကြဝဠာ ဆရာကြီးကိုပြောလိုက်ပါ၊ ကျုပ်လဲ တပည့်တစ်ဦးကို အမြန်ဆုံး အလယ်ပိုင်းဒေသကိုစေလွှတ်မယ်ဆိုတဲ့ အကြောင်းပါပဲ

တမန်တော်ကြီးနှစ်ဦးသည် ခေါင်းညွှတ်၍ ဂါရဝပြုလိုက်ကြသည်။

'ကျုပ်တို့ရဲ့ဆရာကြီးကို အမြန်ပဲ အကြောင်းကြားပါမယ် ပြန်ခွင့်ပြုပါဦး'

'အနားယူပါဦး'

ကုမ်ချင်းကပြောလိုက်ရာ တမန်တော်ကြီးနှစ်ဦးက ခေါင်းများကိုအသာအယာခါ၍—

'အောင်အောက်ကိုအမြန်ဆင်းရပါမယ်၊ တောင်အောက်မှာ ဂိုဏ်းသားငါးဦးကစောင့်နေပြီးတော့ ကျုပ်တို့ရဲ့ဂိုဏ်းနဲ့ အသီးသီးကို သတင်းပို့ရဦးမယ်'



မိုးရသေ့ကြီးကုမ်ချင်းက ခေါင်းညိတ်လိုက်၏။ တမန်တော်ကြီးနှစ်ဦးတို့သည် အမြန်ပင်ထွက်ခွာသွားကြလေတော့၏။

'တပည့် ဆရာ့ထံကိုအမြန်လာစမ်း'

'ငါ့တပည့်ကို ဆရာတတ်ထားတဲ့သိုင်းပညာတွေ အကုန်သင်ပေးခဲ့ပြီးပြီ၊ အရှေ့တောင်နဲ့ တောင်မြောက် အနောက် ရသေ့ကြီးများကလဲ သူတို့ထွင်ထားတဲ့ သိုင်းပညာများကို သင်ပေးခဲ့တယ်၊ ဒါပေမယ့် ငါ့တပည့်မှာ အတုမဲ့သိုင်းသမား တစ်ဦးတော့မဖြစ်သေးဘူး'

'ဟုတ်ပါတယ်ဆရာကြီး'

'အတွင်းအားနဲ့ ကိုယ်ဖော့အစွမ်း၊ အဆိပ်ခါတ်တွေ ဖြေရှင်းတဲ့နည်း၊ အပူလှိုင်းနဲ့ အအေးလှိုင်း ပြောင်းလဲပြီး တိုက်ခိုက်တဲ့သဘောတရားတွေ သင်ကြားပေးခဲ့ပြီးပြီ၊ အခု အရေးကြီးတဲ့အလုပ်တစ်ခုရှိတယ်'

'ပြောပါဆရာကြီး'

'ဆရာတို့ရဲ့ ဆရာဘိုးဘိုးခြိမ်သော်တောင်ဆရာကြီး ထားခဲ့တဲ့ သိုင်းကျမ်းနဲ့ ရောင်ခြည်ပြာဓားကို ရှာဖွေဖို့ပဲ၊ ဒီသိုင်းကျမ်းကို မိစ္ဆာဂိုဏ်းသားတွေလက်ထဲကို အရောက်မခံနိုင်ဘူး၊ ဒါကြောင့် သားတမည့်ဖြစ်တဲ့ နဂါးလက်သည်းက ဒီကျမ်းနဲ့ ဒီရောင်ခြည်ပြာဓားကို ထိန်းသိမ်းစောင့်ရှောက်ကြဖို့ကို ဆရာ [illegible] လိုက်မယ် သစ္စာသမာဓိရှိရှိနဲ့ နိုင်ငံနဲ့လူမျိုးအတွက် အကျိုးရှိဖို့ပြုလုပ်ပါ'

'ဆရာရသေ့ အခုပဲကျွန်တော် တောင်အောက်ကိုဆင်းရတော့မလား'

'သားတပည့်လိုအပ်တဲ့ ပစ္စည်းများအတွက် အသင့်ပြင်ပြီးတော့ တောင်ပေါ်ကဆင်းပေတော့'

'ကောင်းပါပြီ ဆရာရသေ့ကြီး'

နဂါးလက်သည်းကျန်းလီသည် ကွမ်ချင်းအား ဂါရဝပြုကာ အလျှင်အမြန်ပင် သူ၏ခရီးဆောင်အိတ် ပြင်ဆင်ရန် အတွင်းခန်းထဲသို့ ဝင်သွားတော့၏။

ကွမ်ချင်လည်း သူ၏ကျောက်ခုံပေါ်ရှိ ထိုင်ခုံပေါ်မှ ထပြီးလျှင် ဘုရားခန်းထဲသို့ဝင်ရောက်သွားလေတော့သည်။

ကွမ်းတစ်ရာညက်ခန့်ကြာသောအခါတွင် နဂါးလက်သည်းမှာ အဝတ်အစားများလဲ၍ ဝန်ဆောင်အိတ်ကို ဆွဲပြီးလျှင် မိုးရသေ့ ကွမ်ချင်း၏အခန်းထဲသို့ ဝင်ခဲ့၏။

'သားတပည့် သွားတော့မယ်ဆိုတော့၊ ဆရာကတပည့်အတွက် အထူးလက်ဆောင်ပေးလိုက်မယ်'

ထိုသို့ပြောကာ...

ထိုသို့ပြောကာ မိုးရသေ့ ကွမ်ချင်းသည် မည်းမှောင်နေပြီးသော အရာဝတ္ထုတစ်ခုအားပိုးချည်အိတ်ထဲမှထုတ်၍ နဂါးလက်သည်း ကျန်းလီ၏လက်ထဲသို့ထည့်လိုက်၏။



'ဒီပစ္စည်းဟာ ဆရာဆောင်ခဲ့တဲ့ နဂါးခါး ပတ်ခါးပဲ၊ အရောင်မည်းပေမယ့်၊ နေခြည်နဲ့တွေ့လိုက်တဲ့အခါမှ ဝန်းကျင်တစ်ခုလုံးကိုလင်းသွားအောင် အရောင်ထွက်တဲ့ ခါးကောင်းတစ်လက်ပဲ'

'ကျေးဇူးကြီးလှပါတယ်၊ ဆရာတော်'

'ဟောဒီ ဒုတိယပစ္စည်းကတော့ အတွင်း သံကိုယ်ကျပ်အင်္ကျီနဲ့ အဆိပ်ဖြေဆေးပုလင်း ဖြစ်တယ်လေ'

နဂါးလက်သည်းသည် နဂါးခါးပတ်ခါးကို ခါးတွင်ပတ်လိုက်ပြီးလျှင် ကိုယ်ကျပ်အင်္ကျီနှင့် အဆိပ်ဖြေဆေးကို ခရီးဆောင်အိတ်ထဲသို့ ထည့်လိုက်သည်။

'မင်းမှာ ခရီးစရိတ်အပြည့်အစုံပါပြီးပြီလား'

'ယူပြီးပါပြီ ဆရာကြီး'

'ဆရာမှာချင်တာက သတိအမြဲတမ်းရှိထားဖို့နဲ့ မင်းဝန်ထမ်းတွေကို သင့်အောင်ပေါင်းသွားဖို့ပဲ'

ယင်းနောက်တွင် ကျန်းလီ ဂါရဝပြုလိုက်သည်။

'သွားမယ်ဆရာကြီး'

ဟုပြောလိုက်၏။

နဂါးလက်သည်း ကျွန်းလိသည် သူ၏ငန်ဆောင်အိတ်ကို ဆွဲ၍ အလျှင်အမြန်ပင် ကျောက်ဖြူကျောင်းတော်မှ ထွက်ခဲ့စဉ် မိုးရှိသော ကွမ်ချင်၏ အခန်းထဲမှ တံခါးပိတ်သံပေါ် ထွက်လာလေ၏။

## အခန်း ( ၄ )

အလယ်ပိုင်းဒေသသည် တောင်တန်း တောင်ထွတ်များ၊ သစ်တောများနှင့် အမဲသားကောင်များ ပေါများသည့် ဒေသ တစ်ခုလည်းဖြစ်သည်။

အထက်မှစီးဆင်းလာသော မြစ်များသည် အလယ်ပိုင်း တောင်ကြားများကို ဖြတ်သန်းကြရသဖြင့်၊ ရေတံခွန်များဖြစ် ပေါ်ကာ တောပန်းရနံ့များဖြင့် တသင်းသင်းတလှိုင်လှိုင် မွှေးနေသည် ရှုမဝသည့်ရှုခင်းများပင် ဖြစ်တော့သည်။

အချိန်မှာ နံနက်ခင်းဖြစ်သည်၊ နေခြည်များ ဝင်းပကာ သစ်တောတစ်တောလုံး သာယာလျက်ရှိနေတော့သည်။

ခြင်းတောင်းကြီးတစ်လုံးအား ကျောတွင်လွယ်ထားလျက် ဆောင်ဓားတစ်ချောင်း၊ အမဲပစ်ဓားတိုမျှားအပြင် လေး

မြားကို ဆောင်ကိုင်ဆဲ့ကာ တောထဲသို့ဝင်လာသော လူတစ်ဦးအား ထူးခြားစွာတွေ့လိုက်ရလေသည်။

ထိုလူသည် အလယ်ပိုင်းဒေသ၏ တောင်ခြေရှိ မြို့ကလေးမှ မုဆိုးတစ်ဦး ဖြစ်လေသည်။

သူသည် မြို့ကလေးပေါ်တွင် နေနိုင်သူမဟုတ်ပေ။ တောင်ခြေရွာကလေးတွင် နေထိုင်ကာ အမဲများရှာ၍ ရောင်းချ စီးပွားရှာ၍ စားသောက်ရသော ခြေရာကောက် သစ်ဖြူချင်းစိန် ဆိုသူ ဖြစ်သည်။

'ဟူး... သစ်ဖြူ ဒီမနက်ဘာရလာသလဲ'

'ပြေတစ်ကောင် ယုန်တစ်ကောင်ပဲရသေးတယ်'

လမ်းတွင် သစ်ခုတ်ဆင်းလာသူအချို့က မုဆိုးသစ်ဖြူချင်းစိန်ကို မေးလိုက်ခြင်းဖြစ်၏။

သူသည် တောင်နှစ်တောင်ကို ကျော်လိုက်သည်နှင့် တောပန်းများ၏ မွှေးပျံ့သော ရနံ့များကို စ၍ရှူရှိုက်လိုက်ရသည်။

ထိုနေရာသည် ရေတံခွန်ကြီးတစ်ခုနှင့် တောင်ပေါ်ရေကန်တစ်ကန်ရှိနေပြီး ရေငှက်နှင့် အမဲငယ်ကလေးများ ရေသောက်ဆင်းနေသည်ကို တွေ့ရလေသည်။

ပြေနှင့် ယုန်တစ်ကောင်အား မီးကင်၍စားလိုက်ပြီး ငိုလို့သော အသားများအား သူ၏ခြင်းကြီးထဲ ထည့်၍ယူခဲ့၏။

'ဟော....ခြေရာကောက်သစ်ဖြူ'



ထိုခေါ်သံသည် မလှမ်းမကမ်းမှ ပေါ်ထွက်လာလေသည်။

ခြေရာကောက်သစ်ဖြူချင်းစိန်သည် အနည်းငယ်ထိတ်လန့်သွားလျက် အသံလာရာဆီသို့ ခြေသံမကြားအောင် ချဉ်းကပ်သွားခဲ့၏။

'ဟော....ခြေရာကောက်သစ်ဖြူ'

သူ့ကိုခေါ်နေသူအား ချင်းစိန်က တွေ့လိုက်ပါပြီ။

သစ်တုံးကြီးတစ်တုံးပေါ်တွင် ခမ်းနားထိုင်၍ ခေါ်နေသော သင်းခွေချပ်ကြီးတစ်ကောင်ပါတည်း။

ထူးဆန်းလိုက်လေခြင်း၊ သူ့အမည်ကို သင်းခွေချပ်ကြီးက တယ်လိုများသိရှိထားသနည်း။

မကြာခဏတောအမဲလိုက်နေခဲ့သောကြောင့် တောထဲတွင် တွေ့ရှိသူအချို့က သူ့အမည်အား ခေါ်ခဲ့ပုံရမည်။

ထို့ကြောင့်လည်း သင်းခွေချပ်ကြီးကလည်း သူ့အား မှတ်မိပုံရပေမည်။

'ဒုတ်....ဒုတ်'

ချင်းစိန်သည် သင်းခွေချပ်၏ ဦးခေါင်းအား ဆောင်ဓားနှင့် ခုတ်လိုက်၏။

သင်းခွေချပ်၏ခေါင်းမှာ မြေပေါ်သို့ ပြုတ်ကျ၍သွားလေသည်။

'ဟား ဟား ဟား၊ ငါ့အမည်ခေါ်ဦးကွာ၊ ခေါ်ဦး'

ချင်းစိန်က သင်းခွေချပ်အား ဆွဲ၍ယူရင်းက ရယ်မောပြောလိုက်သည်။

'ဟဲ ဟဲ ဟဲ၊ သစ်ဖြူ သစ်ဖြူ'

ထိုခေါ်သံသည် တစ်နေရာမှ ပေါ်ထွက်၍ လာပြန်လေသည်၊

ချင်းစိန်မှာ အံ့အားသင့် ထိတ်လန့်သွားခဲ့ရသည်၊

ချင်းစိန်မှာ ဟိုဟိုသည်သည်ကြည့်လိုက်သည်၊

ထိုစဉ်....

'ဟေ့ ကောင် သစ်ဖြူ'

'ဟေ'

သူကအထိတ်တလန့်ထူးလိုက်စဉ်မှာပင် ဝုန်း ဟူသော အသံတစ်သံကိုကြားလိုက်ရသည်။

လူတစ်ယောက် အသားဖြူဖတ်ဖြူရော်၊ ပိန်လှီလှီဖြစ်သည်၊ အဝတ်နက်ဝတ်ထားသည်၊ နှင်းခံသားရေဖုံးခမောက် တစ်လုံး ဆောင်းထားပြီး ဓားတစ်လက် ကျောတွင်လွယ်ထား သည်။

ထိုအဝတ်နက်ဝတ်သူ၏ခြေလှမ်းကိုမြင်ရုံဖြင့် အဆင့်မြင့် သိုင်းသမားမှန်းကို ခြေကောက်သစ်ဖြူ ချင်းစိန် ရိပ်မိလိုက် သည်။

သူသည် တောထဲတောင်ထဲတွင် သိုင်းသမားများစွာကို တွေ့ကြုံခဲ့ရသူဖြစ်ရာ၊ အမဲလိုက်မုဆိုးတစ်ဦး ဖြစ်သောကြောင့် မည်သူကမှအန္တရာယ်မပြုခဲ့ကြပေ။

'ဟေ့ မင်းရတဲ့သင်းခွေချပ် ငါ့ပေးစမ်း'

အဝတ်နက်ဝတ်သူက ဝင်ပြောလိုက်သည်။



'တစ်ကောင်တည်းရပါတယ်ဆရာ၊ သူပဲဒီနေ့ညစာအတွက် စားရမှာပါ'

'ဟား ဟား ဟား မင်း ငါ့အမည်အနာမထိမသိသေးဘူး ထင်တယ်'

'ဟုတ်ကဲ့ မသိပေမယ့် ရိုသေပါတယ်ခင်ဗျာ'

'ငါနဲ့တွေ့တဲ့လူဟာ ငါ့တောင်းတာပေးရင်ပေး မပေးရင် ဝိညာဉ်နှုတ်ခံရတတ်လို့ တစ္ဆေကြီးအာဆိုရင် ရေကန်ခွန်တောင် တန်းနဲ့ ဝိညာဉ်တောင်တန်းတစ်လျှောက်အားလုံးသိကြတယ်'

တစ္ဆေကြီးအာဟူသောအသံကိုကြားလိုက်ရသည်နှင့် တစ်ပိုင်တည်းမှာပင် သစ်ဖြူမှာ အကြီးအကျယ်တုန်လှုပ်သွားရ လေတော့သည်။

'ဒီတော့ ဒီတောမှာ ငါ့ကိုဆန့်ကျင်ရင် ငါ့အစ်ကို တစ္ဆေဖြူထန်ချူးကိုတွေ့ရဦးမယ်၊ ပေးစမ်း မြန်မြန်'

သစ်ဖြူ ချင်းစိန်သည် ရရှိထားသော သင်းခွေချပ်အား ကြီးအာကို ကမ်းပေးလိုက်သည်။ သင်းခွေချပ်မှာ မြို့ပေါ် ဈေးနှင့်ဆိုလျှင် အတော်မျက်မျက်ကလေးငွေရမည့် ရှားပါး သည့် သားကောင်တစ်ကောင်ပင်ဖြစ်သည်၊

ထိုသားကောင်ကို ဈေးတွင် ရောင်းမရောင်းရဲ တားမြစ် ထားသောသားကောင်ဖြစ်သောကြောင့် ခိုးကြောင်ခိုးဝှက် ရောင်းရသည်၊

စားလို့လည်းမိသည်သည့်အသားနှင့်မှမတူ အလွန်ကောင်းလှသဖြင့် လူကုံထံဧည့်ခံပွဲများတွင် အထူးအသုံးအဆောင်အဖြစ်စားသုံးကြသည့် ဟင်းကောင်းတစ်ခွက်ဖြစ်သည်။

'သွားတော့'

ဟစ္စေနက်ကျီးအာက သစ်ဖူးကို သူလိုချင်တာရပြီဖြစ်သောကြောင့် နှင်ထုတ်လိုက်သည်။

ထိုအခိုက် ရယ်မောသံ သဲ့သဲ့ကြားလိုက်ရပြီး အသံတစ်သံကိုလည်း ကြားရသည်။

'ဟုန်း'

ခေါင်းမောက်ဆောင်းထားပြီး အနက်ရောင်အင်္ကျီရှည် ဝတ်ထားသည့်လူတစ်ဦးသည် တောင်ကမြန်တစ်ခုပေါ်မှ ခုန်ဆင်းလာခြင်းဖြစ်သည်။

'ဟေ့ ကျီးအာ၊ ငါက ဆေးတစ်ဖုံဖော်ဖို့အတွက် ငါ့ဆရာကလာရှာခိုင်းထားတဲ့ သင်းခွေချပ်တော့တွေ့ပြီ၊ သူက ရွှေရောင်အကွက်တွေမပါလို့ နှစ်တစ်ရာသားကောင်လို့လဲ ခေါ်တယ်၊ အဲဒီတော့ ငါ့လက်ထဲထည့်ပေးပါ'

ရောက်လာသူကိုကြည့်ကာ ကျီးအာသည်အံ့အားသင့်သွားသည်။

'အလို မြွေဖူးရဲကျင်း၊ မြွေဟောက်ရဲကျုံပါလား ခင်ဗျား ဆရာ ချီတစ်ချောင်းရီလန်းက သင်းခွေချပ် အရှာခိုင်းတာလား'

'သိပ်ဟုတ်တာပေါ့ကွာ'

'မပေးနိုင်ဘူး'



'မပေးနိုင်လို့မဖြစ်ဘူး၊ ငါ့တို့ကအရေးကြီးနေတာကွ၊ မြန်မြန် ပေးစမ်း'

'မပေးရင်ရော'

'ကျီးအာ မင်း မြွေဖြူမြွေဟောက်အကြောင်းကိုသိတယ် မဟုတ်လား၊ ငါတို့က စားဖို့မဟုတ်ဘူး၊ လူသားတွေအသက်ကယ်နိုင်ဖို့ဖော်မယ့်ဆေး'

ကျီးအာသည် ရဲကျင်း၊ ရဲကျုံးအကြောင်း သိထားသူဖြစ်သည်။ ရဲကျုံမှာ သိုင်းပညာတွင်မက အဆိပ်လက်နက်သုံးရာတွင် မြွေဟောက်တစ်ကောင်ထက်ပင် ကြောက်စရာကောင်းသည်။

'ဒီသင်းခွေချပ်ကို ခဆေးဖော်ရင် ဘယ်လိုအစွမ်းထက်မလဲ'

ကျီးအာကပြန်မေးလိုက်၏။

'အေး ဒါတော့ငါလဲအားလုံးမသိဘူး၊ အားကောင်းတဲ့ဆေးတမည်ပဲ၊ သူ့ချည်းတော့မဟုတ်သေးဘူး'

ရဲကျင်း၊ ရဲကျုံးကပြောလိုက်သဖြင့် ကျီးအာမှာ မျက်ခုံးတွန့်သွားကာ ပြုံးလိုက်ချင်း....

'ကောင်းပြီ မင်းက ကျုပ်ကို ကတိတစ်ခုပေးရမယ်'
'ဘာကတိလဲ'
'ဆေးဖော်ပြီးရင် ကျုပ်အတွက် ဆေးတစ်ခွက်ပေးရမယ်'
'ကောင်းပြီ ကျုပ်တာဝန်ယူတယ်'
'မြွေဖြူ မြွေဟောက် ခင်ဗျားကတိတည်ပါစေနော်'

ထိုသို့ပြောကာ ကျားအာကပစ်ပေးလိုက်သော သင်းချွေချပ်ကိုယူကာ ဘောင်ပေါ်သို့ပြေးတက်သွားတော့၏။

* * *



သစ်ဖြူ မုဆိုးသည် ကျားအာနှင့်လွတ်ကင်းအောင် ထွက်ခဲ့ရာက ဘူရောက်ခဲ့လှသောမုဆိုးတိုင်းတံမ်များ လွင့်နေသည်ထင်ရသည့် တောင်ပြာကြီးပေါ်သို့ တရွေ့ရွေ့ တက်ခဲ့လေသည်၊

တောင်ပြာကြီးသည် ဤဒေသတွင် ဒုတိယအမြင့်ဆုံးတောင်ဖြစ်ပြီး တောင်ပေါ်တက်ရာတွင် အခက်အခဲဆုံးပင်—

ချင်းစိန်သည် ကျားအာလို သိုင်းသမားတွေကိုမုန်းသည်၊ ဘာကြောင့်မုန်းသနည်း။

အဖေကရှင်းပါသည် ကျားအာလို သိုင်းသမားများသည် သိုင်းပညာအားကိုးနှင့် သူတစ်ပါးပစ္စည်းလုသည်၊ တိုက်ယူသည်၊ ချမ်းသာကြွယ်ဝသောသူကြွယ်များက ငွေပေးခိုင်းလျှင် ဘာမဆိုလုပ်သည်၊

သိုင်းလောကတွင် သူတို့အား အနက်ရောင်သိုင်းသမားသို့မဟုတ် မိစ္ဆာသိုင်းသမားများဟုခေါ်ကြသည်။ ချင်းစိန်အဖို့ ထိုသိုင်းသမားများအား မကြာခဏတွေ့ဆုံတတ်သည်။

မိုးချုပ်တော့မည်၊

တောထဲတွင် သူ တစ်ည၊ သို့မဟုတ် နှစ်ညကြာသည်အထိ အမဲလိုက်ရန်အိမ်သို့ပြောခဲ့သည်။

တောင်ပြာကြီးပေါ်တွင် တစ်ညအိပ်ရန်ဆုံးဖြတ်သည်၊

လမ်းတွင် အမဲတစ်ကောင်ရခဲ့သည်။

ရခဲ့သောအမဲမှာ 'တောင်ဆိတ်ကလေးတစ်ကောင်....

အဖိုးတန်သောသား ကောင်ပင်၊

အသားစား၍ ဦးချိုကိုရောင်းစားရပေမည်၊

တောင်စောင်းတစ်ခုတွင် ဂူလိုလို အရာဝတ္ထုတစ်ခု မတွေ့ရသည်။ သစ်ပင်များကဂူဝမှာ ပိတ်ဆီးကာထားသော ကြောင့် ဂူဟုချက်ချင်းမသိရသေး၊ သေသေချာချာကြည့်သောအခါ အရောင်များလင်းလက်နေသည်ကိုတွေ့ရသည်။

'ဟုတ်ပြီ ဒါထူးဆန်းတဲ့ဂူပဲ၊ ငါတစ်ညဟောအိပ်လိုရပြီ

ချင်းစိန်သည် ထိုသို့တွေးပြီး အပြေးကလေးလာခဲ့သည်

ဂူအဝသည်ကျဉ်းပြီး အတွင်း၌ သားကောင်အချို့နေ ချေးနံ့များ၊ လင်းနို့အချို့နှင့် လင်းနို့ချေးများသည်းရှိ

သို့သော် အတွင်းသို့ဝင်လာလေ အလင်းရောင် များမှ ကျောက်နံရံများမှ ပေါ်ထွက်နေခြင်းဖြစ်၏။

ခြေရာကောက်သစ်ဖြူ ချင်းစိန်သည် အံ့သြနေမိသည်။ သိလိုသောအနှုကမြင်းတန်လာ၏။ သို့နှင့် တဖြည်းဖြည်း ဂူတွင်းသို့ဝင်ခဲ့၏။ အတွင်းရောက်လာလေလေ တိရစ္ဆာန်များ အနံ့အသက်ချားပျောက်ကာ ကျောက်တောင်းပန်းရနံ့များ၏အနံ့ ကို တလှိုင်လှိုင်ရှူလိုက်ရပြန်သည်။

ဂူကြီးတစ်နေရာတွင်လေဝင်ပေါက်တစ်ပေါက်ရှိနေကာ အေးစိမ့်သောလေက ဝင်လာပုံရလေသည်။

ထိုအချိန်မှာပင် တဝေါဝေါနှင့် နှင်းဆီမုန်တိုင်းလေများ ကျသံကိုကြားလိုက်ရလေသည်။

မကြာမီ ဂူအတွင်းလမ်းမှ အထက်သို့တက်သွားကာ ကျယ် ဝန်းသော အခန်းကျယ်ကြီးထဲသို့ရောက်သွားတော့သည်။

ထိုအခန်းကြီးမှာ အကောင်းဆုံး စခန်းချနားနေရန် သောနေရာကောင်းတစ်ခုပင်....



ချင်းစိန်သည် သူ့တွင်ပါလာသော ခြင်းကြီးနှင့် လွယ်ထားသောအိတ်ကို ကျောက်ကြမ်းပြင်ပေါ်သို့ချလိုက်စဉ် သူ၏ မျက်လုံးများသည် ကျောက်ပလ္လင်ကြီးကဲ့သို့သော ကျောက်ခုံ အား တွေ့ရသည်။

ကျောက်ခုံပေါ်တွင်လည်း လူသားများထားခဲ့ဟန်တူသည့် အရာဝတ္ထုတစ်ခုကိုလည်း တွေ့လိုက်ရသည်၊ သူသည် အမြန် ပင် ထိုကျောက်ခုံဆီသို့လာခဲ့ရာ လူတစ်ဦး နေထိုင်သွားခဲ့ပုံ ရသောအခြေအနေကိုတွေ့ရလျက် ထိုကျောက်ခုံပေါ်မှာပင် ကတ္တီပါအိတ်တစ်လုံးကိုတွေ့လိုက်ရလေသည်။

ကတ္တီပါအိတ်အား ပိုးကြိုးတစ်ချောင်းနှင့် ချည်ထားသည့် အတွက် ကြိုးကိုဖြည်ကာ အတွင်းမှအရာဝတ္ထုတစ်ခုကိုဆွဲထုတ် လိုက်ရာ ကြာရှည်ခံရန်အတွက် ဆေးဆိုးထားသည့် ပိုးချည် ဖြင့်ထုတ်ထားသော စာအုပ်တစ်အုပ်ကိုတွေ့ရသည်။

'ဟင် စာအုပ်ပါလား ဘာမှလဲအဖိုးမတန်ဘူး၊ ဘာတွေ ရေးထားတယ်ဆိုတာလဲငါမသိဘူး'

ချင်းစိန်မှာ တကယ်ပင် စာမတတ်ပါ၊ ငယ်စဉ်ကပင် စာမသင်ခဲ့ရဘဲ အလုပ်ကြမ်းနှင့် မုဆိုးလုပ်နေသူဖြစ်သည်။

သူ့အတွက်ကံကောင်းချင်သလောမသိ၊ ထိုကတ္တီပါအိတ်ကို မှောက်ချလိုက်သောအခါတွင် ငွေစတုံးကလေး အနည်း ငယ် တွေ့ရသည်။

'ဟား ဟား ဟား သုံးနပ်စားလောက်တော့ ဖူလုံတာပဲ'

သူကပြောရင်း ငွေဟုံးလေးအနည်းငယ်ကို သူ၏အိတ်ထဲသို့ ကောက်ယူထည့်လိုက်၏။ ထို့နောက် ကတ္တီပါအိတ်လေးထဲသို့ စာအုပ်ကိုနှိုက်ထည့်ပြီး လမ်းမှာ မှတ်ခတ်ယူခဲ့ပြီး ခြင်းထဲထည့်လာသည့် ဆိတ်အသားများ ဖုတ်၍ မီးကင်စားရန် အမြန်မီးမွှေးလိုက်သည်။

မီးရောင်ကြောင့် ပိုပြီးအရောင်များ တောက်ပလာတော့သည်။

သို့သော် သစ်ဖြူမှာ မုဆိုးတစ်ယောက်သာဖြစ်၍ ဘူမိဗေဒ၏ ဆန်းကျယ်နက်နဲမှုကိုမသိပေ။

ထိုညတွင် ဂူကြီးထဲမှာပင် အိပ်စက်လိုက်ပြီးနောက် နံနက် ဆီးနှင်းမှုန်တိုင်း လေမှာငြိမ်သွား၍ သူ၏မြို့ကလေးသို့ပြန်လာခဲ့တော့သည်။

အပြန်တွင် ဟင်းစားအဖြစ် အမဲငယ်လေးသုံးကောင်ကို ပစ်ခတ်ခဲ့သေးသည်၊ အသွားတွင်ခနှေးသလောက် အပြန်တွင်ကား မြန်သည်မှာ ထုံးစံအတိုင်းပင်ဖြစ်သည်။

သူ ငွေစအနည်းငယ်နှင့် စာအုပ်ကလေးတစ်အုပ်ရခဲ့သည့်အကြောင်းကို သူ့ဇနီးအားပြောမပြခဲ့ပေ၊ ငွေစကိုသာပေးပြီး ထိုစာအုပ်ကလေးရရှိခဲ့ကြောင်း ပြောမပြပေ။



အတူးသဖြင့် ချင်းစိန်အဖို့ ရင်းနှီးသော မြို့ခံသိုင်းသမားတစ်ဦးရှိသည်၊ သူ၏အမည်ကား သိုက်ဆရာသိုင်းသမားစွန်ရဲမင်း၊

သိုက်ဆရာသိုင်းသမားစွန်ရဲမှာ မည်သည့်နေရာတွင် ထူးဆန်းသောပစ္စည်းရှိသည်ဟူ၍ကြားလျှင် သွားရောက်ကာ ရှာဖွေမြဲပင်။

သိုက်ဆရာသိုင်းသမားစွန်ရဲက ဝါးပိမ်းအရက်နှင့် ကြက်ကြော်ကို ဇိမ်ကျကျစားသောက်နေရာက အရက်ဆိုင်ထဲဝင်လာပြီး သူ့ရှေ့သို့ရောက်လာသည့် ချင်းစိန်အား တွေ့လိုက်ရသဖြင့် ပါးနပ်သူပီပီ တစ်ခုခုတော့ရောင်းစရာရလာပြီဟု သိလိုက်ရကာ....

'ဟေး သစ်ဖြူကြီး၊ မတွေ့တာကြာပါလား၊ ကဲ လာ.လာထိုင်၊ ဘာစားမှာလဲ မှာလိုက်ပါ'

'ခင်ဗျားမှာ ဘယ်ကသိုက်ရှာလာလို့ပွတာလဲ၊ ကျုပ်က ခင်ဗျားကိုပြစရာရှိတယ်'

'ဟား ဟား ဟား၊ သိုက်ဆိုတာ အဝေးကိုသွားရှာစရာမလိုဘူး၊ တစ်ခါတစ်ခါတော့လဲ အရောင်းအဝယ်ဖြစ်သွားလို့ မျက်မျက်ကလေးရလိုက်တာပဲ'

ထိုသို့ပြောရင်းက သူ့မျက်လုံးများသည် သစ်ဖြူ၏ ကိုယ်ပေါ်သို့ အနှံ့လိုက်ကြည့်နေ၏။

ယင်းအခိုက် စားပွဲထိုးလေးရောက်လာသဖြင့်....

'ဟေ့ အရက်တစ်အိုး၊ ကြက်ကြော်တစ်ပွဲ ယူခဲ့ဦး'

ဟု မှာလိုက်သည်။

စားပွဲထိုးလေးထွက်သွားသောအခါမှ သစ်ဖြူသည် သူ့ တောင်ပြာတောင်ပေါ်ရှိ ဂူကြီးတစ်ဂူထဲမှရရှိသည့် စာအုပ်လေးအား စွန်ရဲအား ထုတ်ပြလိုက်သည်။

စွန်ရဲသည် စာအုပ်လေးအားမြင်လိုက်သည်နှင့်ပင် နှစ်ပေါင်းအတော်ကြာက စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိလိုက်ကာ အလွန်ပီတိဖြစ်ပြီး....

'မြန်မြန်ပေးစမ်းကွာ၊ ဘာစာအုပ်လဲ၊ တန်ဖိုးရှိရင် ကျုပ်ဝယ်ယူမှာပါ'

သူကပြောပြောဆိုဆို ချင်းစိန်၏ လက်ထဲမှ စာအုပ်လေးအား လှမ်းရှယူလိုက်လေသည်။

စာအုပ်လေး၏မျက်နှာဖုံးမှာ ဆီစိမ်စက္ကူနှင့်ဖုံးထားလျက် အတွင်းကိုလှန်ကြည့်လိုက်ရာ ပထမ မျက်နှာ အထက် တွင် ခေါင်းစည်းစာလုံးကိုတွေ့လိုက်ရသည်။

'အတုမဲ့သိုင်းကျမ်း'

'ဟာ အာ အာ'



စွန်ရဲ၏ပါးစပ်မှ အံ့သြသွားသလို ရင်ထဲမှ ဝမ်းသာခြင်းအား မပြောမပြနိုင်အောင်ဖြစ်သွားရတော့သည်။

'ဘာတွေလဲဗျ'

'ဟာ ဘာ စားစရာအကြောင်းကွာ၊ တောထဲက သစ်သီးတွေ ဘယ်လိုစားရမယ်ဆိုတာ ဟား ဟား ဟား တန်ဖိုးမရှိလှပါဘူး'

သင်းဖြူသည် စာမတတ်၍ စွန်ရဲ၏စကားကို တကယ်ပင် ယုံကြည်သွားသည်။

သိုက်ဆရာသိုင်းသမားက တန်ဖိုးမရှိလှသောစာအုပ် တစ်အုပ်အလား ချင်းစိန်ရှေ့သို့ ပစ်ချပေးလိုက်သည်။

'မင်းဟာပြန်ယူသွားကွာ'

'ဟဲ့ ဟဲ ကျုပ်က ဒီစာအုပ်ကို ငွေစ အနည်းငယ်ရရင် ရောင်းမှာဗျ၊ သောက်ဖို့ရရင် တော်ပါပြီဗျာ'

သိုက်ဆရာသိုင်းသမား စွန်ရဲသည် တကယ်ပင် တန်ဖိုးရှိလှသော ကိုင်းကျမ်းအား အစားအသောက် ရေးထားသော ကျမ်းစာအုပ်အလား နှုတ်ခမ်းများမဲ့ပစ်လိုက်၏။

'အင်း၊ ကျုပ်က မလှဲသာလို့သာ ဝယ်ရမှာ ဘာမဆိုရှောင်းတာဘိုတဲ့အတွက် အားနာလိုက်ရမှာပဲ၊ ဒီတော့အရက်သောက်ဖို့လောက်ပဲရမှာပဲ'

'ပေးချင်သလောက် ပေးပါဆရာရယ်'

'အင်း တယ်ခက်တာပဲ'

သိုက်ဆရာသိုင်းသမား အဖွဲ့ပွဲစားတစ်ဦး၏ ဟန်ပန်အဟိုင်း အနည်းငယ် ညည်းပြလိုက်ပြီး မဝယ်ချင့်ဝယ်ချင် ဝယ်ယူရသော ကုန်သည်ဈေးသည်တစ်ဦး၏ ဟန်ပန်ကဲ့သို့ အိတ်ထဲမှ ငွေတိုးလေးအချို့ အားထုတ်ယူပြီးလျှင် ခြေရာခောက် သစ်ဖြူ ချင်းစိန်၏ရှေ့သို့ ချပေးလိုက်၏။

ထို့နောက် ဝမ်းထဲမှ အလွန်ဝမ်းသာသော ဝမ်းသာလုံး ကြီးအား မနည်းမျိုသိပ်လျက် အဘုမ္မသိုင်းကျမ်းကို ကောက် ယူ၍ အလျင်အမြန်ပင် အိတ်ထဲသို့ ထည့်လိုက်သည်။

" သူသည် ကျန်ရှိနေသေးသော အရက်နှင့် ကြက်ကြော် အချို့ကိုပင် မစားနိုင်တော့ချေ။

'ဟေ့ သစ်ဖြူ ငါ အရေးကြီးတဲ့ ကိစ္စရှိတယ်ကွာ ကျန်နေ တဲ့အရက်နဲ့ စားစရာတွေ မင်းပဲစားလိုက်တော့၊ မင်းအတွက် မှာထားတဲ့ အရက်နဲ့ စားစရာလဲ ငါရှင်းပေးလိုက်မယ်'

သဘောမှာ သိုက်ဆရာ သိုင်းသမားစွန်ရဲသည် အဖိုးတန် သိုင်းကျမ်းစာအုပ်ကို ရရှိသွားသောကြောင့်သာ အမြန်ဆုံး ထပြန်သွားခြင်းသာ ဖြစ်မည်ဟု သိကြခြင်းပင် ဖြစ်ကြ၏။

စားသောက်နေသော ဧည့်ပွဲမှအမြန်ထကာ သစ်ဖြူတောင် အရက်ဆိုင်မှ ထွက်ခဲ့ကြလေသည်။



'ဟိုနှာဟော့'

'ဒီကောင်သိုင်းကျမ်းရသွားတာ သေချာတယ်'

'ဟုတ်တယ်၊ ငါ တစ်စွန်းတစ်စကြားလိုက်ရတယ်၊ တောင် ပြာတောင်ကြီးပေါ်က ရခဲ့တာလို့ ပြောတယ်၊ ချင်းစိန်ဆိုတဲ့ အကောင်က မုဆိုးလုပ်နေပေမယ့် စာတတ်တာဟုတ်ဘူးကွ'

'ဒါကြောင့်မို့ အရက်ဖိုးရရင် ပြီးရောဆိုပြီး ရောင်းစား တာပေါ့'

'မြန်မြန်လိုက်ကွာ'

သူတို့အားလုံးက စွန်ရဲထံမှ သိုင်းကျမ်းကို တစ်နည်းနည်း ဖြင့် လုယူရန် ဆုံးဖြတ်ထားလိုက်ကြ၏။

'နေဝင်ချိန်ပါသည်။

* * *

'ဟေ့ စွန်ရဲ'

ရုတ်တရက် အိမ်ဆီကို ခြေလှမ်းကုန် လှမ်းခဲ့သော စွန်ရဲသည် ။ အမည်ရင်းကို အဖျားဆွတ်ခေါ်လိုက်သော အသံကြောင့် ရင်ထဲ ဒိန်းခနဲဖြစ်သွားရသည်။

သူက အသံလာရာကို တစ်ချက်လှည့်ကြည့်လိုက်ရာ လူရိပ်သုံးရိပ်သည် လျှပ်တပြက် သူ့ထံ ပြေးဝင်လာသည်ကိုတွေ့၏။

သေသေချာချာ ကြည့်သောအခါ မျက်နှာကို မျက်နှာဖုံးစွပ်ထားသော လူသုံးဦးကို တွေ့ရ၏။

'မင်းတို့ ဘာ သူတွေလဲ'

စွန်ရဲက မေးလိုက်၏။

'မေးဖို့လိုသေးသလား၊ ပေးစရာရှိတာ မင်းဆီကစာအုပ်ကလေး တို့လက်ထဲ ကမ်းပေးလိုက်စမ်းပါ'

သူတို့သုံးဦးသည် ဓားရိုးပေါ်ကို လက်များ ရောက်နေကြသည်။

ရန်သူတွေပဲ၊ ပြေး၍မဖြစ်၊ တိုက်ရန်သာရှိတော့၏၊

စွန်ရဲသည် အလျှင်အမြန်ပင် ဓားကိုဆွဲထုတ်ကာ လျှပ်တစ်ပြက်မျှပင် စတင်ခုတ်လိုက်၏၊



'ချွမ်း ချွမ်း ချွမ်း'
'ချွမ်း ချွမ်း ချွမ်း'

ဓားသံများ ထိုနေရာတစ်ဝိုက်တွင် ဆူညံသွားလေတော့သည်။

စွန်ရဲမှာ အတွေ့အကြုံရှိသော သိုင်းသမားတစ်ယောက်ဖြစ်သည်။

သူက ကြယ်ခြေလှမ်းဓားကွက်နှင့် စတင်တိုက်ခိုက်လိုက်ရာ အနက်ရောင် ဓားသမားသုံးဦးက 'နှင်းသမီးခုနစ်မေဖော်' ဓားကွက်နှင့် ခုခံလိုက်ရင်းက တစ်ဦးစီတစ်ဦးစီ ဓားကွက်များသုံးကာ စွန်ရဲအား တိုက်ခိုက်လိုက်ကြသည်။

ထိုစဉ်....
'ဝှစ် ဝှစ် ဝှစ်'

အနက်ရောင်သိုင်းသမားကြီးတစ်ဦးက လျှပ်တစ်ပြက် ပစ်လိုက်သည့် အရိပ်မဲ့ဓားပျံသုံးလက်က စွန်ရဲရင်ဝတည့်တည့်သို့ တန်းဝင်သွားခဲ့လေသည်၊

'ဒုတ် ဒုတ် ဒုတ်'
'အား'

စွန်ရဲ မြေပေါ်ကို အော်၍ လဲကျသွားစဉ်မှာပင် အနက်ရောင် ဓားသမားတစ်ဦးက သူ၏ကိုယ်ထဲမှ သိုင်းကျမ်းကို ထုတ်ယူလိုက်သည်၊

တို့နောက် ပြေးထွက်သွားကြတော့၏။

သူတို့ပြေးအနောက်ကို အရိပ်တစ်ရိပ်သည် လျှပ်တစ်ပြက် လိုက်ပါနေသည်ကို အနက်ရောင်ခိုးသမားတို့ မသိကြချေ

အနက်ရောင်ခိုးသမားသုံးဦးတို့သည် အမှောင်ရိပ် ခိုကာ ပြေးသွားရာမှ ခြံဝင်းကြီးအတွင်းသို့ ပြေးဝင်လိုက်ကြသည်

ခြံတံခါးကိုစောင့်သော အစောင့်တို့ကလည်း ထိုသုံးဦး အား အလျှင်အမြန်ဖွင့်ပေးကာ ပြန်ပိတ်လိုက်ကြသည်။

'ကျိန်း'

သံတံခါးအသံက ညအချိန်တွင်၊ ကျယ်ပြန့်စွာပေါ်ထွက် လာတော့၏။

'ဟေ့ ရပ်လိုက်'

လမ်းတစ်ဝက်တွင်စောင့်နေသော ခိုးသမား သုံးဦး ပေါ်လာပြန်သည်၊ အစောင့်သုံးဦးသည် အဖြူရောင်ဆေး သုတ်ထားသည့်တံဘားထိပ်မှ စောင့်နေခြင်း ဖြစ်လေသည်

'မီးသုံးပွင့်ဟေ့'

အစောင့်သုံးဦးအနက် တစ်ဦးကပြောလိုက်ကာ ဆေးဖြူ တံဘားလမ်းကိုဖွင့်ပေးလိုက်သည်။



ထိုအချိန်တွင် ငှက်မည်းတစ်ကောင်ကဲ့သို့ ခြံဝင်းတံတိုင်း အား လွှားခုန်ဝင်လာသော အရိပ်မည်းလူသဏ္ဌာန်ကိုမူ မည် သူမျှမတွေ့လိုက်ကြချေ။

အရိပ်မည်း လူသဏ္ဌာန်သည် ညှာတံအင်္ကျီ ဘောင်းဘီ များကိုဝတ်ဆင်ထားကာ အလွန်ပေါ့ပါးလျင်မြန်စွာ သစ်ပင် တစ်ပင်သို့ လျှပ်တစ်ပြက်ခုန်ကျော်ကူးသွားသော၊ အစောင့် အချို့က ငှက်တစ်ကောင်ပျံသွားခြင်းသာလျှင်ဟု ထင်လိုက်ရ သည်။

ထိုလူရိပ်သည် ပန်းခြံများအကြားကိုပြေးသွားသည်မှာ ထိုနေရာ ထိုခြံဝင်းအတွင်း မကြာခဏသွားဖူးသူ တစ်ဦးဖြစ်၍သာ ကျွမ်းကျင်စွာလွှားသွားနိုင်သည်ဟုသာ ဆိုရမည်။

မကြာမီ လူရိပ်သည် မြင့်မားသောတိုက်ကြီး၏ အတွင်း ကြိုကိုခုန်တက်ကာ ပျောက်သွားလေတော့သည်။

အခန်း ( ၅ )

ဘိုခြံဝင်းအတွင်းရှိဘိုက်ကြီးဘွင်နေတိုင်သူကား မီးလက် ဝါး ဟုန်းလျှောင်ပင်ဖြစ်သည်။

ဟုန်းလျှောင်သည် မီးလက်ဝါးဂိုဏ်းကိုထောင်ကာ တပည့် မွေးသည့် အနက်ရောင်မိစ္ဆာဂိုဏ်းကြီးနှင့် မဟာမိတ်ပြုထား သော သိုင်းသမားတစ်ဦးပင်၊

ဟုန်းလျှောင် တပည့်သုံးယောက်က စွန်ရဲလုပ်ကြံ ခဲ့သော အတုမဲ့သိုင်းကျမ်းကိုကြည့်ကာ အလွန်အားရကျေနပ် နေသည်။

'ဟား ဟား ဟား'



ငါ့တပည့်တွေတော်ကြတယ်၊ ဒါကြောင့် လင်းယုန် မျက်လုံးလို သားကောင်ကိုရှာရမယ်လို့ ငါကသင်ထားတာ'

'ဟား ဟား ဟား'

မီးလက်ဝါး ဟုန်းလျှောင်က တဟားဟားရယ်၍ပြောကာ လက်ထောက်များကလည်း ရယ်လိုက်ကြသည်။

'ဟေ့ တို့မီးလက်ဝါးဂိုဏ်းကို ဘယ်ဂိုဏ်းကမှ ယှဉ်နိုင်မှာ မဟုတ်တော့ဘူး၊ ငါတို့ဂိုဏ်းဟာ သူများဂိုဏ်းတွေအပေါ်ကို လွှမ်းမိုးရတော့မယ်ကွ'

'ဟုတ်ပါတယ်ဆရာကြီး'

'ဒါဟာ လွန်ခဲ့တဲ့နှစ်ပေါင်းသာစ်ရာကျော်က ခြသေ့်တောင် ဆရာကြီးတီထွင်ပြီး ရေးသားတဲ့ ကျမ်းတစ်စောင်ပဲ၊ ကဲ ဒီကျမ်းကို ဘယ်လိုရလာသလဲဆိုတာပြောစမ်း ငါ့တပည့်တို့'

မီးလက်ဝါးဟုန်းလျှောင်က စွန်ရဲထံမှ လုပ်ကြံမယူမီ ဝက် ဖြူတောင်အရက်ဆိုင်တွင် ခြေရာကောက် သစ်ဖြူချင်းစိန် မုဆိုးက ဂူထဲကရလို့ အရက်ဖိုးနဲ့ရောင်းခဲ့တာ၊ ကျွန်တော် တို့က တစ္ဆန်းတစကြားလို့ စွန်ရဲကိုသတ်ပြီးယူလာတာပါ'

'ဟား ဟား ဟား အတုမဲ့သိုင်းကျမ်း အခုတော့ ငါ့လက်ထဲရောက်လာပြီ၊ တို့ဂိုဏ်းက တခြားဂိုဏ်းပေါ်ကို လွှမ်းမိုးရတော့မယ်'

'လှမ်းမိုးရမယ်၊ လှမ်းမိုးရမယ်'

မီးလက်ဝါးက....

'ငါ့တပည့်တွေ ဒီနွေညအောင်ပွဲအနေနဲ့ ပျော်ပျော်ကြီး သောက်စားနိုင်တယ်၊ ငါ့တပည့် မီးလက်ဝဲ မင်းအားလုံး စီစဉ်ပေးလိုက်ပါ'

'ဟုတ်ကဲ့ပါဆရာကြီး'

'မီးလက်ဝဲဆိုသူကား မီးလက်ဝါးကြီး၏ ဒုတိယ ကိုယ်ရံတော် ဂိုဏ်းခေါင်းဆောင်တစ်ဦးပင်။

ဟုန်းလျှောင်သည် အတုမဲ့ကျမ်းစာအုပ်လေးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ထားလိုက်သည်။

ထို့နောက် စကြံ့တစ်လျှောက်မှ စာကြည့်ဆောင်ရှေ့ ရောက်လာ၏။

စာကြည့်ဆောင်တံခါးသော့ကိုဖွင့်လိုက်ပြီး

'ဟား ဟား ဟား'

ခပ်သဲ့သဲ့ရယ်မောကာ။

'အင်း....တယ်ပြီးအဖိုးတန်တဲ့စာအုပ်လေးပဲ'

ပထမဆုံးစာရွက်ကိုလှန်ကြည့်လိုက်ပြီးလျှင်....



ငါးကြင်းဆီနှင့်တွန်းထားသောမီးအိမ်၏ အလင်းရောင်မှာ တစ်ခုံလုံး ပင်းထိန်လျက်ရှိနေ၏။

'အတုမဲ့ ယိုင်းကျမ်း'

'အတုမဲ့ ယိုင်းကျမ်း'

သူသည် ခေါင်းစည်းစာလုံးကို ခပ်တိုးတိုးကလေး နှစ်ခွန်းပြောကာ ဖတ်လိုက်သည်။

ထိုစဉ် အခန်းအပြင်ဘက်မှ လေတိုးသံတစ်ချက်ကြားရခါ ငါးကြင်းဆီမီးအိမ်မှာ လှုပ်ယမ်းသွားပြီး ဟုတ်ခနဲသေသွား၏။

'ဂျိန်း'

ရုတ်တရက်လေတိုးသံနှင့်အတူ...

ပြတင်းတံခါးပွင့်သွား၍ လျှပ်တစ်ပြက် နောက်ပြန်ရိုက် ထည့်လိုက်လေသည်။

ရောက်လာသောရန်သူသည် ရှောင်မှသွားပါ၊ ခိုင်ခနဲမား ရောင်အောက်ကပျောက်ကာ စားပွဲဆီသို့ လိပ်ပြာသစ်ကောင် ဝဲသကဲ့သို့ရောက်သွားပြီး စားပွဲပေါ်တွင် တင်ထားသည့် အတုမဲ့ကျမ်းဆီကို လက်တစ်ချက်ဝှေ့ယမ်းလိုက်ကာ အမည်း ရောင်လူသက်သဲ ပျောက်သွားလေ၏။

'ဟေ့ သူခိုး'

ဟုန်းလျှောင်သည် ပါးစပ်မှ အော်ရင်း....

အမှည်းရောင်လူအား ခုန်၍အုပ်သည်။

'ထန်း'

သံသံချင်းထိသံနှင့်အတူ ဟုန်းလျှောင်ဓားမှာ ကန်ထွက်သွားသည်။

'ဟက် ဟက် ခင်ဗျားလဲ သူခိုးဓားပြတစ်ယောက်ပဲ၊ သ... များလက်ထဲက လုယူခဲ့တယ် ဒီတော့ ကျုပ်ကလဲသတ်ရမှာ...

ဟုန်းလျှောင်သည် အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြ... သည်။ ယခုရောက်လာသူသည် မိမိ၏အိမ်ဂေဟာ အတွ... ကျွမ်းကျင်သူဖြစ်ရမည်ဟုလည်း ခန့်မှန်းမိသည်။

တံခွန်ကြွေအကွက်နှင့် ဓားကိုလှန်၍ အပေါ်မှအောက်... ခုတ်ချသည်။

'ချွမ်း'

မီးပွင့်များထွက်သွားကာ သူ၏လက်သည် ကျဉ်၍တ... သွားသည်။

ဝင်းခနဲဓားရောင်မျ းလက်သွားသည်။

ချွမ်း'

'ဒုတ်'



'အား'

ဟုန်းလျှောင်၏လည်ပင်းသည် ပူ... ...သွားသည်။

သူ့ခြေလှမ်းများရပ်သွား၏၊ ကိုယ်ရံတော် မီးလကျော ချူးကန်းသည် တံခါးဖွင့်၍ ခုန်ပျံဝင်လာခဲ့၏။

တစ်ခန်းလုံးမှောင်နေသဖြင့် အလျင်အမြန်ပင် မီးထွန်း လိုက်ရာ ဟုန်းလျှောင်သည် နံရံတွင် မားမားမတ်မတ်ရပ် လျက်ရှိသည်ကိုတွေ့ရသည်၊ သူ့လက်ထဲတွင် ကိုင်နေကျဓား မှာ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်ကိုတွေ့ရသည်။

'ဆရာကြီး'

ချူးကန်၏ စိုးရိမ်တကြီးနှင့်ခေါ်လိုက်သည်။ ဟုန်းလျှောင် မှာ မျက်ခမ်းလှန်နေ၏။ မျက်လုံးများပြူးထွက်နေကာ လည် ပင်းမှ အနီစင်းကလေးကိုတွေ့ရသည်။

ထို့နောက် နီရဲသောသွေးများ ပါးစပ်မှ လိမ့်ဆင်းကာ ကြမ်းပြင်ပေါ် ဝုန်းခနဲကျသွားသည်။

'ဝုန်း'

ဟုန်းလျှောင်၏ခန္ဓာကိုယ်ကြီးသည် လွင့်ထွက်ကာ လိမ့် သွားတော့သည်။

'ဟော ဆရာကြီးကို ရန်သူကလုပ်ကြံသွားပြီဟေ့၊ မြန်မြန် လိုက်ကြစမ်း'

မီးလကျာချူးကန်းက တထိတ်ထိတ်တလန့်လန့်အောင်လိုက် စဉ်မှာပင် လူအချို့သည် စာကြည့်ခန်းထဲ ပြေးဝင်လာကြ၏။

များသောအားဖြင့် မီးလက်ဝါးအဖွဲ့သားများ အားလုံးက စားသောက်ခန်းမကြီးအတွင်း သောက်စား ဆူညံလျက်ရှိ၍ သူတို့၏အရှင်သခင်ကြီး ဟုန်းလျှောင်တစ်ယောက် ရန်သူ လုပ်ကြံသွားသည်ကိုမလိုက်ကြချေ။

သူတို့အားလုံး ဟုန်းလျှောင်အား ရန်သူ လုပ်ကြံသွား၍ အဘုမဲ့ကျမ်းအား ယူဆောင်သွားကြောင်း သိလိုက်ရသော အခါတွင်မူ ရန်သူအား အစအနပင်မမြင်ရတော့ချေ။

* • *



မီးခိုးငွေ့များသည် သစ်လုံးအိမ်ကလေးအတွင်းမှ တငွေ့ငွေ့ တလူလူ ပေါ်ထွက်လျက်ရှိနေလေသည်။

သစ်လုံးအိမ်ကလေးမှာ မဟူရာသစ်တောကြီးနှင့် တောင်ခြေတွင်ရှိနေသည့် သစ်လုံးအိမ်ကလေးဖြစ်၏။ သာမန်အားဖြင့် ကြည့်လျှင် မုဆိုးတစ်ဦး၏အိမ်ကလေးဟု ထင်မှတ်ရသည်။

ဤအိမ်ကလေးတွင်နေထိုင်သူမှာ နှစ်အတန်ကြာ အနားယူလျက်ရှိသည့် အဆင့်မြင့်သိုင်းသမား အဘိုးအိုတစ်ဦးဖြစ်သည်။

သူသည် စားသောက်ရန် အသီးအရွက်အခင်းများကို စိုက်ပျိုးထားပြီးလျှင် တစ်ခါတစ်ခါ အမဲသားငါးများကို ကိုယ်တိုင်လိုက်၍ဖမ်းကာ ဟင်းစားများကို ကိုယ်တိုင်လိုက်၍ ဖမ်းကာ ဟင်းစားအဖြစ်စားသောက်နေခဲ့၏။

တကယ်တော့ အဘိုးအိုတစ်ဦးအဖြစ် အသက်အရွယ်ကြီး လာသောလည်း သိုင်းပညာအား အမြဲတမ်းလေ့ကျင့်နေ၏။ အထူးသဖြင့် သူ့အား ဝတ်ကြီးဝတ်ငယ်ပြုစုကာနေသူမှာ သူ့ထံတွင် သိုင်းပညာသင်ကြားနေသည့် ပျံလွှားကျောင်းထု ဆိုသည့် တပည့်တစ်ဦးပင်။

ကျောင်းထုသည် တစ်ခါက မီးလက်ဝါးဂိုဏ်းတွင် သိုင်း သမားတစ်ယောက်ပင်။ တပည့်ခံခဲ့သော်လည်း ပညာကို

ပြည့်ပြည့်ဝဝမရတဲ့ ဟုန်းလျှောင်ခိုင်းသမျှသာ လုပ်ကိုင်ပေးနေရသည်။

ထို့ကြောင့် စိတ်နာကာ အခြားဂိုဏ်းများထံတွင် ချဉ်းကပ်၍ ပညာရှာဖွေလေ့ကျင့်သော်လည်း သူတတ်ထားသည့်ပညာအဆင့်လောက်သာရှိ၍ အားရတင်းတိမ်ခြင်းမရှိပေ။

သူသည် တစ်ကိုယ်တည်း ပညာကိုရှာဖွေရင်းက မဟူရာသစ်တောကြီးထဲမှ သိုင်းပညာရှင် အဘိုးအိုအားတွေ့လိုက်ရသည်။

အဘိုးအိုသည် ထိုစဉ်ကတောင်ပေါ်မှဆင်းလာရာ ပျံလွှားကျောက်ထု၏မျက်စိထဲတွင် မီးခိုးများလွင့်လာလေသလားဟု ထင်ရသည်။

'ဟေ့ ငါ့အိမ်နားကအကောင် အခုထွက်ခဲ့စမ်း'

'ဟုတ်ကဲ့ ကျွန်တော်ရောက်နေတာ ကွမ်းတစ်ရာညက်လောက် ရှိသွားပြီဆရာကြီး'

ထိုသို့ပြောကာ ကျောက်ထုသည် အိမ်ဝင်းတံခါးရှေ့သို့ရောက်သွားသည်။

ကျောက်ထုက ဂါရဝပြုလိုက်သည်။



အိမ်အတွင်းမှ ဆရာကြီးက ဒရယ်တစ်ကောင်ကိုဖျက်၍ မီးကင်နေသည်။ အိမ်ပေါက်ဝတွင်ရပ်နေသော ကျောက်ထုအား ဂရုမစိုက်ဘဲ သူလုပ်စရာရှိသည်ကိုသာ ဆက်၍လုပ်နေသည်။

ကျောက်ထုကလည်း တံခါးပေါက်တွင် ရပ်မြဲရပ်နေလျက်ရှိသည်။

အမှန်တော့ သူထမင်းမစားရသည်မှာ နှစ်ရက်လောက်ရှိပြီ၊ သူ့ရှိသမျှအဖိုးတန်ပစ္စည်းကလေး ရောင်းချစားသောက်ပြီးနောက် သူ့ ခွေးဝဲစားတစ်ကောင်ပမာ လမ်းဘေးတွင် တောင်းရမ်းစားသောက်ရသည့်ဘဝဖြစ်လာရသည်။

ထို့နောက် မဟူရာသစ်တောကြီးထဲမှ သိုင်းပညာရှင် အဘိုးအိုတစ်ဦးရှိကြောင်းကို သတင်းကြားရသဖြင့် သစ်တောကြီးထဲသို့ ဦးတည်ထွက်ခဲ့လေ၏။

သစ်တောကြီးသည်အလယ်ပိုင်းဒေသတွင် တတိယမြောက်တောနက်ကြီးနှင့် နှင်းများအမြဲပိတ်ဆီးလျက်ရှိသည့် တောင်ကြီးတစ်တောင်ပင်ဖြစ်တော့၏။

အမှန်မှာ အဘိုးအိုသည် နှစ်အတန်ကြာပင် အလယ်ပိုင်းဒေသသို့ရောက်လာကာ ခြသေ့တောင်ဆရာကြီး ကျော်ရှော်

ခင်း ထားခဲ့သော အတုမဲ့သိုင်းကျမ်းအား လျှို့ဝှက်ရှာဖွေနေသည့် အဘိုးအိုတစ်ဦးပင်။

ထိုအချိန်က အတုမဲ့ကျမ်းကိုရှာဖွေနေသော လူအတော်များများသည် အလယ်ပိုင်းဒေသကို တဖွဲဖွဲရောက်ရှိလျက်… အိမ်ထဲရှိအသိုးအိုမှာ ဒရယ်ကင်အား မီးဖိုခပေါ်မှချ လိုက်ပြီး။

'မင်းဝင်လာတော့၊ တံခါးပြန်ပိတ်ခဲ့'

ဟု ပြောလိုက်၏။

သူသည် အဘိုးအိုအား ထပ်မံဂါရဝပြုလိုက်ရင်းက ထိုင်လိုက်သည်။

အဘိုးအိုသည် မျက်လုံးတစ်ချက်ဝင့်ကြည့်ကာ…

'မင်း ငါ့ဆီကို ဘာကိစ္စနဲ့ရောက်လာသလဲ'ဟု မေးလိုက်သည်။

ကျောက်ထု က သူ၏အကြောင်းစုံကိုပြော၏။ နောက်ဆုံး ပညာလိုလားသဖြင့် တောထဲရောက်လာခြင်းမှာ ဆိုင်တစ်ဆိုင်မှ လူအချို့ပြောနေသံကြား၍ ပညာရှာဖွေလိုသောကြောင့် စွန့်လာခဲ့ရာ မျက်စိလည်၍ နှစ်ရက်မျှမစားသောက်ရ ရှိကြောင်းကိုပြောသည်။



'အေး ငါတပည့်မရှာတော့ဘဲ အေးအေးဆေးဆေးပဲ ဒီတောထဲမှာနေလာတာ၊ မင်း ငါနဲ့နေရင် လက်မခံနိုင်ဘူး အခုပဲစားသောက်ပြီးထွက်သွားတော့'

အဘိုးအိုက ထိုသို့ပြောလိုက်သဖြင့် ကျောက်ထုမှာ ဝမ်းနည်းပက်လက်ဖြစ်ကာ…

'ကျွန်တော်ရောက်လာမှတော့ ဘာမှမစားဘဲပြန်ပါတော့မယ် မြန်မြန်သေလဲ အားဘာ ပဲ'

ကျောင်းထု သည် ဇိုရှင်း ဒယီးဒယိုင်ဖြင့် အိမ်ကလေးထဲမှထွက်သွားသည်။ အိမ်ကလေးနှင့်မလှမ်းမကမ်းရှိ ချောက်ထဲသို့ ခုန်ချရန် ထိုးချိန် ယိုက်သည်။

ထိုစဉ် သူ၏ကိုယ်သည် ချောက်ထဲရောက်မသွားဘဲ တစ်စုံ တစ်ယောက်က ဆွဲလိုက်ခြင်းခံရကာ သေပေါ်တွင်ပြောင်၍ ပါလာသည်။

သူကမျက်စိဖွင့်ကြည့်သောအခါတွင် အဘိုးအိုက သူ့အား ပွေ့ယူကာ အိမ်အတွင်းရှိ ဝက်ဝံသားရေဖျာပေါ်တွင်ချကာ တစ်ချက်ရယ်သည်။

'ကောင်းပြီ မင်းဟာ တကိုယ်အနစ်နာခံမယ်ဆိုတာ ငါ ယုံကြည်သွားပြီ ငါ့ဆီမှာနေဖို့ခွင့်ပြုလိုက်ပြီ။

မဟူရာ သိုင်းသမားကြီး ဟိုစွေချိန်းသည် အနက်ရောင် မိစ္ဆာဂိုဏ်းသားများအား အလွန်မုန်းသူဖြစ်သည်၊ များသောအားဖြင့် ဂိုဏ်းအချင်းချင်းတိုက်ခိုက်နေပြီး အတုမဲ့ကျမ်းအား ရှာဖွေနေကြသူများမှာ အနက်ရောင်ဂိုဏ်းသား အများဆုံးပင်၊

ထို့ကြောင့် ကျောက်ထုအား ပညာများ သင်ကြားပေးသည်မှာ တစ်နှစ်အချိန်ကုန်ဆုံးခဲ့ပြီ၊

တစ်နေ့တွင်....

ကျောက်ထုအား မြို့ထဲသတင်းစုံစမ်းရန် စေလွှတ်သည်၊

သူ ခမောက်ဆောင်း၍ အရက်ဆိုင်တွင်း ဝင်လာရာ သူ့အားမမှတ်မိကြ၊ သူ အရက်နှင့်စားစရာများ မှာ၍စားသောက်နေစဉ် သစ်ဖြူကာ ချင်းစိန်အား ဟောင်းနွမ်းသည့် စာအုပ်လေးတစ်အုပ်အား ရောင်းနေသည်ကို တွေ့ရသည်၊

ဤသည်မှာ ထူးခြားသောအဖြစ်အပျက်တစ်ခုပင်၊

တစ်နေ့ရာတွင် မီးလက်ဝါးဂိုဏ်းသားများက စွန်ရဲအား သတ်ဖြတ်၍ ဂိုဏ်းချုပ်တည်ရာကို အမြန်ပြေးသွားသည်ကို တွေ့လိုက်ရသည်၊



ကျောက်ထုက ကိုယ်ဖော့ပညာသုံး၍လိုက်ခဲ့ပြီး။

မီးလက်ဝါးဟုန်းလျှောင်အဖွဲ့ အတုမဲ့ကျမ်းကို အလွယ်တကူရ၍ ပျော်ရွှင်နေပြီး တပည့်များအား အစားအသောက်ပွဲကျင်းပ အောင်ပွဲခံရန်ခွင့်ပြုသည်၊

ထို့နောက် ဟုန်းလျှောင်အားတိုက်ခိုက်၍ ကျမ်းကိုယူပြီး အလျင်အမြန်ပြေးလာခဲ့၏၊

ထို့နောက် အရိပ်မည်းတစ်ရိပ်ကလည်း သူ့နောက်ကို ထက်ကြပ်မကွာလိုက်နေသည်ကို သူသတိမမူမိ၊

သူ သစ်တောကြီးအတွင်း အလျင်အမြန် ဝင်ခဲ့စဉ်မှာပင် လူရိပ်တစ်ရိပ် သူ၏နောက် ရောက်လာသည်ကိုတွေ့ရသည်။

ကျောက်ထု လက်ပြန်ရိုက်လိုက်စဉ်....

လိုက်လာသူက သူ၏နောက်စေ့ကြောကိုလှမ်းထောက်ပြီး ရှိန်ထွက်သွားလေသည်။

ရန်သူသည် သူ၏တိုက်ကွက်ပုံစံအတိုင်း သူ့အား လျှပ်တစ်ပြက်တိုက်ခဲ့သည်၊

‘ဟေ့ မင်းက ဘယ်ကလွှင့်လာတဲ့အကောင်လဲ’

ဖျံလွှားက ဒေါသဖြင့်မေးလိုက်သည်။

'ဖျံလွှားဟာ မင်းလား'

'ဟုတ်တယ်'

'အေး ငါကတော့ဖျံမီးခိုးဘဲ'

'မင်း အိတ်ထဲက အတုမဲ့ကျမ်းက ငါ့ကိုခေါ်နေလို့ လိုက်လာတာ'

'ဟား ဟား ဟား အပြောကြီးတဲ့မီးခိုး ကဲ ငါ့ မဟာရာအရိပ်မဲ့ ဝိညာဉ်ပျောက် အစ်ကွက်အလောက် မည်း လိုက်စမ်းပါကွာ'

'ရှမ်း ရှမ်း'

'ချွမ်း ချွမ်း'

ဓားသံများက မည်းမှောင်သည့်သစ်တောအတွင်း ဆူညံသွားသည်။

သစ်တောကလည်း မည်းမည်းမှောင်မှောင် လူရိပ်နှစ်ရိပ်ကလည်း မည်းမှောင်နေ၍ အလင်းရောင်လက်လက် ဝင်းခနဲ တွေ့ရသည့် ဓားရောင်သာမြင်ရသည်။



ရုတ်တရက်အသံတစ်သံကို ကြားလိုက်ရ၏။ ထိုအသံမှာ သေမင်းနိုင်ငံမှ ခေါ်လိုက်သည့်အသံနှင့်တူသည်။

'အား'

'ဝုန်း'

'ဟား ဟား ဟား'

'မီးခိုး မီးခိုး မင်း သူခိုးကျင့်သူခိုးကြံနဲ့ ငါ့ကိုတိုက်လို့ တယ်ရမလဲကွာ'

ဖျံလွှားကျောက်ထုံက မီးခိုး၏အလောင်းအား ဖိနပ်ဖြင့် ဆောင့်ကန်ရင်း ပြောလိုက်သည်။

ထိုစဉ် သစ်တောကြီးတစ်ခုလုံး လင်းထိန်သွားသည့် မီးရောင်များကိုတွေ့ရသည်။

အနက်ရောင်သိုင်းသမား ငါးဆယ်ခန့်သည် ရုတ်တရက် မီးတုတ်များထွန်းကာ ပေါ်ထွက်လာလေသည်။

သူတို့အားလုံးသည် ကျနေရောဟု မည်သည့်အချိန်ကစောင့်နေကြသည်မသိ၊ လျှို့ဝှက်ရောက်နေကြခြင်း ဖြစ်လေသည်။ အနက်ရောင်အင်္ကျီများ၏ ရင်ဘတ်ပေါ်တွင် လူ၏ဦးခေါင်းပုံကိုဆွဲထားကြ၏။

ပျံလွှားကိုဝိုင်းထားကြသည်။ သူတို့သည် တကယ်တော့ အလွန်ဆိုးဝါးရက်စက်သော အရိုးတောင်ဂိုဏ်းမှ ဖြစ်ကြသည်။

'ဘောကောင် မင်းအိတ်ထဲက အတုမဲ့ကျမ်း တို့လက်ထဲ ထည့်လိုက်စမ်း'

ခေါင်းဆောင်လုပ်သူမှာ အရပ်မြင့်မြီး တကယ့်လူဦး ခေါင်းကြီးတစ်လုံးအား လည်ပင်း၌ဆွဲထား၏။ သူတို့ကလည်း သတင်းများရထားသောကြောင့် ပျံလွှားအား လာ၍စောင့်နေကြခြင်းဖြစ်သည်။

ယခု ပျံလွှားအား ဝိုင်းထားကြပြီ။ သူသည် လျှပ်တစ်ပြက်ပင် ခါးကိုရွေ့၍ လွှားခနဲခုန်တက်လိုက်သည်။

'ယား'

'ယား'

'ဝှီး ဝှီ ဝှီး'

'ဝှစ်'

သူ သစ်ပင်ပေါ် ခုန်တက်လိုက်သည်နှင့်တစ်ပြိုင်နက် အရိုးတောင်အဖွဲ့အားလုံးကလည်း ယားခနဲအော်ကာ သစ်ပင်များပေါ် ခုန်တက်လိုက်၏။



ထို့နောက်တွင် ခါးပုံနှင့် မြားပျံကို အရိုးတောင်အဖွဲ့များထံ ပစ်လွှတ်လိုက်စဉ် ပျံလွှားက ခါးဖြင့်ပစ်လွှတ်လိုက်ကာ အခြားသစ်ပင်များပေါ်သို့ ပြေးလွှားကူးသွားကြ၏။

ညဉ့်အခါတွင် သူ၏နောက်ကို အရိုးတောင်အဖွဲ့သားများက မျက်ခြည်မပြတ်လိုက်ရင်း အဆိပ်ခါးကို သုံးကာ ပစ်လိုက်ကြသည်။ သစ်ပင်ပေါ်မှ သူခုန်ဆင်းလိုက်ကာ တောင်ကမ်းပါးယံပေါ်သို့ တက်လိုက်ပြန်သည်။

မဟူရာ သိုင်းသမား ဟိုရွှေချွန်နေထိုင်သော အိမ်ကလေးနှင့်မူ အဝေးပင်လိုပေသေးသည်၊

ထိုအခိုက် လရောင်သည် ပို၍လင်းလာလေသည်း

အရိုးဘောင်အဖွဲ့သားများလည်း ခေါကြသူများမဟုတ်၊ သူတို့သည် အနောက်တောင်တန်းတစ်လျှောက် ခေါကြသူများမဟုတ်၊ အလွန်ကြောက်စရာကောင်းသူများဖြစ်၏။ သူတို့၏ အဆိပ်ခါးပျံများသည် အလွန်ကြောက်စရာကောင်းသည်။

ပျံလွှားသည် တဝှီးဝှီးပျံလာသော အဆိပ်မြား များအား ခုန်ရှောင်ခြင်း၊ ခါးဖြင့်ယမ်း၍ ဖယ်ရှားကာ တောင်ကုန်းပေါ်မှ ခုန်ဆင်းခဲ့သည်။

စင်စစ် အရိပ်မည်းကြီးသည် အဘိုးအိုပင်ဖြစ်ကာ ရသေ့တစ်ပါးကဲ့သို့ အညိုရောင်ဖားလျားကြီးကို ဝတ်ထားလေ၏၊

'လာပြီဟေ့'

အဘိုးအိုသည် မဟာရာသိုင်းသမားကြီးပင်ဖြစ်သည်၊

'ဖြန်း ဖြန်း ဖြန်း'

ထို့နောက် အင်္ကျီသက်စကို ယမ်းခါလိုက်ရာ မည်းနက်သော အရာဝတ္ထုကလေးများစွာပြေးထွက်သွားလျက် အရိုးတောင်အဖွဲ့သားများအပေါ်သို့ ပိုက်ကွန်ကြီးသဖွယ် ကျသွားလေသည်၊

ယင်းလက်နက်များသည် သေးငယ်သောအသံမြည်လျက် ပြေးသွားခြင်းဖြစ်သည်၊

'ဝှီး ဝှီး ဝှီး'

ပိတုန်းကောင်များကဲ့သို့ ထိုလက်နက်များမှာ အရိုးတောင်အဖွဲ့သားများအား ထိမှန်၍သွားကြလေသည်၊

'အား အား အား'

အရိုးတောင်သိုင်းသမားအမြားအပြားမှာ အတုန်းအရုန်း လဲကျကုန်တော့၏၊ တချို့ထွက်ပြေးသွားကြသည်၊



'ဘယ်သူ့ကိစ္စမှမရှိတဲ့အတွက် ဘာဘာလာပြီးစောင့်နေခဲ့တာ၊ ကင်တဲ့ဘက်ဝင်းပဲ အရိုးတောင်အဖွဲ့သား ဝိဉ္စာတွေက မင်းကို သတ်ဖို့လိုက်လာတာကိုး'

'ဟုတ်ပါတယ်ဆရာကြီး၊ သူတို့ဟာ တပည့်ယူလာတဲ့ ကျမ်းကို လုဖို့အတွက်လိုက်လာကြတာပါ'

ဟိုရှေချွန်းသည် ထိုစကားကြောင့် မျက်စိပြူးကာ…

'မင်းသိုင်းကျမ်းက ဘယ်လိုရလာတာလဲ'

ဟိုရှေချွန်းက မယုံကြည်နိုင်သလိုမေးသည်။

'မိုးလက်ဝါး ဟုန်းလျှောင်ဆီက ကျွန်တော်တစ်ဆင့်ယူခဲ့တာပါ'

ပျံလွှား ထိုသို့ပြောဆိုရင်းက အလျှင်အမြန်ပင် အိမ်ကလေးဆီကို လာခဲ့ကြသည်၊

ထိုအချိန်မှာပင် တောင်ကမ်းပါးယံတစ်နေရာမှ အရာဝတ္ထုတစ်ခုသည် ငှက်တစ်ကောင်ပမာ လှုပ်ရှားသွားလေသည်၊ အမှန်တော့ ငှက်တစ်ကောင်မဟုတ်ပါချေ၊

အရိုးတောင်အဖွဲ့သားများကဲ့သို့ နောက်ယောင်ခံလိုက်ကြသည့်အဖွဲ့ထဲမှ အဆင့်မြင့် သိုင်းသမားတစ်ယောက်ပင်။

'အရိုးတောင်အဖွဲ့သားတွေကို မဟာရာသိုင်းသမားကြီး ကန္တာရရွှေမှုန်သက်နက်ကို သုံးလိုက်တာကိုး'

ထိုလူသည် ခပ်တိုးတိုးလေးပြောလျက်....

မဟာရာသိုင်းသမားကြီးနှင့် ပျံလွှားတို့၏နောက်သို့ တိ တဆိတ်လိုက်ပါလာသည်။

သစ်လုံးအိမ်ကလေးတွင်း ဝင်ရောက်သောအခါမှ ထို သည် အလျင်အမြန်ထွက်ပြေးလေတော့သည်။

* * *



အတုမဲ့သိုင်းကျမ်း သို့မဟုတ် လူသေးလှမ်းကျမ်း'

အတုမဲ့သိုင်းကျမ်းကို ပျံလွှားက သူ၏အတွင်းအိတ်ထဲမှ မဟာရာသိုင်းသမားကြီးကို ထုတ်ပေးလိုက်၏။

'ဟား ဟား ဟား'

မဟာရာသိုင်းသမားကြီးကို ရွှေချွန်းက တဟားဟား ရယ်မောလိုက်လေသည်။ သူသည် ရယ်ခဲလှသူဖြစ်သည်။

ယခုအခါ အလွန်ကျေနပ်ဝမ်းမြောက်သောအနေဖြင့် ရယ်လိုက်ခြင်းပင် ဖြစ်သည်။

'ဒါဟာ ဒီအတုမဲ့သိုင်းကျမ်းကို ဒီမဟာရာဒေသမှာ ရှာလာတာ ကြာပြီ၊ အခုမှအလွယ်တကူနဲ့ ငါ့လက်ထဲရောက်လာတာ ငါနဲ့အင်မတန်ကံထိုက်လို့ ရောက်လာတာပဲ၊ သိုင်းလောကသားတွေဟာ ခြသေ့ငယ်ဝင်ဆရာကြီး ကျာရှောင်မင်း ထားခဲ့တဲ့ အတုမဲ့သိုင်းကျမ်းကို လိုချင်ကြတယ်၊ သူတို့အားလုံး အတုမဲ့သိုင်းဝိဇ္ဇာတွေ ဖြစ်သွားချင်ကြတယ်၊ ဒါပေမယ့် ဘယ်သူမှ ရှာမတွေ့ကြဘူး၊ တွေ့မယ့်တွေ့တော့လဲ လွယ်လွယ်လေး ရလိုက်ပါလား'

ထိုသို့ မဟာရာသိုင်းသမားကြီးက ပြောလိုက်သဖြင့် ပျံလွှား ကိုယ်တိုင်ပင် မျက်လုံးများက လက်လက်တောက်ပလာလေတော့သည်။

မဟာရာသိုင်းသမားကြီး ပြောလိုက်သကဲ့ပင် သူကိုယ်တိုင် အတုမဲ့သိုင်းသမားတစ်ဦး အလွန် ဖြစ်လိုသောကြောင့်ပင် ဖြစ်သည်။

'အင်း.... အတုမဲ့သိုင်းကျမ်း အခုပဲ သေးတွေလွမ်းကုန်ကြပြီ၊ သေးတွေလွမ်းကုန်ကြပြီ'

ထိုသို့ မဟာရာသိုင်းသမားကြီးကို ရွှေချန်းတပြောကာ အတုမဲ့သိုင်းကျမ်းစာအုပ်ကလေးအား မီးရောင်တွင်ထောင်၍ ကြည့်လိုက်၏။

နှစ်ပေါင်းအတော်ကြာကပင် ဂူကြီးအတွင်း လျှို့ဝှက်ထားခဲ့သောကြောင့် အလွန်ပင် ဟောင်းနွမ်းကာ စာရွက်များ ဝါကျင်နေကြ၏

သူသည်ကျမ်းသိုင်းစာအုပ်၏ ပထမ စာရွက်ကိုကြည့်ရန် အဖုံးဖွင့်လိုက်စဉ်....

သစ်လုံးအိမ်ကလေး၏ အပြင်မှ အသံတစ်သံကြားလိုက်ရ၏။

ထို့ကြောင့် သိုင်းကျမ်းစာအုပ်ကလေးကို ဖွင့်မကြည့်တော့ဘဲ လျှပ်တစ်ပြက်ပင် ပြတင်းပေါက်ဖွင့်၍ အပြင်သို့ ရိပ်ခနဲကိုယ်ဖော့အားသုံးကာ ခုန်ထွက်လိုက်လေသည်။



မဟာရာသိုင်းသမားကြီး၏နောက်မှ ပျံလွှားတက်လိုပါ သွားခဲ့လေသည်။

ရုတ်တရက် စူးရှသောအသံတစ်သံကို ကြားရလေသည်၊

'ဗိုး'

'ဝှစ် ဝှစ် ဝှစ်'

လရောင်တွင် ပြေးလာလောအရာဝတ္ထုများမှာ လက်နက်ပုန်းအချို့ပင်ဖြစ်သည်။

အလွန်အရှိန်အဟုန် ပြင်းပြင်းနှင့် ပြေးဝင်လာခြင်းဖြစ်သည်။

ရွှေချန်းက သူ့ရဲ့အင်္ကျီလက်စကြီးကို ယမ်းခါ၍ ပစ်လိုက်ရာ ထိုအရာဝတ္ထုများသည် ဘေးသို့လွင့်သွားပြီး အချို့က ဖောက်ဖောက်ဟူ၍ မီးပွင့်များ ထွက်လာတော့သည်။

'ဟင်....ယမ်းနဲ့ပြုလုပ်ထားတဲ့ လက်နက်ပုန်း အဆန်းတွေပါလား၊ ဘယ်သူကလာပြီး ငါ့ကိုလုပ်ကြံတာလဲ'

ရွှေချန်းသည် ညကြည့်မျက်လုံးဖြင့် သေသေချာချာ ကြည့်လိုက်သည်။

မျောက်တစ်ကောင် ပြေးလွှားသွားပြီး သစ်ပင်များပေါ်မှ ပြေးလွှားသွားသည့် လူရိပ်တစ်ရိပ်အား တွေ့မြင်လိုက်ရလေသည်။

ချက်ချင်းပင် သစ်လုံးအိမ်လေးဆီကို ပြန်လာခဲ့ကြသည်၊

သစ်လုံးအိမ်ကလေးထဲတွင်မှန်မီးအိမ်တစ်ခုအပြင် မီးလင်းဖို တစ်ဖိုလည်း ရှိနေသည်။

မီးလင်းဖိုတွင် ရေနွေးတစ်အိုးက ပွက်ပွက်ဆူလျက် ရှိလေသည်။

ပျံလွှားကျောက်ထုံက အလိုက်သိစွာပင် နက်ကြုတ်သော လက်ဖက်ရည်အိုးထဲကို ရေနွေးများများထည့်ကာ မဟူရာဆရာကြီး၏ရှေ့ကို ချပေးလိုက်သည်။

'အင်း... ရန်သူတွေဟာ ထူးထူးဆန်းဆန်း ငါ့ကိုတောင် လုပ်ကြံလာပါလား'

'ဆရာကြီး ရန်သူတွေက ဆရာကြီးဒီမှာနေတာ သိသွားကြပြီ၊ အမြန်ဆုံးနေရာပြောင်းရင် ကောင်းမယ်ထင်တယ် ဆရာကြီး ခင်ဗျ'

ကျောင်းထုံက စိုးရိမ်သံဖြင့် ပြောလိုက်သည်၊

'အေး ငါ့တပည့်ပြောတာမှန်တယ်၊ ဒါပေမယ့် ဒီညတော့ သူတို့မလာရဲကြတော့ပါဘူး၊ မနက်စောစော ဆရာပြုလုပ်ထားတဲ့ ဒုတိယစခန်းကို ပြောင်းကြတာပေါ့'

ရွှေချွန်းက ပြောလိုက်ပြီး....



'ကဲ လာ စားလေ၊ မင်းလဲ အတော်ဆာရောပေါ့'

'ဟုတ်ကဲ့ဆရာကြီး'

ဟိုရွှေချွန်းသည် အတုမဲ့ကျမ်းစာအုပ်ကလေးအား ဒုတိယအကြိမ် ထုတ်လိုက်ပြီး အနားယူရန် ပက်လက်ထိုင်ခုံကြီးပေါ်တွင် ထိုင်ချလိုက်သည်။

'အတုမဲ့သိုင်းကျမ်း....'

မဟူရာသိုင်းသမားကြီးသည် စာအုပ်ကလေးအား ပွတ်သပ်ကာရှိနေသည်၊

တကယ်ပင်ဝမ်းသာခြင်းအရိပ်ဖြင့် ဝါးထိုင်ခုံကြီးပေါ် အိပ်ပျော်သွားသည်။

'အင်း ငါ့အသက်နဲ့လဲလှယ်ခဲ့တဲ့ကျမ်းကို ငါကိုယ်တိုင်ကြည့်ပြီးသင်လဲ အတုမဲ့သိုင်းသမားတစ်ယောက်ဖြစ်နိုင်တယ်'

ကျောင်းထုံသည် ဤကျမ်းကိုပေးလိုက်ရခြင်းဖြင့် နှမြောစိတ်များ ဖောက်ပြန်လာတော့သည်။

'ဟင် ဒါဟာ ငါနဲ့ထိုက်တဲ့ကျမ်း'

ကျောင်းထုံ ရင်ထဲမှပြောလိုက်သော ဝမ်းသာလုံးပင်။

'ဟင် ငါ့ကို ပညာရေးအစားပါကျွေးမွေးသင်ပေးတဲ့ကျေးဇူးရှင်ဆရာကြီးပါလား'

သူ ထိုသို့တွေးလိုက်ပြန်သောအခါ…

'အို ဘာပဲဖြစ်ဖြစ် ဒီကျမ်းကို ငါပြန်ရအောင်ယူမယ်'

သူ့စိတ်ထဲက ရေရွတ်ပြောလိုက်သည်။

'ခေါ် ခေါ် ခေါ်'

ဟုရွှေချင်၏ဟောက်သံသည် ပေါ်ထွက်လာသည်။

'အင်း အချိန်ရှိတုန်း ငါလုပ်ကြံရမယ်'

သူက ဆုံးဖြတ်ချက်ချကာ ခေါင်းရင်းပေါ် လှမ်းရောက်သွားသည်။

'ဟေ့ ကျောင်းထိုင် မင်းယူလာတဲ့ကျမ်းကို မင်းပြန်ယူလိုက်ပါလား၊ ဘာတွေဝေးနေယဒလဲ'

သူ၏ဝန်းကျင်မှ အရာဝတ္ထုများက သူ့အား လောဘဇောတိုက်တွန်းပို့နေသလို ကြားယောင်လျက် ရှိနေပြန်သည်။

'အင်း…ဆရာကြီးဟာ ဒီအတုမဲ့ သိုင်းကျမ်းကိုလဲ သူ တစ်ဦးတည်း အပိုင်စီးလေ့ကျင့်ပြီးမှ ငါ့ကိုမဖြစ်စလောက် သင်ပေးမှာပဲ၊ သူကတော့ သိုင်းလောကမှာ သိုင်းဘုရင် တစ်ဆူဖြစ်အောင် လုပ်မှာသေချာတယ်'

ပျံ့လွှားစိတ်များက မတည်မငြိမ် ဖြစ်လာသည်။

'ဟင်း'



သူသည် အကြိတ်ကာ သက်ပြင်းကို အသာအယာကလေး မှုတ်ထုတ်လိုက်သည်။

စွေချန်းသည် သူနှင့် လက်တကမ်းသာ ရှိနေသည်။

ထို့ကြောင့် တခေါခေါ အိပ်ပျော်သွားသည့် ဆရာကြီးအား မကျေမနပ် ကြည့်လိုက်ရင်းက သူ၏ဓားကို ဖြည်းဖြည်းကလေး ဆွဲထုတ်လိုက်သည်။

ကျောင်းထိုင်၏ မျက်စိများသည် ပိုရှ်အရောင်လက်တောက်ပလာတော့သည်။

'ခုတ် ခုတ် မြန်မြန်ခုတ်ပါတော့လား'

ဘေးမှတိုက်တွန်းနေသကဲ့သို့ အသံများ ကြားလိုက်ရလေသည်။ သူသည် ဖြည်းဖြည်းညင်သာစွာထလိုက်လေ၏။

ထို့နောက်…

'ဝှီး'

သူ့ဓားဦးဖြင့် တစ်ရှိန်ထိုး ဆရာကြီးစွေချန်း၏ ရင်ညွန့်ကို လျှပ်တစ်ပြက် ထိုးချလိုက်တော့၏။

'ကဲဟာ'

'အား'

မမျှော်လင့်သောအဖြစ်က ရုတ်တရက် ဖြစ်ပေါ်လာ၏။ ကျောင်းထုံ၏ဓားဦးက စွေချုန်းရဲ့လက်ထဲတွင် ညှပ်နေကာ ချွန်မြစူးရှသော ဓားအစ်ချောင်းက သူ၏ရင်ဝသို့ ထိုးဖောက်စိုက်ဝင်သွားခြင်းပင်တည်း။

ဝင်စစ် စွေချုန်းသည် မအိပ်ပါ။ မျက်ခွံများကို မှေးထားပြီး အသက်ခုန်မှန်မှန်ရှူကာ အနားယူလိုက်ခြင်း ဖြစ်သည်၊

ထို့ကြောင့် စွေချုန်းသည် သူ့တပည့်၏စိတ်ဓာတ်ကိုသိထားသောကြောင့် အတုမဲ့သိုင်းကျမ်းကိုရင်ခွင်တွင်တင်ကာ ဟခေါ ခေါ အိပ်ချင်ဟန်ဆောင်လိုက်ပြီး ကျောင်းထုံ၏ အခြေအနေကို မျက်ခွံများမှေးကာ ကြည့်နေခြင်းဖြစ်သည်။

သူတော်သလိုပင်ကျောင်းထုံ၏မျက်စိက အခွင့်မရတော့ကာ ဖောက်ပြန်လာသည်။

မကြာမီ ဓားရိုးပေါ် လက်ရောက်သွားသည်ကို မြင်ရလေသည်။

'ခြော် ...မိုက်မဲတဲ့တပည့်၊ ဖောက်ပြန်တဲ့တပည့်၊ ကျေးဇူးတရား မသိတဲ့ သတ္တဝါ'

စွေချုန်း၏ စိတ်ထဲမှာ ညည်းတွား ပြောလိုက်ခြင်း ဖြစ်သည်၊

ကျောင်းဆုံက တလားတား လျှပ်တစ်ပြက်ပင် သူ့အား ဓားဦးဖြင့် ထိုးချလိုက်သည်။



သူက အတွင်းအားကို စုစည်းပြီး ဓားကိုဖမ်းယူထားပြီး ဘယ်လက်တွင် လျှို့ဝှက်ဆုပ်ယူထားသော မဟူရာဓားဖြင့် ကျောင်းဆုံ၏ နှလုံးသားသို့ ထိုးစိုက်လေသည်။

'ဂုန်း'

'အီး'

သူ၏ ကိုယ်ကြီးသည် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကျသွားသည်၊ သွေးများက ရင်ညွန့်မှ တစိမ့်စိမ့်ယိုစီးကျလျက် ရှိနေသည်၊

စွေချုန်းက မဟူရာဓားအား ပျံလွှားရဲ့ ခါးစည်းပိုးဖျင်ဖြင့် သွေးများကို သုတ်ပစ်ပြီးလျှင် ဓားအိမ်ထဲကို ပြန်သွင်းလေသည်။

'ထွီ'

တံတွေးတစ်ချက်ထွေးလိုက်သည်၊ အလွန် ရွံစရာကောင်းသော သတ္တဝါတစ်ကောင်အား ကြည့်လိုက်ရသကဲ့သို့ ရှိလေသည်။

ထို့နောက် သူ၏ အသက်မဲ့နေပြီဖြစ်သော ကိုယ်ခန္ဓာကို မယူကာ သစ်လုံးအိမ် အတွင်းမှ ထွက်ခဲ့သည်။

စွေချုန်းက လျှင်မြန်စွာ အိမ်ကလေးနှင့် မဝေးလှသော ချောက်နက်ကြီးရဲ့ နှုတ်ခမ်းပါးထိပ်သို့ ရောက်လာခဲ့သည်။

'ဖျပ် ဖျပ် ဖျပ်'

သူ့ရဲ့ ဝတ်ရုံအင်္ကျီအောက်အနားမှာ လေတိုးသံကြောင့် တဖျပ်ဖျပ်ခါလျက် ရှိနေလေသည်။

'သွားတော့ လူမိုက်ကလေးရေ'

စွေချန်းက ပါးစပ်မှရေရွတ်ရင်း ပျံလွှားရဲ့အလောင်းကို ချောက်ထဲသို့ပစ်ချလိုက်သည်၊

'ဖြောင်း ဝုန်း'

သစ်ပင် သစ်ကိုင်းနှင့်ထိသံ ကျောက်တုံး ကျောက်ခဲများနှင့် ထိသံကို ကြားလိုက်ရကာ စွေချန်းသည် သစ်လုံအိမ်ကလေးဆီသို့ ပြန်လာခဲ့လေသည်၊

## အခန်း (၆)

မဟာ့ရာသိုင်းသမားကြီး ဟိုစွေချန်းသည် သစ်လုံးအိမ်လေးထဲသို့ မဝင်မီ အနံ့အသက်အချို့ကို ရလိုက်သည်၊

'အင်း သတ္တဝါတစ်ကောင်ဘော့ ရောက်နေပါလား'

'ဝုန်း'

သူက ခြေထောက်နှင့် ဆောင့်ကန်၍ အိမ်တံခါးကို ဖွင့်လိုက်ပြီး ကျွမ်းတစ်ပတ် ပစ်လိုက်သည်၊

'ရှီ'

လှံ့ တိုတစ်ချောင်း ဝှီးခနဲပြေးထွက်လာသည်၊ စွေချန်းရဲ့ ဘေးမှ သီသီလေး ပွတ်လွဲသွားသည်၊

သူ့အားစောင့်နေသော ဧည့်သူသည် အိမ်ထဲမှ ထွက်မလာလေချေ၊

'ဝှစ်'

'ယား'

ထိုအော်သံနှင့်အတူ စွေချွန်း ကျွမ်းပစ်၍ မြေပေါ်ရောက်သည်နှင့် အနက်ရောင်သိုင်းသမားတစ်ဦး ဓားနှင့် ခုန်ပျံ ခုတ်ချလိုက်သည်၊

စွေချွန်းက နေ ဘက်ကို ခုန်ရှောင်လိုက်သည်၊

'ဝှစ်'

'ယား'

ပြန်ကျလာသောအခါတွင် သူ့အား ဝိုင်းထားသောလူငါးယောက်ကို တွေ့ရသည်၊

'မင်းတို့ ဘယ်ကလာတဲ့ မသာလောင်းတွေလဲ'

ဝိုင်းထားသော အဝတ်နက်ဝတ် လူများကို စွေချွန်းက မေးလိုက်သည်၊

'ဟဲ ဟဲ ဒီမေးခွန်းကို ကျုပ်ကပဲ ဖြေပါ့မယ်'

ထိုအသံနှင့်အတူ အိမ်ကလေးထဲမှ လူတစ်ဦး ထွက်လာလေသည်၊



'ဪ....မုန်တိုင်းလိပ်ပြာ စွန်တိတ်လျှောင်ပါလား'

'ဟုတ်ပါတယ်၊ ခင်ဗျားထံက ပစ္စည်းလေးတစ်ခု ဘောင်းချင်လို့ လာခဲ့တာ'

မုန်တိုင်းလိပ်ပြာ စွန်တိတ်လျှောင်က ပြောလိုက်သဖြင့် မဟူရာသိုင်းဆရာကြီးက ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်းက....

'တောထဲမှာ ငါတစ်ဦးတည်းနေလာတာ ဘာပစ္စည်းများရှိမလဲ'

'ဟား ဟား ဟား ဒီလိုလိမ့်သိဘယ်ရမလဲ၊ ခင်ဗျားတပည့်ယူလာတဲ့ အဘုမ္မဲ့သိုင်းကျမ်းလေ'

'ဒါလား ရပါတယ်ကွာ၊ မင်းက ငါ့ကို သတ်ယူနိုင်မှ ရမယ့်သိုင်းကျမ်းပဲ'

'ဟား ဟား ဟား၊ သိပ်သဘောကျသွားပြီ၊ ကြည့်စမ်း ကျုပ်ရဲ့ သွေးဆိပ်လိပ်ပြာလက်ဝါး၊ တစ်ချက်မှားတာနဲ့ ခင်ဗျားအသက် ပျောက်စေရမယ်'

မုန်တိုင်းလိပ်ပြာက သူ၏လက်ဝါးကို မြှောက်ထားရာက လှန်ပြလိုက်သည်။ လက်ဝါးအခရောင်က တလက်လက် ထွက်ပေါ်ရှိနေ၏။

ဆရာကြီး၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။ သူက အတွင်းအားကို စုစည်းကာ လက်ဝါးသို့ ပို့လွှတ်ထားလိုက်သည်။

ထို့နောက်တွင် သူ၏လက်များကို ရှေ့သို့ ဆန့်ထုတ်လိုက်ရာ လေလုံးကြီးတစ်လုံး ပြေးထွက်သွားသည်။

'ဝှန်း'

'ဝေါ'

စွေချန်း၏ အတွင်းအားဖြင့် ဆန့်ထုတ်လိုက်သော လေလုံးကြီးသည် မုန်တိုင်းလိပ်ပြာထံသို့ ပြေးဝင်သွားသည်၊

မုန်တိုင်းလိပ်ပြာသည် လေလုံးကြီးအပေါ်သို့ ခုန်တက်သွားလေသည်၊

မုန်တိုင်းလိပ်ပြာ စွန်တိတ်လျောင်သည် လေလုံးကြီးအပေါ်သို့ တက်သွားကာ သူ၏ ကိုယ်ကိုကော့၍ မဟာရာသိုင်းသမားကြီးဆီသို့ ကျွမ်းပစ်၍ ရောက်ရှိသွားလေသည်။

'ဝှန်း'

မုန်တိုင်းလိပ်ပြာ၏ ပြင်းထန်လှသော သွေးဆိပ်လိပ်ပြာလက်ဝါးဖြင့် မဟာရာသိုင်းသမားကြီး ခေါင်းပေါ်သို့ ရိုက်ချလိုက်လေသည်။



'ဂွန်း'

မဟာရာသိုင်း သမားကြီးက သူ၏အတွင်းအားကိုစု၍ လက်နှစ်ဖက်ဖြင့် ခံလိုက်ရာ ပြင်းထန်သော အသံကြီးပေါ်ထွက်လာလျက် အခိုးအငွေ့များ တလူလူထွက်လာသည်။

မုန်တိုင်းလိပ်ပြာ စွန်တိတ်လျောင် သွေးအဆိပ်လိပ်ပြာလက်ဝါး သိုင်းကွက်မှာ ပြင်းထန်သောကြောင့် မဟာရာအဖွဲ့သားများ မီးစကြီးဖြင့် အထိုးခံရသလို ခံစားလိုက်ရသည်၊

လက်ဝါးမှတစ်ဆင့် စီးဆင်းလာသော သွေးအဆိပ်လိပ်ပြာမှာ ရင်ထဲသို့ပင်စီမ့်ဝင်လျက်ခေါင်းဆီသို့ပျံ့တက်လာသည်။

အမှန်တော့....

ဟိုရွှေချန် ခံစားလိုက်ရခြင်းဖြစ်သည်၊

'ဝေါ'

မီးလျှံလုံးကြီးသည် မုန်တိုင်းလိပ်ပြာဆီကို လွင့်ထွက်လာတော့သည်။

'ဝှန်း'

'ဂျိန်း'

လေလုံးကြီးနှစ်လုံး၏ ယှဉ်ပြိုင်မှုကြောင့် မီးလျှံများတဖွားဖွားထွက်လာသည်၊

တစ်ချိန်တည်းမှာပင်....

ဟိုရွှေချန်နှင့် လိပ်ပြာတို့သည် လေထဲတွင်ခုန်တက်လိုက်ရာ နှစ်ဦးသား ပူးကပ်သွားကြပြီး တဝှီးဝှီးလည်ပတ်နေ၏၊

'ဖြန်း....'

'ဝုန်း'

အတွင်းအားကြီးမားသူများဖြစ်သောကြောင့်...

သူတို့နှစ်ဦးစလုံး လဲပြိုကျကာ ဘာမှမမြင်ရဘဲရှိနေတော့သည်။

ကွမ်းတစ်ရာညက်နီးပါးခန့် လေထဲကို တစ်ဆင့်ထိုးတက်သွားရင်း...

ပြန်၍မြေပေါ်သို့ကျလာကြသည်၊

နှစ်ဦးစလုံး တောင်ကုန်းတစ်ကုန်းစီတွင် မေ့မေ့လျော့လျော့ လျက်ရှိနေကြသည်၊

ဟိုရွှေချန်သည် အနည်းငယ်ယိမ်းယိုင်ကာ မြေပေါ်သို့ လဲကျသွားသည်။

'ဝုန်း'

'ဝေါ'

ပါးစပ်မှသွေးများ အန်ထွက်ကာ ငြိမ်သက်သွားတော့ သည်၊

ဟိုရွှေချန်းကိုယ်မှ အတုမဲ့ကျမ်းအား အလျင်အမြန်ရှာဖွေ ယူလိုက်ပြီး သူ၏သိုင်းသမားများအား လက်ဝှေ့ယမ်းပြလိုက် လေတော့၏။

သို့သော် ဟိုရွှေချန်း၏ဝန်းကျင်မှာ ငြိမ်သက်နေသည် မဟုတ်ပါ၊ ရုတ်တရက် လူရိပ်တစ်ရိပ်ခုန်လွှား ရောက်ရှိလာ ပြီးလျှင် ဟိုရွှေချန်းအား ပွေ့ယူလိုက်ကာ အလျင်အမြန်ပင် တောင်ပေါ်ကို ပြေးတက်သွားတော့သည်။

* * *

## အခန်း ( ၇ )

မဟူရာတောင်ကြီး၏ တောင်တန်းတစ်လျှောက်မှာ နံနက်ခင်း နှင်းများနှင့် တောင်ခိုးများ ဖုံးလွှမ်းကာ တောင်ထိပ်ကိုပင် လုံးဝမမြင်ရတော့ပေ။

တောင်တစ်ဝက် တောင်ကြောတစ်ခုအောက် သစ်တောထဲတွင် မီးခိုးငွေ့များ တစ်လူလူထွက်ပေါ်လျက် ရှိနေလေသည်၊

မီးခိုးများ ထွက်နေသောနေရာမှာ သစ်လုံးအိမ်ကလေး တစ်အိမ်မှ ဖြစ်လေသည်။

သစ်လုံးအိမ်ကလေးတွင် မည်သူတွေရှိနေသနည်း။

ယင်းအိမ်ကလေးသည် မဟူရာတောင်ကြီးအတွင်း အလွန်ချောင်ကျပြီး လူသူအရောက်နည်းလှသည့်နေရာတွင် တည်ရှိ

ကာ အဘွားအိုတစ်ဦးနှင့် အဘိုးအိုတစ်ဦး နေထိုင်လျက်ရှိကြ၏။

အဘိုးအိုနှင့် အဘွားအိုအား စိတ်နှံ့သူ၊ ရူးနေသောသူများဟု ကျားဝင်မြို့က လူအချို့က ပြောကြ၏။

အဘယ့်ကြောင့်ဆိုသော် အဘိုးအို အဘွားအိုလင်မယားတို့ စားနပ်ရိက္ခာအချို့ ဝယ်လိုသဖြင့် ကျားဝင်မြို့ကလေးသို့ တစ်ခါတစ်ခေါက် ဆင်း၍လာကြ၏။

အဘွားအိုသည် ခေါင်းတစ်ခါခါနှင့် စကားပြောပြီး ဒေါသကြီးတတ်၏။

အဘိုးအိုက ခေါင်းတညိတ်ညိတ်နှင့် စကားပြောကာ တောင်ပေါ်မှယူလာသည့် ကျားရိုး၊ ကျားစွယ်၊ ဆေးပင်၊ အသီး၊ အမြစ်၊ အခေါက် စသည်တို့ကိုရောင်းပြီး သူတို့လိုချင်သော ဆီ၊ ဆား၊ ဆန်၊ ဂျုံနှင့် အဝတ်အထည်အချို့ ဝယ်ပြီးလျှင် တောထဲပြန်ဝင်သွားကြသည်။

ထိုသော် ခေတ်သိသောသိုင်းသမားအချို့ကမူ ထိုအဘိုးအိုနှင့် အဘွားအိုတို့အား မဟူရာမျောက်တစ်ထောင် သိုင်းသမားကြီး ဂျူးဂျူးသည် သန်းခေါင်ကျော်အချိန်ကျမှ တောင်ခြေတွင် ဓားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူ၏ အပေးကြည့်မျက်လုံးနှင့် သောတအာရုံဖမ်း၍ နားထောင်နိုင်သောနားဖြင့် နားထောင်လိုက်သောအခါ သိုင်း



သမားကြီး ဟိုစွေချန်း၏ နယ်တစ်ဝိုက်တွင် သိုင်းသမားများ တိုက်ပွဲဖြစ်နေသည်ကို သိရှိရတော့၏။

ထို့ကြောင့် သေသေချာချာသိရန် အလျင်အမြန် တောင်တစ်ဝက်မှ ပြေးဆင်းခဲ့ရာ မဟူရာသိုင်းသမားကြီး ဟိုစွေချန်းနှင့် နာမည်ကြီးမုန်တိုင်းလိပ်ပြာသိုင်းသမား စွန်တိတ်လျောင်တို့ တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည်သစ်ပင်တစ်ပင်ပေါ်မှ ချောင်းမြောင်းကြည့်နေခဲ့ရာ မဟူရာသိုင်းသမားကြီးဟိုစွေချန်း ရှုံးသွားပြီးနောက် မုန်တိုင်းလိပ်ပြာသိုင်းသမားကြီး စွန်တိတ်လျောင်က စာအုပ်ကလေးတစ်အုပ်ကို မဟူရာသိုင်းသမားကြီး ဟိုစွေချန်း၏အတွင်းအိတ်ထဲမှ နှိုက်ယူသွားသည်ကို တွေ့လိုက်ရလေသည်။

မျောက်တစ်ထောင်သိုင်းသမားကြီး ဂျူးဂျူးနှင့် မဟူရာသိုင်းသမားကြီးတို့မှာ ညီအစ်ကိုပမာ ချစ်ခင်ကြသူများဖြစ်ပြီး တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ် တွေ့ဆုံ၍ သိုင်းလောကအကြောင်း ဆွေးနွေးပြောဆိုလျက် ရှိကြသူများဖြစ်၏။

သူတို့နှစ်ဦးစလုံးပင် အတုမဲ့သိုင်းကျမ်းနှင့် ပတ်သက်ပြီး သိရှိထားသူများဖြစ်ကြရာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရှာဖွေကြရင်းက တွေ့ရှိပါက အချင်းချင်းလေ့လာသင်ကြားရန် ကတိသူပေးထားများ ဖြစ်ကြလေသည်။

ယခု ဟိုစွေချန်းထံမှ စွန်တိတ်လျှောင်ယူသွားသည့် စာအုပ်စာလေးသည် အတုမဲ့ သိုင်းကျမ်းပင် ဖြစ်ရမည်ဟု မျောက်တစ်ထောင်သိုင်းသမားကြီး ဂျူးဂျူး ယုံကြည်လိုက်မိ၏။

သူသည်လဲကျနေသော မဟူရာသိုင်းသမားကြီးကို ပွေ့ကာ အလျင်အမြန်ပင် သူတို့၏တောတွင်းအိမ်ကလေးဆီသို့ ပြေးလာခဲ့သည်။

ရှတ်တရက် နှင်းမုန်တိုင်းများ ကျနေသဖြင့် ခရီးမတွင်သော်လည်း ဂျူးဂျူးမှာ ကိုယ်ဖော့အား အလွန်ကောင်းပြီး အစွမ်းထက်လှသည့် မျောက်သွေးနှင့် မျောက်ဦးနှောက် စားနေသူဖြစ်၍ အပူဒဏ် အအေးဒဏ်ခံနိုင်ပြီး အချိန်အနည်းငယ်နှင့် သွားလိုသည့်ခရီးကို ရောက်သွားနိုင်လေရာ မိုးလင်းကာနီးတွင် သူ၏တောင်တစ်ဝက်ရှိ သစ်လုံးစံအိမ်လေးကို ရောက်သွားလေတော့၏။

ဆေးမယ်တော် ဘွားဘွားချူးချူးသည် နံနက်စာအတွက် မီးဖိုချောင်ကလေးအတွင်း ချက်ပြုတ်နေရာ ဂျူးဂျူးပြန်ရောက်လာမှန်း ထွက်မကြည့်ဘဲသိရာ မီးဖိုချောင်အတွင်းမှ မေးလိုက်လေသည်။

'မျောက်ဘိုးအေ ဘာတူးသလဲ'

'တူးတာပေါ့ ဆေးမယ်တော် ချူးချူးရေ၊ မင်းရဲ့အစွမ်းထက်တဲ့ အဆိပ်ဖြေဆေးတွေ အမြန်စပ်ပြီး အပြင်ယူခဲ့ပါကွ'



ဟော....ဘယ်လိုဖြစ်လာတာလဲ၊ မျောက်ဘိုးအေ တစ်ခုခုဖြစ်လာပြီလား'

ဆေးမယ်တော်ချူးချူးသည် မီးဖိုချောင်မှ အမြန်ထွက်ကြည့်လိုက်၏။

မီးလင်းဖိုဘေးတွင် ဟိုစွေချန်း သတိမရဘဲ လဲကျနေသည်။

မျက်နှာမှာလည်း အဆိပ်ဒဏ်ကြောင့် မည်းနက်လျက်ရှိသည်ကိုတွေ့ရသည်။

မျောက်တစ်ထောင် သိုင်းသမားကြီး ဂျူးဂျူးက ခေါင်းညိတ်၍ ဆေးအမြန်တိုက်သည်။

အဆိပ်မယ်တော်ချူးချူးသည် လျှပ်တစ်ပြက်ပင် သူ၏ဖော်စပ်ထားသော ဆေးခန်းကလေးထဲမှကာ အဆိပ်ဖြေဆေးများကို ခပ်မြန်မြန်စပ်ပြီး ခွက်လဲထည့်လိုက်သည်။

အဆိပ်ဖြေဆေးခွက်မှ အခိုးအငွေ့များ တထောင်းထောင်းထလာလေသည်။ သူသည် အပြင်ကိုအမြန်ယူခဲ့ပြီး....

'အင်း...သွေးလိပ်ပြာ အဆိပ်တွေမိနေတာပဲ၊ နောက်ထပ်ထမင်းတစ်အိုးချက်ကြာရင်၊ သေသွားလိမ့်မယ်၊ အခုတော့ အဆိပ်တွေက တစ်ကိုယ်လုံးအနှံ့ လည်ပတ်နေပေမယ့် အတွင်းအားကောင်းလွန်းလို့ ခံအားနေတာ'

ချူးချူးက ထိုသို့ပြောရင်း ဆေးခွက်ကို မဟူရာသိုင်းသမားကြီး၏ ပါးစပ်ထဲ လောင်းချပေးလိုက်၏။

အနားမှ မျောက်တစ်ထောင် သိုင်းသမားက ဆေးတိုက်ရန်အတွက် အကူအညီပေးလျက်ရှိနေသည်။

ဆေးများက ဟိုရွှေချန်းပါးစပ်ထဲ ဂလုမလုမည်ကာ ဝင်သွားခဲ့၏။

'ကဲ ဘာမှမပူနဲ့၊ ကျွန်မရဲ့ဆေးဝင်သွားရင် သူမသေနိုင်တော့ဘူး'

ထိုသို့ပြောကာ မီးဖိုဆောင်ထဲပြန်ဝင်သွားတော့သည်။

ချူးချူးက လက်ဖက်ကြမ်းအိုးထဲမှ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ထည့်သောက်နေကာ မဟူရာသိုင်းသမားကြီး၏ အခြေအနေကို ကြည့်နေခဲ့သည်။

အချိန်အနည်းငယ်အတွင်းမှာပင် သိုင်းသမားကြီး၏ ဦးခေါင်းမှ အငွေ့များ တလူလူထွက်ပေါ်လာတော့သည်။

ထို့နောက် တစ်ကိုယ်လုံးမှ အခိုးအငွေ့ အနံ့များ အဖြူအပြာစသည်တို့ တလူလူထွက်လာတော့၏။

'ဟင်း ဟင်း ဟင်း'

ဟိုရွှေချန်း အသက်ရှူသံပေါ်ထွက်လာသည်။



'ဂလု ဂလု ဂလု'

'ဝေါ ဝေါ'

လည်ချောင်းထဲမှ မည်သံပေါ်ထွက်လာပြီး....

မည်းနက်သောအရာများ ပါးစပ်ထဲမှထွက်လာနေသည်။

'ဝေါ ဝေါ'

ဒုတိယအကြိမ်အန်ချလိုက်ပြီး အခိုးအငွေ့များတထောင်းထောင်းထကာ တစ်ကိုယ်လုံးချွေးများနစ်နေသည်။

'ဟား ဟား ဟား ငါ့အကောင်ကြီး မသေနိုင်တော့ပါဘူး'

ချူးချူးက ဝမ်းသာအားရ ရယ်မောကာပြောသည်။

ထိုစဉ် ချူးချူးထွက်လာပြီးလျှင် လက်ထဲမှ အဖြူရောင်ဆေးရည်ထည့်ထားသော ခွက်ကလေးအား...

'ရော့ ဒီအတွင်းဖြေဆေး အားဖြည့်ဆေးကိုတိုက်လိုက်ဦး'

မျောက်တစ်ထောင် ချူးချူးက အလျင်အမြန်ယူ၍တိုက်လိုက်သည်။

ဒုတိယဆေးရည်သည် ဖြေဆေး၊ နောက် အားဆေးရည်ဖြစ်သည်။

ဟိုရွှေချန်းသည် မျက်စိများပွင့်လာတော့သည်၊

‘ဟူး....’

သူ၏ပါးစပ်မှ လေများမှုတ်ထုတ်လိုက်ကာ ဘေးဘီကို ကြည့်လိုက်ပြီး ရုတ်တရက် ထ၍ထိုင်လိုက်လေသည်။

ဟိုရွှေချန်း၏မျက်စိများမှာ အရာဝတ္ထုအားလုံး မှုန်ဝါးဝါး ရှိနေသည်။ လင်းလိုက် မှိန်လိုက်ရှိနေရာမှ ပိုပြင်သော အလင်းဓာတ်များ ပေါ်လာသည်။ သူ၏အနီးတွင် လူတစ်ဦး ထိုင်လျက်ရှိနေကာ မျောက်တစ်ကောင်မှန်း သိလိုက်သည်၊

မျောက်တစ်ကောင်က....

နေကောင်းသွားပြီလား မဟာရာကြီး’

‘ကျုပ် ခင်ဗျားရဲ့အိမ်ကို ရောက်နေတာ ဟုတ်လား’

‘ကျုပ်ခင်ဗျားကို ခေါ်ယူခဲ့ပြီး ချူးချူးရဲ့ဆေးကို အမြန် တိုက်ခဲ့တာပဲ’

ဟိုရွှေချန်းက ခေါင်းညိတ်လိုက်ပြီးလျှင် အသက်ကိုမှန်မှန် ရှူလိုက်၏။



‘ကျုပ်အတွင်းအားတွေကို စမ်းကြည့်လိုက်ဦးမယ်’

မဟာရာသိုင်းသမားကြီး ဟိုရွှေချန်းက ပြောရင်း တင်ပျဉ်ခွေ ထိုင်၍ မျက်လုံးကို မှိတ်ထားလိုက်၏။

သူသည် အသက်ကို မှန်မှန်ရှူနေကာ ဝမ်းဗိုက်မှာ ပိန်လိုက် ဖောင်းလိုက် ဖြစ်နေသည်။

ကွမ်းတစ်ယာညက်ကြာသည်အထိ တရားထိုင်သလို အတွင်း အားကို စမ်းသပ်အားဖြည့်နေပြီးမှ မျက်လုံးများကို ပြန်၍ ဖွင့်လိုက်၏။

‘တော်ပါသေးရဲ့၊ ကျုပ်အတွင်းအားတွေ ပျက်စီးမသွားဘဲ နဂိုအတိုင်းပဲ ရှိနေတယ်ဗျာ၊ သိပ်ကျေးဇူးတင်ပါတယ်’

ဟိုရွှေချန်းက ပြောလိုက်၏။

‘ရော့....ဒီလက်ဖက်ရည်ကြမ်းကလေး သောက်လိုက်ပါဦး၊ ရှက်ပေါင်းတစ်ဆောင် လက်ဖက်ခြောက်မို့ အားပိုကောင်း လာမှာပါ’

မျောက်တစ်ကောင်သိုင်းသမားကြီးက လက်ဖက်ရည်ကြမ်း တစ်ခွက်ကို ပေးလိုက်၏။

ဟိုရွှေချန်းက လက်ဖက်ရည်ကြမ်းကို ယူသောက်လိုက်ပြီး

‘သိုင်းလောကကြီးတော့ ပျက်စီးတော့မှာပဲ’

သူသည် လက်ဖက်ရည်ကြမ်းပန်းကန်ကို ပြန်ချရင်းက ပြောလိုက်သည်။

'မုန်တိုင်းလိပ်ပြာစွန်တိတ်လျှောင်က ခင်ဗျားထံက အတုမဲ့ သိုင်းကျမ်းကို လုယူသွားခဲ့တာ မဟုတ်လား'

'သိပ်ဟုတ်တာပေါ့'

'ဒီသိုင်းကျမ်းကို ခင်ဗျားက ဘယ်လိုရလာတာလဲ'

'ကျုပ်ရဲ့သိုင်းသင်တပည့်က မီးလက်ဝါးထံက ခိုးယူလာတာပဲ၊ မီးလက်ဝါးဟုန်းလျှောင်တို့ဂိုဏ်းက သိုက်ဆရာ သိုင်းသမားကိုသတ်ပြီး ယူခဲ့တာ၊ ကျုပ်ရဲ့တပည့်ဟာလဲ ကျုပ်အပေါ်ကို နောက်ဆုံး သစ္စာဖောက်ပြီး သတ်ဖို့ကြံစည်ခဲ့သေးတယ်၊ ဒါကြောင့် သူ့ကို ရှင်းပစ်လိုက်ရတယ်'

'တယ်ပြီး ဂုဏ်ဟက်မှုတဲ့ သိုင်းကျမ်းပါလား'

'ဂုဏ်ဟက်မှုတဲ့သိုင်းကျမ်းမကဘူး၊ သွေးလျှမ်းတဲ့သိုင်းကျမ်းပဲ ဒီသိုင်းကျမ်းကို တောင်ပြာကြီးတနေ မုဆိုးတစ်ဦးက ရလို့ပြီး သိုက်ဆရာ သိုင်းသမားကို ငွေစအနည်းငယ်နဲ့ ရောင်းခဲ့တယ် ဒီပတ်ရက် တစ်ညတည်းမှာပဲ သိုင်းသမားတော်တော်များများ သေကုန်ကြပြီ'

'ဓားသံတွေကြားလို့ ကျုပ်လဲပြေးဆင်းလာခဲ့တာပဲ၊ ခင်ဗျားနဲ့ စွန်တိတ်လျှောင်တို့ တိုက်ခိုက်နေတာတွေ့ရလို့ စောင့်ကြည့်



နေလိုက်တယ်၊ ခင်ဗျားရှုံးသွားတာ သူ့အဆိပ်ဓာတ်ကြောင့်ပဲ၊ ဒီအဆိပ်ဓာတ်ကို ခံနိုင်အောင် ခင်ဗျားကျင့်လိုက်ရင် သူ့ကို နိုင်မှာပဲ၊ ဒီအကောင်ဟာ အနက်ရောင်သိုင်းသမားတဲ့မှ အရိုးတောင် သိုင်းသမားတွေနဲ့ မခြားပါဘူး'

ချူးချူးက ပြောလိုက်၏။

မဟာရာသိုင်းသမားကြီး ခေါင်းညိတ်ကာ....

'အရိုးတောင် သိုင်းသမားတွေဟာလဲ ဒီသိုင်းကျမ်းကိုရဖို့အတွက် လိုက်လာကြသေးတယ်၊ မုန်တိုင်းလိပ်ပြာရသွားတဲ့ သတင်းကြားရရင် သူ့ထံကို သွားကြဦးမှာပဲ'

'ဒီသိုင်းကျမ်းကို ပြန်ရဖို့အတွက်တော့ ကြိုးစားလိုက်တာပဲ'

ထိုအခိုက် ဆေးမယ်တော် ချူးချူးက စားသောက်စရာများအား ဆေးသုတ်ထားသော ပန်းကန်တစ်ချပ်တွင်ထည့်၍ ယူလာလေသည်၊

'ကဲ...မဟာရာကြီး၊ အားရှိသွားအောင် ဆင်ချိုနဲ့ ချက်ထားတဲ့ အရက်ကလေးသောက်ပြီး တောင်ဆိတ်ပေါင်းဟင်းချိုရည်ကလေး သောက်လိုက်ပါဦး'

'ဆေးမယ်တော်ချူးချူးရဲ့ စေတနာကို ကျေးဇူးတင်လှပါတယ် ခင်ဗျာ၊ ကျုပ်အသက်ဟာ ဆေးမယ်တော် လက်ထဲမှာပဲ ရှိပါတယ်'

'ဟဲ ဟဲ ဟဲ....ဒါတော့ကူညီရမှာပေါ့ကွာ၊ မင်းဟာတို့ တစ်တောင်ထဲနေတာမဟုတ်လား'

'ဟုတ်ပါတယ်'

'ကဲ...သောက်လိုက်ပါဦး'

ဟိုစွေချွန်းက ပြောလိုက်ရင်း ဆတ်ချိုနုအရက်တစ်ခွက် အရက်အိုးထဲမှ ထည့်ပေးလိုက်သည်။

ဟိုစွေချွန်းက အရက်ခွက်ကိုယူကာ မော့်သောက်လိုက်သည်။

သူ၏ပါးစပ်ထဲတွင် ချိုမွှေးကာ အာခေါင်တစ်ခုလုံး ပူလောင်သွားရလေသည်။

ဆတ်ချိုနုအရက် သောက်ပြီးနောက် တစ်ကိုယ်လုံးမှာ ပူရှိန်းရှိန်းဖြစ်လာလျက် အားအင်များပြည့်ဖြိုးလာရတော့၏။

'ကောင်းလိုက်တဲ့ ဆတ်ချိုနုအရက်ဗျာ၊ နောက်တစ်ခွက် ပေးပါဦး'

'သတော့ရှိဗျာ၊ ကဲ....ငါလဲသောက်ပြီ မိန်းမရေ'

ချူးချူးကလည်း အရက်ခွက်ကို မော့်သောက်လိုက်မှ ဆေးမယ်တော် ချူးချူးက ချက်စောင်းထိုး၍ ပြောလိုက်၏



'သေအောင်သောက်၊ သေအောင်သောက်'

'ဟား ဟား ဟား'

'ဟား ဟား ဟား'

မျောက်တစ်တောင် ချူးချူး ဟိုရွှေချွန်းတို့နှစ်ဦး တစ်ဟားဟားရယ်လိုက်ကြသည်၊

'ကောင်းလိုက်တဲ့တောင်ဆိတ်ခေါင်း ဟင်းချိုဗျာ'

သိုင်းသမားကြီး ဟင်းချိုသောက်ပြီးပြောလိုက်သည်၊

'အဆိပ်မယ်တော်ရေ ပင်လယ်အောက်ထဲကရလာတဲ့ ငှက်သိုက်ရှိသေးသလား'

'ရှိပါတယ်၊ ကျွန်မလဲ ငှက်သိုက်ပေါင်းမလို့စိတ်ကူးထား ပြီးသားပါ'

ချူးချူးကပြောလိုက်၏။

ထိုနောက်တွင် အခန်းတွင်းသို့ ပြန်ဝင်သွားလေသည်။

ဆိုင်မှာ ဝက်ခြံ့တောင် စားသောက်ဆိုင်ပင်....

ရပ်ဝေးက လူများနှင့် ပြည့်လျက်ရှိသည်။

အကယ်၍ အိပ်ဇရပ်မရှိသော တစ်ကိုယ်တော်ခရီးသည်ဖြစ် ပါကလည်း မြင်းများသိုလှောင်သည့် မြင်းဇောင်း၌ [illegible] နေရာချ ပေးသည်၊

နေ့လယ်အချိန်လောက်တွင် ရပ်ဝေးမှလာ သိုင်းသမားတစ်စုရောက်လာခဲ့သည်။

ထိုလူစုမှာ တောင်ပိုင်းဒေသမှ လူကြမ်းကြီးများပင်....

သူတို့သည် ပင်လယ်ကျွန်းများတွင် ကျက်စားနေကြသည်။

ခေါင်းဆောင်လုပ်သူသည် ပင်လယ်ကျားဂိုဏ်း ဒုတိယကိုယ်ရံတော် လွှံစင်းဆိုသူတစ်ယောက်ဖြစ်ပြီး ပုလဲကုံးကြီးတစ်ကုံးအား လည်ပင်းတွင်ဆွဲထားပြီး လက်ဖျံတွင် ရွှေပြားကြီးတစ်ခုအား သက်တောက်သဖွယ် ပတ်ထားသည်။

ခါးတွင်မူ ခါးပတ်ပြားကြီးပတ်ထားလျက် အနက်ရောင်ဘောင်းဘီပွကြီးတို့ ဝတ်ထား၏။ ဓားကိုမူ ကျောတွင်လွယ်ပိုးထားကာ လှပသည့် ခရုကလေးများဆွဲထားသည်၊ ခမောက်ဆောင်းထားလေသည်။

သူနှင့်အတူ အဖွဲ့ဝင်လေးဦးပါလာရာ ပုလဲကုံးကလွဲ၍ အားလုံးမှာ တစ်ပုံစံတည်းပင်....

'မဟာ ဝက်ကြီး အိပ်ခန်းရမလား'

ဝင်ဝင်ချင်း ခေါင်းဆောင်က မေးသည်။

'ရမှာပါ။ တယ်ဆရာကြီး၊ အောက်ထပ်ကြိုက်သလား၊ အပေါ်ထပ် ကြိုက်သလား'



'အပေါ်ထပ်က အခန်းသုံးခန်းလိုချင်တယ်'

'ဆရာတို့ကံကောင်းတယ်၊ ဒီအခန်းကလူတွေဟာ သတင်းတစ်ခုကြောင့် ခုနကပဲ သွားကြတယ်'

အလုပ်သမားလေးက ပြောသည်။

တောင်ပင်လယ် ကျေချိန်ကျားဂိုဏ်း ခေါင်းဆောင်သည် အလုပ်သမားကလေး ပြောသည်ကို စိတ်ဝင်စားသွားလျက်....

'ဘာသတင်းလဲ၊ ဘာသတင်းလဲ'

အလုပ်သမားလေးက ခေါင်းခါလျက်....

'ဒါတော့ ကျုပ်လဲမသိဘူး၊ သတင်းရောင်းတဲ့လူကိုသွားမေးပါ'

'ကောင်းပြီ၊ ငါတို့ပစ္စည်းတွေထားပြီးရင် အခုပဲအောက်ဆင်းလာခဲ့မယ်'

တောင်ပင်လယ် ကျားဂိုဏ်းခေါင်းဆောင် လွှံစင်းက ပြောလိုက်ပြီး အလျှင်အမြန်ပင်ပစ္စည်းများကို အခန်းတွင်းသို့ တပည့်များအားထားခိုင်းကာ အောက်သို့ ဆင်းခဲ့ကြသည်။

သူတို့သည် အလွတ်စားပွဲတစ်ခုတွင်ထိုင်ကာ နံရံပေါ်မှ သတင်းရောင်းမည်ဟူသော ဆိုင်းဘုတ်လေးအား ကြည့်လိုက်ကြလေသည်။

'ရှိုး'

'ဒေါက်'

ပင်လယ်ကျားဂိုဏ်း လှိစင်း ခေါင်းဆောင်က ဓားတို တစ်ချောင်းနှင့်လျှပ်တစ်ပြက်ပစ်လိုက်ရာ ဆိုင်းဘုတ်အလယ်ကို ဒေါက်ခနဲ ထိမှန်စိုက်နေတော့သည်။

ဓားသည် အရှိန်မတုန့်ခါနေပြီး ရုတ်တရက် အသံတစ်ချ ပေါ်ထွက်လာသည်။

'ရှိုး'

'ဒေါက် ဒေါက်'

ဒုတိယ ဓားတိုနှစ်လက်သည် တောင်ပင်လယ်ကျားဂိုဏ်း သိုင်းသမားခေါင်းဆောင် လှိစင်း၏ ဓားတိုဘေးမှနေကာ ဒေါက်ခနဲ ဒေါက်ခနဲ စိုက်ဝင်သွားပြန်လေသည်။

တောင်ပင်လယ်ကျားဂိုဏ်းခေါင်းဆောင်လှိစင်းက ထော ခနဲ ဒေါသဖြစ်သွားပြီး သူ့ဓားနှင့်ယှဉ်၍ ပစ်လိုက်သူအာ ကြည့်လိုက်၏။

မြင်လိုက်ရသည်မှာ အသက်သုံးဆယ်အရွယ် လူရွယ်တစ်ဦ ဖြစ်ပြီး အဝတ်ဖြူခေါင်းပေါင်း ပေါင်းထားကာ အခ ထောင့် တစ်နေရာမှ ထလာခြင်းဖြစ်၏။



ထိုလူရွယ်က ရင်ရှေ့လက်တားကာ....

'ကျွန်တော့်ရဲ့ မဖြစ်စလောက် ဓားပေါက်ပညာလေးနဲ့ သတင်းရောင်းစားရသူမို့ ခွင့်လွှတ်ပါ၊ နောင်ကြီးက ဓား တစ်ချောင်းနဲ့ ဆိုင်းဘုတ်ကိုပစ်လိုက်တော့ ကျွန်တော်က ဓား နှစ်ချောင်းပစ်လိုက်တာဟာ သတင်းနှစ်ခုတောင် ရောင်းမယ် ဆိုတဲ့သဘောပါ'

'ဪ....ဒီလိုလား၊ သတင်းတစ်ပုဒ်ကို ဘယ်လောက်နဲ့ ဝယ်ရမလဲ'

သတင်းရောင်းသူ လူရွယ်က လက်ညှိုးတစ်ချောင်းထောင်ပြ လိုက်ကာ ပြုံးလိုက်၏။

'ထိုင်ပါ'

တောင်ပင်လယ်ကျားဂိုဏ်းခေါင်းဆောင်လှိစင်းက ထိုင်ရန် ပြောရင်း သတင်းရောင်းသူအား အကဲခတ်လိုက်၏။

'လက်ညှိုးတစ်ချောင်းဟာ အတော်အဖိုးတန်တယ်ကွနော်'

'ဟုတ်ပါတယ်ဗျာ၊ တစ်ရာက တစ်ထောင်ကို အဓိပ္ပာယ်နဲ့ ပြောတာပါ'

'အေး....ငါကလဲ တို့ရိုးရာထုံးစံအတိုင်း သတင်းမမှန်ရင် မင်းလက်ညှိုးတစ်ချောင်းကို ဖြတ်ယူရမယ်'

သတင်းရောင်းသူသည် မျက်လုံးပြူးသွား၏၊ ပြီးမှ တဟဲဟဲ ရယ်မောပြီး-

'ကျုပ်ကလဲ သတင်းမမှန်ဘဲ လူကြီးမင်းများကို လိမ်ပြီး မရောင်းရဲပါဘူး'

တဟဲဟဲ သဘောကျသွားပြီး ဘောင်ပင်လယ်ကျားဂိုဏ်းခေါင်းဆောင် လှ^စင်းက....

'တို့နှစ်ယောက်တည်း ပြောရမယ့် သတင်းပဲ'

'ဟုတ်ပါတယ်၊ ပါးစပ်နဲ့မပြောပါဘူး'

'ကောင်းတယ်'

'ဒါဖြင့် ငွေစကလေး မှစပါ'

'ရော့....ရော့'

တောင်ပင်လယ်ကျားဂိုဏ်းခေါင်းဆောင် သိုင်းသမားက သူ၏အတွင်းအိတ်ထဲမှ ငွေထုပ်ကလေးတစ်ထုပ်ထုတ်ကာ စားပွဲပေါ်သို့ ပစ်တင်သည်။

သတင်းရောင်းသူက သူ့အိတ်ထဲမှ လက်ရေးသေးသေးကလေးဖြင့် ရေးထားသည့် လက်မအရွယ်စာရွက်ကလေးအား လှ^စင်း၏ရှေ့သို့ ချပေးသည်။

ထိုစဉ် အသံတစ်သံ ပေါ်လာပြန်သည်၊

'ဗေဒင် ဗေဒင်'

'ချမ်း ချမ်း'

ဗေဒင်ဆရာသည် ကြေးမောင်းကလေးအား ချမ်းခနဲ တီးလိုက်သည်။

ထိုအချိန်တွင် ဘောင်ပင်လယ်ကျားဂိုဏ်းက သိုင်းသမားကြီးသည် သတင်းရောင်းသူ စာရွက်ကလေးကို ဖြေရှုကြည့်သည်၊



သူ့မျက်လုံးများသည် စာရွက်ကလေးထဲမှပါသောစာလုံးသေးသေးကလေးများကိုကြည့်၍ မျက်လုံးများ ပြူးသည်ထက် ပြူးသွားရသည်။

သတင်းဖတ်ရသည်မှာ ...

(အတုမဲ့သိုင်းကျမ်း မှန်တိုင်းလိပ်ပြာ စွန်တိတ်လျောင်ရသွားပြီ)

သတင်းမှာ ဤမျှပင်။

လှ^စင်းသည် စာရွက်ကလေးအား ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

'မှန်တယ်နော်'

'မမှန်ရင် လက်ညှိုးအဖြတ်ခံမယ်'

'ကောင်းပြီ၊ ဒီသတင်းနဲ့ပဲ တော်လောက်ပြီ'

သတင်းရောင်းသူသည် ငွေစအိတ်ကလေးအား အတွင်းအိတ်ထဲ ထည့်ကာ ဆိုင်းဘုတ်ဆီသို့ ထွက်သွားပြီး ခေါ်များကို ဆွဲနုတ်သည်၊

ပြီး ခေါ်ဘိုတစ်ချောင်းအား ဘောင်ပင်လယ်ကျားဂိုဏ်းခေါင်းဆောင်ထံ ပစ်ပေးရာ လှ^စင်းက ဖမ်းယူသည်။

ထိုအခိုက်-

'ဗေဒင် ဗေဒင်'

'ချမ်း'

'ဗေဒင်ဆရာ လာဦး'

စားပွဲတစ်လုံးမှ လူသုံးယောက်က ခေါ်သည်။

ဗေဒင်ဆရာဆိုသူလည်း ထိုစားပွဲဆီသို့ လှမ်းသွားကာ....

'ဟီး ဟီး... ကျုပ်အမည်က ဗေဒင်ဆရာ ဆရာခွားတဲ့၊ အမှားမရှိလို့ ဆရာခွားဆိုရင် အားလုံးက ယုံကြည်တယ်'

သူသည်ပြောပြောဆိုဆို အိတ်ထဲမှစာအုပ်ကလေးထုတ်ကာ ထိုင်ခုံတွင် ဝင်၍ထိုင်၏။

'မေးပါ၊ တစ်ခွန်းမေး တစ်ကျပ်'

ဆရာခွားက သူ၏စာအုပ်ကလေးဖြန့်၍ ပြောလိုက်သဖြင့် ဗေဒင်ခေါ်သော သုံးဦးက တစ်ဦးမျက်နှာတစ်ဦးကြည့်၍....

'တစ်ကျပ်ဆိုတော့ များလှချည်လား'

'ပေါက်စီဖိုးတောင် မရှိပါဘူး'

'ကောင်းပြီ၊ တစ်ခွန်းမေးမယ်'

'လာဘ်ငွေတစ်ကျပ်တင်ပါဦး'

'အင်း ဗေဒင်ဆရာကတော့ အပိုင်ချည်းပဲ'

'ထုံးစံပါ'

'ဒေါက်'

ငွေတစ်ကျပ် စားပွဲပေါ်သို့ ကျလာလေသည်။

'ဒီလ ဘာကုန်တွေစွံမလဲ'

'မြင်းနဲ့ပဲ ရောင်းစွံမယ်'

ဗေဒင်ဆရာသည် ငွေတစ်ကျပ်ကို အိတ်ထဲကောက်ထည့်ကာ သူ့စာအုပ်ကလေးအား ပိတ်လိုက်သည်။

'ဘာမေးဦးမလဲ'

ဗေဒင်ဆရာက မေးလိုက်၏။

'မမေးတော့ပါဘူး'



ဗေဒင်ဆရာသည် အခြားစားပွဲများဆီသို့ ထသွားလေတော့သည်။

ပါးစပ်မှလည်း ဗေဒင်ဟူ၍အော်ကာ မောင်းကလေးတီးလိုက်သည်၊

ထိုအခိုက် စားသောက်ပြီးကြသော လူစိမ်းနှင့်သိုင်းသမားများသည် အလျှင်အမြန် အပေါ်ထပ်သို့တက်ကာ သူတို့၏ဝန်ဆောင်အိတ်များဆွဲ၍ ဆင်းလာကြ၏။

'ရော့ဟေ့ ဝက်ပုပ်ကြီး'

လူစိမ်းသည် သူတို့အခန်းငှားခ၊ စားသောက်ခများအား ပေးရန် လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်။

'ဒေါက်'

ဝင်းခနဲ အရာဝတ္ထုလေး တစ်ခုသည် ဆိုင်တာဝန်ခံ၏ စားပွဲပေါ်ကို ဒေါက်ခနဲကျလာလေတော့သည်။

တာဝန်ခံက ကြည့်လိုက်ရာ ရွှေဒင်္ဂါးတစ်ပြား စားပွဲပေါ်တွင် တစ်ဝက်ကျော်ခန့်စိုက်ဝင်နေသည်ကို မျက်စိမျက်ဆန် ပြူးပြူးနှင့် တွေ့ရလေတော့သည်။

ထိုနောက် ဘောင်ပင်လယ် ကျားဂိုဏ်း သိုင်းသမားများသည် သူတို့မြင်းများအား မြင်းထိန်းသမားထံမှထုတ်ယူကာ အလျှင်အမြန်ပင် စီး၍ထွက်သွားကြတော့၏။

မဟာရာဇတောင်ကြီး၏မြောက်ဘက် တောင်ပြာကြီး၏အရှေ့ ယွန်းယွန်းတွင်တည်ရှိသော မုန်တိုင်းတောင်ပေါ်တွင် လိပ်ပြာ သိုင်းဂိုဏ်းကြီး၏ ဌာနချုပ်ဖြစ်သည်။

မုန်တိုင်းတောင်သည် မမြင့်လှသော်လည်း တောင်ကမ်း ပါးယံများ တောင်ချောက်များနှင့်တည်ရှိပြီး...

သို့သော် တောင်ခြေလမ်းတွင် ချောင်းကြီး တစ်ချောင်း က ကွေ့ပတ်စီးဆင်းသွက်ရှိနေပြီး...

နံနက်ခင်းနေရောင်ခြည် အောက်တွင် လိပ်ပြာအဖွဲ့သား သည် ချောင်းတစ်ဘက်တွင် ဓားလှကိုယ်စီဖြင့် သွားလာ လှုပ်ရှားနေသူများ စောင့်ကြည့်နေခဲ့သည်။

အကယ်၍ မုန်တိုင်းတောင်ကို ချဉ်းကပ်လာသောလှေများ၊ တံငါလေ့များကို စစ်ဆေးကြေနပ်မှ လွှတ်လိုက်ကြသည်။

ဤဒေသတွင်း ရှန်တိတ်လျောင်၏ ဂိုဏ်းကြီးက ကြီးစိုး လွှမ်းမိုးထားသည်ကို ခရီးသည်အားလုံးက သိရှိထားကြပြီး ဖြစ်သည်၊

တောင်ထိပ်ပေါ်သို့ တက်သောလမ်းတစ်လျောက်လုံး နေ ရာတွင် တောင်ပေါ်တက်သောလမ်းများအား ပိတ်ထားသည့် တံခါးများ ရှိနေသည်။

တံခါးများမှာ ထူထဲလှသည်၊ အနည်းဆုံး မုန်တိုင်းသိုင်း သမား သုံးဆယ်က စောင့်လျက် ရှိနေကြသည်။

သူ၏ဘေးနှစ်ဖက်တွင် ဂိုဏ်းခွဲကိုယ်ရံတော်နှစ်ဦးက မတ် တတ်ရပ်လျက် ရှိနေသည်၊ သိုင်းသမားများက ဘေးနှစ်ဖက်ရှိ ထိုင်ခုံအသီးသီးတွင် တန်းစီထိုင်လျက်ရှိနေကြသည်။



မုန်တိုင်းလိပ်ပြာသခင်ကြီးက လက်ရိပ် ပြလိုက်သဖြင့် အတိုးကြီးတစ်ဦးက ရွှေမှောက်ဝင်ရောက်ကာ ရင်ရှေ့ လက် တား၍ အရိုအသေပေးလိုက်သည်။

'ဘဏ္ဍာရေးမှူးကြီး ထန်ကီး၊ ကျပ်တာပည့်တွေကို ဒီနေ့ အစားကောင်းကောင်း စီစဉ်ပေးလိုက်ပါ'

'ဟုတ်ကဲ့ပါ သခင်ကြီး'

ထို့နောက် ဘဏ္ဍာရေးမှူးကြီးက အလျင်အမြန် ထွက်ခွာ သွားသည်။

မုန်တိုင်းလိပ်ပြာဂိုဏ်းသားများက ထိုင်ခုံအသီးသီးမှ ထစ် ပြိုင်တည်း ထကြတော...

'သခင်ကြီး ကျန်းမာပါစေ၊ အောင်နိုင်ရမည်'

တစ်ပြိုင်တည်း ဦးညွှတ်ပြီး မြောလိုက်ကာ အခန်းကြီးမှာ ဟိန်းထွက်သွားလေသည်။

သခင်ကြီးက ဟာဟားဟားရယ်မောလိုက်ပြီးနောက် လိပ် ပြာအမှတ် တစ် နှစ် သုံး ဟု ပြောလိုက်သည်၊

ထိုင်ခုံကြီးများပေါ်တွင် ထိုင်နေကြသော ကိုယ်ရံတော် အုပ်စုများထဲက အမှတ် တစ် နှစ် သုံး သိုင်းသမားတို့က မတ် တပ်ရပ်လိုက်ကြသည်၊

ထို့နောက် ဦးညွှတ်၍ ဂါရဝပြုလိုက်ကြသည်။

'မင်းတို့သုံးယောက်က ဦးဆောင်ပြီး ဒီတောင်ကိုချဉ်းကပ် လာမယ့် အရိုးတောင်အဖွဲ့တွေနဲ့ တခြားအဖွဲ့တွေကို ကြိုပြီး တော့ လမ်းတစ်ဝက်ကနေ တိုက်ခိုက်ကြ၊ အရေးအကြီးဆုံးက

ငါ့နောက်ကိုလိုက်မယ့် သိန်းငှက်ဂိုဏ်းခေါင်းဆောင်ပဲ၊ သူဟာ မကြာခင်လာမှာပဲ၊ သူ့ကို အပြတ်ရှင်းထားကြရမယ်'

'စိတ်ချပါ သခင်ကြီး'

'ကဲ... အားလုံးပဲ စားသောက်ခန်းထဲကို အမြန်သွားပြီး ဖျော် စားသောက်ကြပေတော့'

ထိုအခါ ...လိပ်ပြာသိုင်းသမား နှစ်ဦးသည် အခန်းထဲသို့ဝင် ရောက်လာကာ ဒူးထောက်၍ သခင်ကြီးကို အလေးပြုလိုက်သည်။

'ဘာအကြောင်းထူးသလဲဟေ့'

ဝင်လာသူ နှစ်ဦးအား မေးလိုက်သဖြင့် နှစ်ဦးအနက် တစ်ဦးက ထပြောလိုက်သည်။

'ထူးပါတယ် သခင်ကြီး၊ တောင်ပေါ်ကယ်ကျွန်းကျေး ဂိုဏ်းက လူတွေနဲ့ အရှေ့တောင်ကလူတွေဟာ ကျွန်းဝင် ကလေးက အခုပဲထွက်သွားကြပါတယ်၊ သူတို့မကြာမီ ရော လာကြပါလိမ့်မယ်'

'ဟား ဟား ဟား၊ သေချင်တဲ့အကောင်တွေက မီး ခေါ်တဲ့ ချောက်လာတော့ ဝမ်းသာစရာပေ! တပည့် ကဲ မင်းတို့နှစ်ယောက် အနားယူပြီးတော့ စားသောက် ထဲ သွားကြ'

'ဟုတ်ကဲ့ပါ သခင်ကြီး'

ထိုလူနှစ်ယောက်သည် မုန်တိုင်းလိပ်ပြာဂိုဏ်း၏ သတင်းစုံစမ်းရေးမှူးများ ဖြစ်ကြလေသည်။



စွန်တိုက်လျှောင်က ပေတ်ရှိန်ကြီးကို ဆင်မြန်းထားပြီး ညက မဟာရာသိုင်းသမားကြီးအား ထူးအနိုင်ရကာ အတုမဲ့ သိုင်းကျော်းကို ရခဲ့သည့်အတွက် အလွန်ပင် ဝမ်းမြောက် ဝမ်း သာ ဖြစ်နေခဲ့လေသည်။ ညက တိုက်ခိုက်ခဲ့ရသည်များကိုလည်း တွေးမိ၍ အလွန်ကြည်နူးနေမိသည်။

ဟိုဒွေချုန်းအား အပြတ်ရှင်းသွားနိုင်သောသူ၏ သတင်းမှာ သိုင်းလောကတွင် ပျံ့နှံ့သွားမည်ဖြစ်ရာ သူ၏ ဂုဏ်သတင်း မှာလည်း အထူးပင် ကြော်ကြားလာတော့မည်ဖြစ်၏။

'ဟား ဟား ဟား'

သူသည် အားရပါးရ ရယ်မောလိုက်လေသည်။

စွန်တိုက်လျှောင်၏ ဘေးနှင့်နောက်တွင် လှပနွဲ့နှောင်း ပျော့ပြောင်းလှသော ယာမင်းကညာလေးများက ဝိုင်းရံ ထားလျက် ရှိနေကြပြီး သခင်ကြီး ဇက်ကြောကို ဖွဖွကလေး နှိပ်ပေးသူနှင့် အရက်ကုန်လျှင် ထည့်ပေးသူ၊ ကြက်ကြော်နှင့် စားသောက်ဖွယ်ရာများအားယူ၍ ပါးစပ်ထဲသို့ ပေးသူများက ရှိနေကြလေသည်။

သူ့ဘေးနှစ်ဖက်မှ ကိုယ်ရံတော်နှစ်ဦးကလည်း သခင်ကြီး အလိုဆန္ဒဖြစ်လာမည်ကို မျက်ခြည်မပြတ် ကြည့်နေကြသည်။

ထိုအခိုက် မုန်တိုင်းလိပ်ပြာသိုင်းသမား သုံးဦးတို့သည် ခန်းမကြီးအတွင်းသို့ အလျှင်အမြန်ပင် ဝင်ရောက်လာကြလေ သည်။

သူတို့သည် ခေါင်းဆောင်သိုင်းသမား သခင်ကြီးအား ဂါရဝပြုကြရင်း ...

'သခင်ကြီး၊ အရှိုးသောင်သိုင်းသမားတွေ လမ်းမှာ စောင့်နေကြပါပြီ'

'ဟား ဟား ဟား၊ သေချင်တဲ့အကောင်တွေကို အမြန်ရှင်းဖို့ ငါအမိန့်ပေးထားပြီ'

'ဟုတ်ကဲ့ပါ သခင်ကြီး'

'မင်းတို့လဲ သူတို့နဲ့အမြန်ပေါင်းပြီး တိုက်ခိုက်ကြပေတော့'

'ဟုတ်ကဲ့ပါ သခင်ကြီး'

'ကဲ…အားလုံးစားသောက်ခန်းထဲသွားပြီး စားသောက်ကြပြီးမှအမြန်သွား'

သိုင်းသမားနှစ်ဦးသည် အလျင်အမြန် ထွက်သွားကြလေတော့သည်။

'ကဲ…မင်းတို့အားလုံး အနားယူကြဦး'

စွန်တိတ်လျောင်က သူ့အားပြုစုနေသည့် ယမင်းကညာကလေးများကို ပြောလိုက်ရာ ယမင်းကညာကလေးများ အလျင်အမြန် ထွက်သွားကြလေတော့သည်။

သူသည် ရရှိလာသော အတုမဲ့သိုင်းကျမ်းအား သူက ဝတ်ရုံကြီးအတွင်းအကျီအိတ်ထဲထည့်ကာ စမ်း၍စမ်း၍ ကြည့်ရင်း အလွန်ကျေနပ်သော အပြုံးဖြင့်ပြုံးကာ ထိုင်ခုံကြီးမှ ထလိုက်လေသည်။

ထို့နောက် စံအိမ်ကြီးအပြင်သို့ ခပ်ဖြည်းဖြည်းကလေး ထွက်လာကာ အစောင့်များအား စစ်ဆေးကြည့်သည်။

**'ကိုယ်ရံတော်ကြီး လိပ်ပြာဝမ်းချောင်'**



ဝင့်ကြည့်နေသော
စ်သွားကြရတော့

'အသင့်ပါ သခင်ကြီး'

'ကိုယ်ရံတော်ကြီး လက်ျာလူးအော'

'အသင့်ပါပဲ သခင်ကြီး'

နိုင်မ

'ကျုပ်ကိုယ်တိုင် တံခါးကြီးသုံးဖပ်ကို စစ်ဆေးကြည့်မယ်'

'ကျွန်တော်တို့က သခင်ကြီးကိုယ်စားသွားပြီး စစ်ဆေးပါ့မယ်'

'အေး…ကျုပ်ကိုယ်တိုင် စစ်ဆေးပြီး ဘာတွေလိုအပ်သလဲဆိုတာ ညွှန်ကြားရဦးမယ်'

'ဟုတ်ကဲ့ပါ သခင်ကြီး'

စွန်တိတ်လျောင်စံအိမ်မှ ထွက်လိုက်သည်။

တစ်ပြိုင်တည်း အသင့်စောင့်နေသော သိုင်းသမားဆယ်ဦးက နောက်မှထပ်မံ ခြံရံလျက်ပါလာတော့၏

ထိုစဉ်….

'ဝုန်း ဝုန်း'

တောင်ခြေမှအသံများကြားရသဖြင့် ကြည့်လိုက်ရာ စွန်မည်းကြီး အစ်ကောင်က ပထမတံခါးကို စောင့်နေသည့် မုန်တိုင်းသိပ်ပြာဖြူ သိုင်းသမားတို့အား တိုက်ခိုက်လျက် သံတံခါးကြီးအား ကျော်လွှားဝင်လာခြင်းကို တွေ့လိုက်ရလေသည်။

'ဟား ဟား ဟား၊ သေချင်တဲ့ သိမ်းငှက်ဝူကျင့်တော့ လာပြီ လာပြီ'

သိမ်းငှက်တောင် သိမ်းငှက်သိုင်းသမားကြီး ဝူကျင့်သည် သိုင်းလောကတွင် နာမည်ကြီးအနက်ရောင်သိုင်းသမားတစ်ဦးမှင် ဖြစ်သည်။

သခင်ကြီး၊ အရှိန်ဒ ါ့းမှ မုန့်တိုင်းလိပ်ပြာဖြူ များအား ဖြို
ဒုတိယသိတံခါးကြီးကို ရောက်လာလေသည်
တနေကြပါပြီ'

ကာ ဟူ မုန့်တိုင်းလိပ်ပြာနက်သိုင်းသမား ငါးဦးတို့သည်
တဘက်အုပ်ချုပ်မှ ပေါ် ထွက်လာလေသည်။

'ဟေ့ ဘယ်ကလှင့်လာတဲ့ ခွေးဝဲစားလဲ'

'အောက်…ါများ ခွေးဝဲစားလေး ဘာခလေးနဲ့'

'ယား'

လှံသမားနှစ်ဦး လှံရှည်ကြီးများကို တဂိုးဂိုးဝေ့ယမ်းက
ဝင်လာလေသည်။

ငှကျင့်သည် လျှပ်တစ်ပြက်ပင် သူ့ဓားဖြင့် လေထဲတွ
နဂါးအမြီးယမ်းသိုင်းကွက်ဖြင့် တိုက်ခိုက်ရာ လှံရှည်ကြီ
ကိုင်ဆောင်ထားသော သိုင်းသမားနှစ်ဦး မြေပေါ်လဲက
သွားလေသည်။

သူ၏ခေါင်းလဲကောက်ကျစ်သော မျက်ဝန်းထဲမှ မျက်လုံ
များသည် ကျန်နေသောသိုင်းသမားများဆီ ရောက်သွားက

'တောက် မသာကောင်တွေ သေပေတော့'

'ဗိုး'

'ခွပ် ခွပ် ခွပ်'

'အား အား အား'

ဓားသံနှင့်အတူ သိုင်းသမားသုံးဦးတို့သည်လည်း မြေပေါ်
သို့ လဲကျသွားလေတော့သည်။

'ဟာ…ဟင်'



ဒုတိယတံခါးပေါက်မှချောင်းမြောင်းစောင့်ကြည့်နေသော
သိုင်းသမားအချို့မှာ ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြရတော့
သည်။

'ဟား ဟား ဟား၊ မင်းတို့က ငါ့ကိုများ တားနိုင်မယ်
ထင်သလား'

သူသည်အတွင်းအားမာန်ကြီးဖြင့် ဒုတိယတံခါးကြီးအား
တအားကန်ထည့်လိုက်သည်။

တံခါးကြီးသည် တုန်ခါသွားကာ ပွင့်မသွားပေ။

ဒုတိယအကြိမ် အတွင်းအားကိုစုကာ ကန်လိုက်ပြန်သည်။

'ဂုန်း'

'ဖြောင်း'

သံတံခါးကြီးသည် ပွင့်ထွက်ကာ လဲပြိုကျသွားလေတော့
သည်။

ဤတွင် စောင့်နေသော သိုင်းသမားသုံးဦးတို့က ပြေးလာ
ကာ တိုက်ခိုက်လိုက်ကြသည်။

'ဝိုင်းဟေ့'

'သတ်ဟေ့သတ်'

သိုင်းသမားများသည် လက်နက်မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်
လိုက်ကြသည်။

'ဝှစ် ဝှစ် ဝှစ်'

'ဗိုး ဗိုး ဗိုး'

သူတို့ ဓားပျံဓားများသည် သိမ်းငှက်သိုင်းသမားကြီး
အောက်ခြေမှ ဝဲပျံထွက်သွားကြသည်။

စင်စစ် သိမ်းငှက်တောင်သိုင်းသမားကြီးသည် လေထဲသို့ ခုန်တက်သွားသည်။

မှန်တိုင်းလိပ်ပြာအချို့ ပြိုလဲသွားတော့သည်။

'ဝှီး ဝှီး'

'ဝှစ်'

သိမ်းငှက်ငူကျွင့်သည် ဒုတိယတံခါးစောင့်ကို အဆိပ်လက်နက်နှင့် ပစ်လိုက်သည်။

'ဝှီး ဝှစ်'

လက်နက်များအားလုံးပင် ထိုအဖွဲ့သားများ အားလုံး ထိမှန်၍ လဲကျန်တော့သည်။

ထို့နောက်...

ငှက်တောင်သိုင်းသမားကြီးသည် ခုန်လွှားပြေးလွှားနေတော့သည်။

'ရှီး....'

ရုတ်တရက် တတိယမြောက် အစောင့်များဖြစ်ကြသည့် အဖွဲ့သားများက မြားများဖြင့် အထက်အောက်ပစ်ကြရာ ပိုက်ကွန်ကြီးသဖွယ် ငူးကျွင့်ပေါ်ကို ကျလာသည်။

'ဟင်း သိကြသေးတာပေါ့ကွာ'

ငူးကျွင့်က သူ၏ဓားပြားနှင့် မီးမြားများအား ခေါ ယမ်း လိုက်သည်။

သူ တစ်ချက်ခုန်လိုက်သည်နှင့်....

တတိယမြောက်တံခါးဆီ ရောက်သွားတော့သည်။



သိမ်းငှက်ကြီးသည်အတွင်းအားအပြည့်ဖြည့်ကာ တံခါး ကြီးအား ကန်ဟည့်လိုက်သည်။

'ဝုန်း'

'ဂျွမ်း'

ပိတ်ထားသောတံခါးကြီးမှာ အတွင်းအားထည့်ထား သောအားကို မခံနိုင်တဲ့ ပွင့်သွားပြီး ဖုန်များက လေထဲပျံ့ တက်လာသည်။

အလူးသဖြင့် တံခါးကိုကျော်နိုင်ခဲ့သော်လည်း....

နောက်ဆုံးအဆင့် တိုက်ခိုက်ရသော သိမ်းငှက် တောင်ပကျွတ်သကဲ့သို့ ခံရမည်မှာ သေချာသည်

'ဟား ဟား ဟား'

မှဆောင့်ကန်ပစ်လိုက်

'သိမ်းငှက်ရယ် မင်းဘယ်လောက် သေးတာပေါ့'

သူက ရယ်၍ပြောသည်။

ကျန်အဖွဲ့သားများကလည်း တပ်ကြောင့် တစ်ပြိုင်တည်း

'ချွမ်း ချွမ်း'

သ်ကြီးများအား ခွေ

'ဓားသိမ်းများဆူညံသွားလေပြီ။

သိမ်းငှက်ကြီးသည် မျက်လုံးများ

သိုင်းသမားများအား အကဲခတ်ကြည့်လိုက်ညီပင်းနှင့်ဝမ်းဗိုက်

ပထမလိပ်ပြာ အဖွဲ့သားများမှာ အတော်အသားအပြည့် ခါနအပြည့် ပါသည်။ ခေါးကွပ်များကြောင့် အတုံးအရုန်း လဲကျသွားကြလေသည်။

'ဒုတိယအုပ်စု'

ကန္တာရကြောင်နက်တွဲ့ရ အပ်ဖွဲ့မှူး ကေ့ချင်က အမိန့် ပေးလိုက်ပြန်သည်။

'လာပါ မင်းတို့အားလုံးငင်ခဲ့ပါ'

ဗိုလ်မှူးငှက် ကြီးက ခေါးကိုရွှေဆန့်ကာပြောသည်။

ငှက်ဖေ ခေါးရှည်များ ကိုင်ဆောင်ထားကြသည့်
တော့သည်။ ပြေးဝင်လာကြသည်။

'ရှိုး...'

ရှတ်တရက် တင
အဖွဲ့သားများက ပြ
ပိုက်ကွန်ကြီးသဖွယ် ငူး လည်ပတ်သောအသံသ တရှမ်း
'ဟင်း သိကြသေ နိုးပေါ်ထွက်လာသည်။

ဝူးကျင့်က သူ၏ရုတ်တရက်လေထဲခုန်တက်ပြီး သူ၏
လိုက်သည်။ ည။

'သူ တစ်ချက်ခု
တတိယမြေ ဒေါင်'



သံသံချင်းထိသံများသာ ပေါ်ထွက်လာလေသည်။

သို့သော် သိမ်းငှက်တောင်သိုင်းသမားကြီးသည် လေထဲတွင် ကျွမ်းတစ်ပတ်ပစ်ပြီး သိုင်းသမားများ၏နောက် ရိပ်ခနဲ ရောက်သွား၏။

'ဖောင်း ဖောင်း'

သိုင်းသမားများသည် ဝူကျင့် ရုတ်တရက် ပျောက်သွားသောကြောင့် အံ့အားသင့်နေစဉ် သိုင်းသမားလေးငါးဦး လဲပြို၍ကျလာတော့သည်။

'အို အား'

'အား အား'

ဝူကျင့်က သိုင်းသမားများကို နောက်မှဆောင့်ကန်ပစ်လိုက်သဖြင့် လွင့်စဉ်လဲကျသွားပြန်တော့၏။

'ငါဒီမှာ'

သိုင်းသမားများသည် ထိုအသံကြောင့် တစ်ပြိုင်တည်း နောက်ကျောသို့လှည့်ကြည့်ကာ ခေါးရှည်ကြီးများအား ဝှေ့ယမ်း၍ တိုက်ခိုက်လိုက်ပြန်သည်။

သိုင်းသမားများ၏ခေါးများမှာ ဝူကျင့်လည်ပင်းနှင့်ဝမ်းဗိုက်ကို ချိန်ရွယ်ဝှေ့ယမ်းခုတ်လိုက်ကြသည်။

လှံရှည်သမားများကလည်း လှံရှည်ကြီးများကို ဝှေ့ယမ်း၍ ဝူကျင့်၏ဝမ်းဗိုက်ကို တအားထိုးသွင်းလိုက်ကြသည်။

'ရွှီး'

'ထန်း ထန်း'

သိုင်းသမားကြီးသည် သူ၏ခြေထောက်ကို ထစ်ချက် ဆောင့်လိုက်သည်နှင့် လေထဲသို့ ထိုးတက်သွားသည်။

သူ၏ဓားကို ခါးကော့၍ ဝှေ့ယမ်းရာ လှံရှည်အချို့မှာ အပိုင်းပိုင်း ပြတ်ထွက်သွားပြီး ဓားရှည်များလည်း အလယ်မှ ပြတ်ထွက်သွားတော့သည်။

သိုင်းသမားများမှာ အပိုင်းပိုင်းပြတ်သွားသည့် လှံနှင့် ဓားရှည်များအား ကြည့်ပြီး အံ့အားသင့်သွားလျက် မျက်နှာများ ပျက်သွားကြ၏။

သူတို့သည် ရုတ်တရက် ရှေ့သို့မတိုးရဲကြဘဲ ရှိနေကြလေသည်။

ထိုစဉ် တတိယတံခါးစောင့် တပ်မှူးက အော်၍အမိန့်ပေး လိုက်သည်။

'ဟိတ်....ဘာလုပ်နေတာလဲ၊ ဝိုင်းတိုက်ပါလား'

တတိယတံခါးစောင့် တပ်ခွဲမှူး၏ အော်ဟစ်အမိန့်ပေး



လိုက်မှုကြောင့် ကျန်ရှိနေသောသိုင်းသမားများသည် လက်နက် များ ဝှေ့ယမ်းကာ အော်ဟစ်၍ တိုက်ခိုက်လာကြပြန်၏။

'သတ်ဟေ့....ချကွာ'

'ချွမ်း ချွမ်း'

'ထန် ထန် ထန်'

ဓားသံများနှင့် လှံရှည်များ၏အသံ။

သိုင်းသမားကြီး၏ဓားဖြင့် ထိတွေ့လိုက်သောအသံများက သိမ့်သိမ့်တုန်သွားပြန်လေသည်။

သိုင်းသမားကြီး၏ အကွက်စုံပင် သိုင်းသမားများသည် အနည်းငယ်ပင် ထိအောင်မတိုက်ခိုက်နိုင်ကြပေ။

သူတို့အားလုံးသည် ရိပ်ခနဲ ရိပ်ခနဲ ခုန်လွှားပျောက်သွားသည့် သိုင်းသမားကြီးအား အပြတ်ရှင်းရန် မလွယ်ကူအောင် ဖြစ်နေကြ၏။

သိုင်းသမား သုံးဆယ်အနက် သိုင်းသမားတစ်ဝက်ခန့်မှာ ဒဏ်ရာရသူတွေနှင့် အသက်ပျောက်သူတွေက ထက်ဝက်ကျော်ခန့် ရှိနေလေသည်။

သိုင်းသမားကြီးဝူကျင့်အား တတိယတံခါးမှူး ကန္တာရကြောင်နက်သည် သူ့ဓားကို ဆွဲထုတ်လိုက်ကာ လွှား၍ ထွက်လာခဲ့သည်။

သူသည် အော်မိန့် အမိန့်ပေးကာ ဘေးမှပဲ့ကြည့်အနေဖြင့် ရပ်နေ၍ မရဲတော့ပေ။

ကန္တာရကြောင်နက်ပီပီ ပေါ့ပါးညင်သာကာ သိုင်းသမားကြီးအပေါ် ခုန်လွှား၍ သူ့ဓားဖြင့် ဝှေ့ယမ်းကာ နှုတ်ပိုင်းလိုက်သည်။

သူ့ဓားချက်သည် အပေါ်မှ စီးဆင်းလာသလိုရှိသည်။

သို့သော် အောက်ကိုစိုက်ကာ ခါးတစ်ဝိုက်မှ ဖြတ်ပိုင်းလိုက်သည်မှာ အသည်းယားစရာကောင်းလှလေသည်။

သိုင်းသမားကြီးသည် သတိကြီးသူတစ်ဦးဖြစ်၏။

သူသည် တတိယတံခါးမှူး မုန်တိုင်းလိပ်ပြာကိုယ်တိုင်ပါဝင် တိုက်ခိုက်လာသည့်အတွက် သူ့ဓားကို ကန့်လန့်ဖြတ်ကိုင်၍ ကန္တာရကြောင်နက်၏ဓားကို ခုခံလိုက်၏။

'ချွမ်း....ထန်း'

ဓားနှစ်လက်သည် ထိကပ်ပြီး မီးပွင့်များဖြာထွက်သွားလေတော့သည်။

ဓားနှစ်လက် ပူးကပ်ဆွဲလိုက်သောအသံက မီးခိုးများပေါ် ထွက်လာလေသည်။



သံမဏိဓားကောင်းများချည်းဖြစ်သည်။ သို့သော် အတွင်းအားကြီးသူ သိမ်းငှက်ကြီးအားကို အအေးလှိုင်းအဖြစ်အသွင်ပြောင်းကာ တိုက်ခိုက်လိုက်သဖြင့် ကန္တာရကြောင်နက် ကျွေချင်းမှာ သူ့ကိုယ်တွင်းကို ဓားမှစိမ့်ဝင်သွားပြီး တဆတ်ဆတ် တုန်ခါသွားရှာလေတော့သည်။

တကယ်တော့ ကန္တာရကြောင်နက် ကျွေချင်းသည် အပူပိုင်းဒေသမှလာသူဖြစ်ရာ အအေးဒဏ်ခံနိုင်သူမဟုတ်ပေ၊ ယခု အအေးလှိုင်းမိသွားပြီဖြစ်၍ သူ့ဓားသည် တဆတ်ဆတ်တုန်ခါလျက်ရှိတော့သည်။

သူ၏အတွင်းအားက ပို၍မြင့်လွန်းသဖြင့် သူ့ဓားမှာ အောက်ကို စိုက်၍နိမ့်ဆင်းသွားသည်။

ယင်းသိမ်းငှက်ကြီးနှင့် မုန်တိုင်းတို့သည် ကန္တာရကြောင်နက် ကျွေချင်းကို တိုက်နေသည့် မုန်တိုင် သိုင်းသမားကြီးက စံအိမ်တော်အောက်မှကြည့်၍ အကဲခတ်နေ၏။

ကန္တာရကြောင်နက်သည် သိမ်းငှက်ကြီး၏ သိုင်းအဆင့်ကို မကျော်လွန်နိုင်သေးကြောင်းကိုသိလိုက်ရသည်။

ထိုစဉ် ရှုကျင့်မျက်လုံးများနှင့် ကန္တာရမျက်လုံးများက စကားပြောလျက်ရှိနေကြသည်။

သူတို့နှစ်ယောက်၏တိုက်ခိုက်မှုသည် ဘေးမှကြည့်နေသူအဖို့ အသည်းယားစရာ …

မှန်သည်၊

လွန်ခဲ့သောဆယ်နှစ်ကျော်ကပင် စူကျင့်သည် မြောက်ကန္တာရမင်း၏ ဖိတ်ခေါ်ချက်အရ ရောက်သွားခဲ့ရာ ယခု ကန္တာရကြောင်နက်မှာ ငယ်ရွယ်သေးသော လူငယ်ကလေးဖြစ်သည်၊

သိမ်းငှက်သည် ညာဏ်ကြီးရှင်တစ်ယောက် ဖြစ်သည်။

ကြောင်နက်အား သိုင်းပညာများကို ကြောင်တစ်ရာ ယင်းရှေ့ချိန်ထိမှာပင် သင်ပေးခဲ့လျက် အကြောင်းရှိက အသုံးပြုနိုင်ရန်အတွက် မှန်တိုင်းလိုင်းမြှားကြီး၏စံအိမ်ကို ပို့ခဲ့သည်၊

မှန်တိုင်းကြီးသည် သူမွေးထုတ်သော သိုင်းသမားစစ်စစ်နည်းကျပြီး ကြေးစားများကိုသာ ခေါ်ယူအသုံးပြုနေခြင်းဖြစ်နေသည်၊

ကြောင်နက်အား ပေါ်ပြီမှာ စွန်တိတ်လျှောင်က ယုံကြည်စိတ်ချသွားခဲ့သည်။

တိုက်ခိုက်မှုမှန်သမျှတို့သည် ကြောင်နက်၏ တန်ပြန်တိုက်ခိုက်မှုများသာဖြစ်သော်လည်း ဘေးမှကြည့်သူများအဖို့ သူသေ ကိုယ်သေ တိုက်နေကြသည်လို့သာ ထင်နေ၏။



"သွားတော့"

စူကျင့်က သူ၏ဓားဖြင့်ကပ်၍ ကန္တာရကြောင်နက်၏ ဓားကို အပေါ်စီးမှ ဖိနှိပ်ထားရာမှ ဓားကို ရှေသို့ ထုတ်သိုက်ပြီး အောက်၍ခြေသစ်ချက်ကန်လိုက်ရာ ကြောင်နက်မှာ လွင့်ထွက်သွားတော့၏။

ကြောင်နက် မှေ့မျော၍ ခွေခွေကလေးဖြစ်နေစဉ်....

နဂါးမြီးယမ်း အကွက်ဖြင့် ကျန်သောအဓောင့်ကို ခုန်လွှား တိုက်ခိုက်လိုက်ရာ အနည်းငယ်သာကျန်သော အဖွဲ့သားများ ဖရိုဖရဲဖြစ်ကာ လဲပြိုကုန်တော့သည်။

စံအိမ်အောက်မှကြည့်နေသော လိုင်မြှားကြီး ကွက်ခနဲမျက်နှာပျက်လေသည်။

လက်ရွေးစင်ဆယ်ဦးခန့်သည် လျှပ်တစ်ပြက်ပင် ပြေးဝင်လာကြသည်။

သူတို့လက်ထဲတွင် ပိုက်ကွန်များနှင့် ဓားလှံလက်နက်များ ပါလာသည်။

ပိုက်ကွန်ကို ကိုင်၍လာသော စွန်တိတ်လျှောင်မှာ အလွန်ထူးဆန်းမြင့်မားသူ ဖြစ်သည်။

သူ၏အမည်ရင်းမှာ မြန်းကွန်ဝေစ်ကြီးဟူ၍ ခေါ်ကြလေသည်။

သူသည် အနောက်ပင်လယ်ကျွန်းများတွင် ကျက်စားခဲ့သော ခါးပြကြီးတစ်ဦးဖြစ်ပြီး သူကိုင်သောလက်နက်မှာ ပိုက်ကြီးနှင့် သံချွန်တွေတပ်ထားသည့် မှိန်းရှည်ကြီးပင်။

ဝူကျင့်သည် ပိုက်ကြီးတစ်ခုနှင့် သံချွန်တွေတပ်ထားသော မှိန်းလက်နက်ကြီးကို ကိုင်၍ပြေးလာသော စွန်တိတ်လျှောင်အား မျက်လုံးများ ပင့်ကြည့်လိုက်ပြီး ရှေ့သို့တစ်လှမ်းချင်း လျှောက်သွား၏။

သိုင်းသမားကြီး ဝေစံသည် တစ်ချက်အော်လိုက်၏။

'ဟေး'

'ဖောင်း'

သူသည်အော်၍ ပိုက်ကွန်ကြီးအား လေထဲသို့ ပစ်ထည့်လိုက်ရာ ပိုက်ကွန်ကြီးမှာ ပြန့်သွားကာ အုပ်ဆောင်းသဖွယ် ဝူကျင့်အပေါ် အုပ်စိုင်းကျလာလေတော့သည်။

'ဝူကျင့်ဆိုတာ မင်းမသိဘူးလား မြန်းကွန်ရာ'

ဝူကျင့်က ပြောလိုက်ပြီး သူ့ခါးကို လေထဲသို့တစ်ချက်ဝင့်ကာ သူ၏ကိုယ်ခန္ဓာကိုလည်း ရိပ်ခနဲ မီးခိုးများသဖွယ် လေထဲသို့ ထိုးတက်သွားလေတော့သည်။



'ရှမ်း ရှမ်း'

ဝူကျင့်၏ခါးခုတ်သံကို ကြားလိုက်ရပြီးနောက် အုပ်ကျလာသော ပိုက်ကွန်ကြီးမှာ အပိုင်းပိုင်းပြတ်သွားလေသည်။

'ချွမ်း ချွမ်း'

'ထန်း ထန်း'

တစ်ဆက်တည်းမှာပင် လက်ရွေးစင်မုန်တိုင်းလိပ်ပြာ သိုင်းသမားများအတွင်းသို့ သိမ်းငှက်သိုင်းသမား ထိုးကျသွားကာ သိမ်းငှက်အစာသုတ် ခါးချက်ဖြင့် တရှမ်းရှမ်းခုတ်ချလိုက်လေသည်။

'အား'

'အိး'

'အိုး'

လက်ရွေးစင်သိုင်းသမား ဆယ်ဦးအနက် ငါးဦးတို့မှာ အသီးသီး ဒဏ်ရာရကာ မြေပေါ်လဲကျသွားကြ၏။

'ဝှီး ဝှီး ဝှီး'

'ဝှစ် ဝှစ် ဝှစ်'

ကျန်သော လက်ရွေးစင်သိုင်းသမား ငါးဦးတို့က အဆိပ်ခါးပျံများကို တစ်ပြိုင်တည်း ပစ်လွှတ်လိုက်ကြ၏။

'ထန်း ထန်း ထန်း'

'ချွင်....ချလွင် ချလွင်'

ခါးပျံများသည် သိုင်းသမားကြီး၏ ဝေ့ယမ်းပစ်လိုက်သည့် ခါးပြားကြီးဖြင့်ထိကာ ဘေးသို့လွင့်ထွက်သွား၏။

'ယား'

ဝုကျင့်သည် မာန်သွင်း၍ တစ်ချက်အော်လိုက်ပြီး လေထဲသို့ ခုန်တက်သွားပြီး ကျွမ်းတစ်ပတ်ပစ်လိုက်ရာ စံအိမ်ကြီးအား သစ်ပင်တစ်ပင်ပေါ်သို့ ရောက်သွား၏။

'ရှမ်း ရှမ်း'
'ထန်း ထန်း'
'အား အား'

သစ်ပင်ပေါ်မှ အသင့်စောင့်နေသော သိုင်းသမားသုံးဦးတို့သည် မြေပေါ်သို့ ပစ်ကျလာတော့သည်။

'ဝုန်း'

ဝုကျင့်သည် စံအိမ်နှင့်ကပ်နေသော ပန်းသုံးပွင့် ကျောက်တိုင်ကြီးပေါ်သို့ ခုန်ဆင်းလိုက်ပြီး ခြေဘယ်ဖျက်ဆောင့်နင်းလိုက်ရာ ကျောက်တိုင်ကြီး လဲပြိုမသွားလျက် သိုင်းသမားသုံးဦး ပေါ်ထွက်လာတော့သည်။

သူတို့လက်ထဲတွင် ရှည်လျားသော ဓါးများတကြီးကဲ့သို့ လက်နက်များကိုင်ထားကာ ပြင်ဆင်ချိန်မရသေးမီ ကျောက်တိုင်ကြီး ပြိုကျ၍ မြေအောက်တခါးပွင့်သွားပြီး ညာဘက်နောက်တွင် ဓားသိတစ်ချက် ကြွားလိုက်ရလေ၏။

'ရှမ်း'
'အား'
'အီး'



အော်သံနှင့်အတူ သူတို့၏ခန္ဓာကိုယ်များ လွင့်စဉ်ထွက်သွားတော့သည်။

အမှန်တော့ ဝုကျင့်သည် စွန်တိတ်လျှောင်၏ လျှို့ဝှက်ချက်များကို အတွင်းကျကျသိထားသည့် ပုန်းအောင်းတိုက်ခိုက်ရန် လျှို့ဝှက်ထားသော သိုင်းသမားများအား လက်ဦးအောင် ရှင်းနိုင်ခြင်းဖြစ်သည်။

စွန်ထိတ်လျှောင်မှာ မစဉ်းစားတတ်အောင် တွေဝေ၍ သွားပြီးနောက် သူ၏အပေါ်ဝတ်ရုံနက်ကြီးအား ချွတ်ပြီး လက်ရွေးစင်သိုင်းသမားတစ်ဦးကို ပေးလိုက်သည်။

သူက လက်ကိုဆန့်ပေးရာ ကိုယ်ရံတော်လက်ဝဲသိုင်းသမားက ဓါးကြီး သောင်ကြီးဓားအား ရိုသေစွာ ကမ်းပေးလိုက်လေသည်။

'ဟား ဟား ဟား...မင်းလာမယ်ဆိုတာ ငါသိပါတယ် သိမ်းဝှက်ရာ၊ မင်း ဓားကြိုက်သလား လက်ဝါးကြိုက်သလား ကြိုက်တာကို ပြောပေတော့'

'ဟဲ ဟဲ ဟဲ...မင်းကြိုက်တဲ့ပုံစံနဲ့ တိုက်ခိုက်နိုင်တယ်၊ ငါက တစ်ယောက်တည်းပဲ လာခဲ့တာ၊ မင်းလိုလူများများထားပြီး တိုက်ခိုက်တာ မဟုတ်ဘူး'

စွန်တိတ်လျှောင်စံအိမ်အတွင်း ဝင်လာသော ဝုကျင့်က ရင်ကော့၍ ပြောလိုက်သည်။

ထိုအခိုက် တောင်အောက်မှ လူရိပ်များသည် တောင်ပေါ်သို့ အလျင်အမြန် ပြေးတက်လာနေသည်ကို တွေ့လိုက်ရလေသည်။

'ကြာတယ်ဟေ့၊ မင်းကစပြီး တိုက်ရမလား၊ ငါကစပြီး တိုက်ရမလား'

ဝုကျင့်က ပြောလိုက်စဉ်မှာပင် အဆိပ်ခါးပျံအချို့သည် စံအိမ်အပေါ်ထပ်မှ ပျံဆင်းလာလေတော့သည်။

'ဝှစ် ဝှစ် ဝှစ်'

'ရှမ်း ရှမ်း ရှမ်း'

'ထန်း ထန်း ထန်း'

ဝုကျင့်က ထိုခါးပျံများကို ခါယမ်းထုတ်လိုက်ပြီး ခြေတစ်ချက် ဆောင့်လိုက်ရာ လေထဲသို့ ထိုးတက်ပြီး အပေါ်ထပ် ဝရံတာအစွန်းသို့ ရောက်သွားတော့သည်။

'ရှမ်း ရှမ်း'

'အား'

'အီး'

'အီး'

ဝရံတာ နောက်မှ ပုန်းကွယ်နေသော ခါးပစ်သမား သိုင်းသမားများမှာ အောက်သို့ ထိုးကျလာလေတော့သည်။



'ဝှန်း'

ဝုကျင့် ဝရံတာတစ်ခုလုံးအား ခြေထောက်နှင့်ဆောင့်ကန်ပစ်လိုက်ပြီး လိပ်ပြာသိုင်းသမားကြီး စွန်တိတ်လျောင်အပေါ် ကျလာကာ ကြယ်ခြေ ခါးကွက်ဖြင့် တိုက်ခိုက်လိုက်သည်။

'ချွမ်း'

'ထန်'

နှစ်ဦးသား အားမာန်အပြည့်နှင့် တိုက်ကြသည်၊

စွန်တိတ်လျောင်၏ ဝိညာဉ်အသက်ခြေ သိုင်းကွက်နှင့် တိုက်ခိုက်သည်။

ကိုင်ဆောင်သောခါးများမှာ ရဘနာခါးကောင်းချည်းဖြစ်သည်၊ အတွင်းအားကို ခါးပေါ် တင်၍ တိုက်ကြသည်။

ခါးကွက်ပေါင်း နှစ်ဆယ်မှ ယှဉ်ပြိုင်အထိ မည်သူကမျှ အသာမရချေ၊ သို့သော် အတွင်းအားများတွင် ဝုကျင့်အနည်းငယ် မြင့်မားပြီး မှုန်တိုင်းလိပ်ပြာကြီးက အတွင်းအားများအတွက် အဆိပ်လှိုင်းများပြောင်းကာ တိုက်ခိုက်လိုက်သည်နှင့် စွန်တိတ်လျောင်မှာ အနည်းငယ်တွန့်သွားသည်၊

သူသည် အတွင်းအားကို အပူလှိုင်းကြီးအဖြစ် အသွင်ပြောင်းကာ အဆိပ်လှိုင်းများအား ချေဖျက်လိုက်သည်။

အမှန်မှာတော့ အဘွင်းအား မြင့်မာ သူဖြစ်၍ အဆိပ်လိုင်းကို သူကမကြောက်တော့၊

စွန်တိတ်လျောင်သည် သိမ်းငှက်အား ညာလက်နှင့် ခုတ်ချလိုက်ပြီး ဘယ်လက်က ရင်ညွန့်ကိုရိုက်ချလိုက်သည်၊

'ဝုန်း'

စွန်ကိတ်လျောင်တလည်း ပါးနပ်သူဖြစ်သည်။

သူသည် ကိုယ်ကိုလှန်ချကာ ခြေတစ်ဖက်ဖြင့် ဆောင့်ချလိုက်သည်။

မုန်တိုင်းလိပ်ပြာ ခုတ်ချက်နှင့် ရိုက်ချက်လွဲချော်သွား၍သာမက သူ၏ကိုယ်ကို နောက်သို့ဆုတ်ရသေးသည်၊

ထိုစဉ်—

သူ၏နောက်ကျောမှ ရှိုးခနဲကြားလိုက်ရသည်နှင့် ဒေါနှင့် နောက်ပြန်ဆုတ်လိုက်ရာ ထန်းခနဲမြည်သွားတော့သည်။

ဖျပ်ခနဲ လှည့်ကြည့်လိုက်ရာ ကြောင်နက်က သူ၏ကျောမှ ဓားဘစ်ချက် ထိုးစိုက်လိုက်သည်ကို တွေ့လိုက်ရသည်နှင့် အကြီးအကျယ် အံ့အားသင့်သွားရသည်။

'လက်စသတ်တော့ မင်းက သစ္စာဖောက်ပါလား'

'ကျုပ်က သစ္စာဖောက်မဟုတ်ပါဘူး'

'ခင်ဗျားရဲ့ခင်းထဲကိုရောက်နေတဲ့ အဆိပ်ကောင်လေးတစ်ကောင်ပါ'



ကြောင်နက် နှုတ်ခမ်းတွန့်၍ပြောလိုက်သည်၊

စွန်တိတ်လျောင်က အလွန်ဒေါသဖြစ်ကာ ခုန်လွှား၍ ကြောင်နက်ကိုရိုက်ထုတ်ပစ်လိုက်သည်၊

အလွန်မြန်သောအရှိန်ကြောင့်ကြောင်နက်မှာ ရှောင်တိမ်းသော်လည်း အချိန်မရလိုက်ပေ ပုခုံးသည် ကွဲထွက်ကာ လဲပြိုတော့သည်။

'ဝုန်း

'အီး'

သစ္စာဖောက်တွေ သေတာကောင်းတယ်'

ကြောင်နက် အပေါ်သို့ လွင့်ကာ အင့်ခနဲတစ်ချက်မြည်ရင်း ကိုယ်တစ်ချက်တွန့်သွား၏။

ကိုယ်ရံတော်တပ်ဖွဲ့ခေါင်းဆောင်က အနီးကပ်ဓားဦးနှင့် ထိုးသွင်းလိုက်ခြင်းပင်။

'မင်း မင်း မင်း'

'ဟုတ်တယ်၊ ကျုပ်ဟာ သိမ်းငှက်ခေါင်ကဆင်းလာတဲ့ ဓားသမားကျွန်နက်တွေချည်းပဲ ဒီကိုလွှတ်လိုက်တာ ခင်ဗျားရဲ့ လျှို့ဝှက်ချက်တွေကိုသိချင်လို့ ဘူး ခင်ဗျားကို အပြတ်ရှင်းဖို့အတွက် ရောက်နေတာ'

ဟား ဟား ဟား' ကျွန်နက်ပြောတာမှန်တယ်၊ ကျုပ်ကိုယ်တိုင်လွှတ်လိုက်တာပဲ၊ မင်းထံမှာရှိတဲ့ သိုင်းသမားတွေက ကျုပ်လူတွေ'

ထိုစဉ် စွန်တိတ်လျှော်သည် ဝန်းကျင်ကိုကြည့်လိုက်ရာ ကိုယ်ရံတော် လက်ယာ ကျဆုံးနေပြီး တချို့လူများက မတုန်မလှုပ်ဘဲ ရပ်နေသည်။

ကြောင်နက်မှာ မသေရုံမက တဟားဟားရယ်နေသည်ကို ချောက်ချားဖွယ်တွေ့ရသည်။

ထိုအခိုက် စွန်တိတ်လျှော်ကိုယ်ပေါ်ကို ပိုက်ကွန်ကြီး အုပ်ချလိုက်ရာ ခါးဒဏ်ရာရနေသဖြင့် နောက်ကို အလျင်အမြန် ခုန်၍ဆုတ်လိုက်၏။

'ဟင် မင်းလဲ သစ္စာဖောက်တင်ဦးပါလား'

'ဟဲ ဟဲ ကျုပ်လဲ အနောက်တောင်ပင်လယ်ဝါသွားပြီး ပထမဆုံး လက်သတ်မွေးခေါ်ပြီး ခင်ဗျားထံကိုလွှတ်ခဲ့တာပဲ'

'ဟင်း မင်းက ငါ့အပေါ် တစ်ကွက်သာခဲ့ပြီပေါ့'

စွန်တိတ်လျှော်က သူ့အိတ်ထဲမှစာအုပ်လေးအား ပြေးထွက်လာသော လိပ်ပြာသိုင်းသမားတစ်ဦးထံသို့ ပစ်ပေးရင်း ငါ့သား ပြေးပေတော့ဟု ပြောလိုက်၏။

'ဟိတ် အမြန်ဆုံးအပြင်ထွက်ကြ'

ဝုကျင့်က အော်ဟစ်ပြီး စံအိမ်အပေါ်သို့ ခုန်တက်လိုက်သောအခါ....

သို့သော် ကျယ်လောင်လှသောအသံတစ်သံက အသည်းထိတ်ခမန်း ပေါ်လာလေသည်။

'ဂျိန်း'

'ဝုန်း'

မြေခန်းကြမ်းပြင်က ရုတ်တရက်ပွင့်လေတော့၏။



စင်စစ် မုန်တိုင်းလိပ်ပြာစွန်တိတ်လျှော်က သူထိုင်နေကျ ထိုင်ခုံကြီး လက်ပေါ်မှ လိပ်ပြာချပ်ကို ဆွဲ၍လှည့်လိုက်သည်နှင့် ကျောက်ထိုင်ခုံမှာ ချာချာလည်ပြီး ကြမ်းပြင်ကြီး ပွင့်ထွက်သွားခြင်းတည်း။

သိမ်းငှက်တောင်သိုင်းသမား ဝုကျင့်နောက်မှပါလာသော သိုင်းသမားအချို့သာ လွတ်မြောက်သွားပြီး အချို့မှာ တောင်အောက်ချောက်ထဲသို့ ထိုးကျသွားတော့သည်။

တကယ်တော့ စံအိမ်ကြီးတည်ဆောက်ထားဦးကပင် အောက်နက်ကြီး တစ်ခုအား မြေညီခန်းအဖြစ်ငုံ၍ တည်ဆောက်ကာ စက်ခလုတ် ပွင့်အပိတ် တပ်ဆင်ထားခဲ့ခြင်း ပင် ဖြစ်သည်။

မုန်တိုင်းလိပ်ပြာသိုင်းသမားမှာ သူထိုင်သော ခုံပြေးပေါ် မှောက်၍ကျပြီး ခါးဒဏ်ရာကြောင့် အသက်ကိုပြင်းပြင်း ရှူရှိုက် လျက် ရှိနေ၏။

'ဝေါ'

သူ့ပါးစပ်မှ သွေးများ စီးကျလာသည်။

သူသည် သန့်ရှင်းသော လောကတစ်ခွင်တွင် ဒုစရိုက်ကောင်ကြီးတစ်ကောင်အဖြစ် ကျင်လည် ကျက်စားနေရာက တဖြည်းဖြည်း ငြိမ်သက်သွားလေတော့သည်။

'ဟေ....ဟိုကောင်သိုင်းကျမ်းရသွားပြီ'

မုန်တိုင်းလိုင်ပြာသိုင်းသမားတစ်ဦးက ပြောလိုက်ရာ သိုင်းသမားကြီး ဝုကျင့်က....

'သိမ်းငှက်တွေ လိုက်ကြစမ်း'

မုန်တိုင်းလိပ်ပြာသိုင်းသမားထံတွင် လျှိုဝှက်ဝင်ရောက်နေကြသော သိမ်းငှက်သိုင်းသမားသည် လေထဲသို့ လွင့်မျောသကဲ့သို့ အလျင်အမြန်ပင် လိုက်သွားကြတော့သည်။

ထိုအခိုက်–

ဂွီး ဂွီး ဂွီး'

လူအုပ်များသည် ပြေးလွှားလာရာက သိမ်းငှက်တောင်သိုင်းသမားအုပ်စုအား စက်ဝိုင်းပမာ ချာချာလည်၍လာသော အသွားထက်သည့် ကြေးပြားစကြာလက်နက်များဖြင့် ပစ်ခတ်ပြန်သည်။

'ထန်း ထန်း ထန်း'

သိမ်းငှက်တောင်သိုင်းသမားကြီးသည် ဝင်ရောက်လာသော ကြေးပြားစကြာလက်နက်များအား သူ့ဓားဖြင့် လွှား၍ ခတ်ထုတ်ပစ်လိုက်လေသည်။

'ဟော....မင်းတို့က အရှေ့တောင်သိုင်းသမားတွေ မဟုတ်လား'



ဝုကျင့်က ခေါင်းဆောင်ဖြစ်သူအား အလျင်အမြန် အီးကြိုမေးလိုက်၏။

'ဟုတ်တယ်၊ ခင်ဗျားက ဒီမှာဘာလာလုပ်တာလဲ'

အရှေ့တောင်သိုင်းသမားခေါင်းဆောင် ကျင်ထန်းက မေးလိုက်၏။

သူ၏အနက်ရောင်ဝတ်ရုံအင်္ကျီပေါ်တွင် လူခေါင်းခွံတစ်ခွံကို ထွဲချိတ်ထားလျက် ရှိလေသည်။

'ငါလဲ မုန်တိုင်းလိပ်ပြာ ဇွန်တိတ်လျောင် ယူသွားတဲ့အတုမဲ့သိုင်းကျမ်းကိုယူရင်း စာရင်းရှင်းကြတယ်၊ မင်း သွားကြည့်ပါ၊ အခုသေပြီ'

'သေပြီ ဟုတ်လား'

အရှေ့တောင်သိုင်းသမားခေါင်းဆောင် ကျင်ထန်းသည် စံအိမ်ကြီးထဲ ပြေးဝင်လိုက်သည်၊

သို့သော် ကြမ်းပြင်ကြီးတစ်ခုလုံး ပွင့်ထွက်ကာ အောက်ခြေမှ တဟူးဟူးအော်မြည်ကာလာသော လေလှိုင်းများက သူ့ကိုယ်အား ရိုက်ခတ်လေသည်။

'ဟင်....ကြမ်းပြင်ကြီးလဲ ပွင့်နေပါလား'

သူက တအံ့တသြပြောပြီး ခြေသို့ဆက်ကြည့်လိုက်သည်။

ကျောက်ခုံကြီးပေါ်ရှိ ကျောက်ဖြူထိုင်ခုံတွင် ဝမ်းလျားမှောက် လဲကျနေသူကို တွေ့လိုက်ရ၏။

အရှိးတောင်သိုင်းသမားခေါင်းဆောင် ကျင်ထန်း ထိုသို့ပြောပြီး လှေ့ားရှ်ခုန်လိုက်ရာ ကျောက်ခုံကြီးပေါ်သို့ရောက်သွားလေတော့သည်။

ထိုခုံကြီးပေါ်တွင် လဲကျနေသော မုန်တိုင်းလိပ်ပြာ သိုင်းသမားကြီး စွန့်တိတ်လျောင်ကို ကြည့်လိုက်ရာ အသက်မရှိတော့၊ ကိုယ်ထဲတွင် သိုင်းကျမ်းမရှိတော့ချေ။

သူသည် လှည့်၍အုပြင်သို့ ကွက်လိုက်ရာ သိမ်းငှက်တောင်သိုင်းသမားကြီးက စောင့်နေသည်ကို တွေ့လိုက်ရလေသည်။

'သူသေပြီ၊ သိုင်းကျမ်းဘယ်မှာလဲ'

'သူ့သားလို တပည့်တစ်ယောက်ကို ပစ်ပေးလိုက်တယ်၊ အနောက်ပြေးလို့ လိုက်နေကြတယ်'

'တောက်'

အရှိးတောင်သိုင်းသမားကြီး ကျင်ထန်းမှာ တောက်တစ်ချက် ခေါက်လိုက်ပြီး သူ့လူများအား လက်ရိပ်ပြလျက် အလျင်အမြန်ပင် တောင်အောက်သို့ ဆင်းသွားလေတော့၏။

ထိုစဉ် အသံများ ကြားလိုက်ရပြန်သည်။



'ကျွန်မတို့ကို မသတ်ပါနဲ့၊ သူက ဖမ်းခေါ်ထားလို့ လာနေရတာပါ'

သိမ်းငှက်အသွင်ပြောင်းလာသော မုန်တိုင်းလိပ်ပြာ သိုင်းသမားများက လုပ်နေ့ခြောင်းသော အမျိုးသမီး ဆယ်ယောက်နှင့် မျိုးသမီးကြီးတစ်ယောက်၊ အဘိုးအိုတစ်ယောက်အား ဖမ်းခေါ်လာသည်ကို တွေ့လိုက်ရသည်။

ဖမ်းလာသောသူများထဲတွင် လူကြမ်းကြီးတစ်ဦးဖြစ်သော မန်းကွန်ဒရစ်က ရှေ့ဆုံးမှဖြစ်ပြီး အလှယမင်းတစ်ဦးအား ပွေ့ချီခေါ်ယူလာလေသည်။

ထိုယမင်းကလေးမှာ ခြေထောက်များ တစ်ခါခါနှင့် ပါလာပြီး တဟင့်ဟင့်ငိုရှိုက်ပါလာနှံ၏။

'ခေါင်းဆောင်ကြီး သူ့ကိုပဲ ဆုအဖြစ်ပေးပါတော့၊ ဟား ဟား ဟား'

ငါးမန်းက ရမ္မက်လွှမ်းသောမျက်နှာနှင့် ပြောသည်။

'ကောင်းပြီ၊ သူ့ကိုခေါ်သွားပေတော့၊ ကောင်းကောင်းပေါင်းသင်း'

စိတ်ချပါ၊ ကျွန်တော် ကောင်းကောင်းပေါင်းသင်းပါမယ်'

ဂါးမန်းသည် ထိုသို့ပြောကာ ထိုယမင်းလေးအား ပွေ့ချီယူကာ တောင်အောက်ကို ပြေးဆင်းသွားလေတော့သည်။

'ဟေ့ အားလုံးဒီမှာထိုင်ကြ၊ ဘယ်သူဟာ စွန်တိတ်လျှောင်ရဲ့ ကတော်အစစ်လဲ'

'ကျွန်မပါ'

အသက်အနည်းငယ်ကြီးသော အမျိုးသမီးကြီးက ဇာပဝါလွှမ်းထားရာက မျက်နှာကိုလှစ်၍ ပြောလိုက်၏။

'သူတို့ကရော'

'သူတို့က အခြွေအရံတွေပါ၊ ကျွန်မ အနောက်တက်ဒေသက သွေးလက်ဝါး ဟိုမင်းရဲ့သမီးပါ'

'ခြော် သွေးလက်ဝါးရဲ့သမီးကို ဟိုလူကြီးက ဒီမှာထားလဲ'

'သူက ဘဏ္ဍာရေးမှူးလဲဖြစ် အိမ်တော်အတွင်းရေးမှူးလဲဖြစ်ပါတယ်'

'ကောင်းပြီ၊ ခင်ဗျားတို့ပစ္စည်းတွေက ဘာတစ်ခုမှ သိမ်းယူဘူး၊ ကျုပ်က သိုင်းကျမ်းနောက်လိုက်ခဲ့တာပဲ၊ ဒီအခြွေအရံတွေကို သူတို့နေရပ်ပြန်မယ်ဆိုလဲ လွှတ်လိုက်ပါ၊ ကြိုက်တဲ့သူတွေလဲ ပေးစားလိုက်'



ထိုသို့သိမ်းရက်တောင် သိုင်းသမားကြီး ဝုကျင့်ကပြောလိုက်သဖြင့် သိမ်းရက်လိပ်ပြာအသွင်ပြောင်းလာသော မုန့်တိုင်းလိပ်ပြာနှစ်ဆယ်ကျော် ထွက်လာတော့၏။

'ကျွန်တော် သူ့ကိုလိုချင်တယ်'

'ကျွန်တော်လဲ ဒီကောင်မလေးယူပါရစေ'

'ဟေ့ ဟေ့ မဲနှိုက်ကွာ၊ မဲကျတဲ့လူကယူသွား'

အိမ်တော်အတွင်းရေးမှူးကြီးက ထပ်၍ပြောလိုက်သည်နှင့် ဝုကျင့်မှာ တဟားဟားရယ်လိုက်တော့သည်။

'ကောင်းပြီ၊ ခင်ဗျားဘဲ သူ့တို့ကိုစီမံပေးလိုက်ပေတော့'

'ကောင်းပါပြီ'

ဝုကျင့် ဘဏ္ဍာရေးမှူးအား ပြန်လည်၍ တာဝန်ပေးလိုက်လေသည်။

ထိုစဉ် ကျမ်းစာအုပ်ယူသွားသည့် အဖွဲ့သားများ ပြန်ရောက်လာလျက် သိမ်းရက်ကြီးကို ဂါရာပြုရင်း ...

'ကျွန်တော်တို့ ဒဖွေ့တာ ပျောက်သွားတယ်'

'ဒီကောင့်အမည်က ဘယ်လိုခေါ်သလဲ'

'စွန်တိတ်လျှောင်မွေးစားသား ခေါင်းဖြူခေါ်လီဆိုတဲ့ နာမည်ပါ'

‘ကျောင်းပြီး တိုက ငါ့ဖြူကို အသေအရှင်ရှ ရှာခဲ့ကြမယ် ကဲသွားကြစို့’

ဝကျင့်သည် သူ့လူများအား လက်တစ်ချက်ယမ်းပြ၍ ကာ တောင်အောက်သို့ ဆင်းသွားလေသည်။

ကြက်ယမ်းသော ညဉ့်က လေးများအား ခေါ်ခဲ့ရန်စောင့်နေသော ဖွဲ့သားအချို့သာ ကျန်ရစ်လေသည်။

## အခန်း ( ၈ )

မိုးဘုရင်ကောင်က တွမ်ချင်းက ကျွမ်းစာအုပ်ကို ရှာခိုင်းလိုက်သော ကျွန်းလီသည် အလယ်ပိုင်းဒေသကို ချည်းနင်းလာခဲ့သည်။

အလယ်ပိုင်းဒေသတွင် သူ့အဖို့အသိမရှိပါ။

တစ်မြို့ဝင်တစ်မြို့ထွက်၍ မြင်းတစ်ကောင်နှင့် ဝန်ဆောင်အိတ်တင်ကာ လာခြင်းပင်။

မိုးရာသီ ကမေးလိုက်သည့် အမည်းရောင် စားနက်ကို ကျောတွင်လွယ်ထားသည်။

တစ်နေ့သောတွင် ကုန်သည်များနှင့်စည်ကားသော တောင်ခြေမြို့လေးကိုရောက်သောအခါ စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်၍လာသည်။

ဆိုင်အလုပ်သမားများထဲမှ မြင်းထိန်း အလုပ်သမားက သူ၏မြင်းကို အစာရေစာကျွေးရန် ဆွဲယူသွားသည်။

သူသည် အိပ်ခန်းတစ်ခန်း ငှားလိုက်ရာ အလွယ်တကူပင် ရလိုက်သည်။

ထို့နောက် သော့နှင့်တံခါးကိုဖွင့်ပေးလိုက်ပြီး ကျန်းလီထံ သော့ကိုအပ်လိုက်သည်၊

အလုပ်သမားလေးက....

'ကျွန်တော် စားစရာလာပို့ပေးရမလား'

'အောက်ထပ်မှာပဲဆင်းစားမယ်ကွာ၊ နေဦး မင်းတို့ဆိုင်က လူနည်းနည်းရှင်းပါလား'

အလုပ်သမားလေးကရယ်သည်၊

'လူရှင်းတာခဏပါဗျာ၊ တော်ကြာ ပြည့်သွားမှာပါ၊ ဒီမြို့က လမ်းဆုံဆိုတော့ ကုန်သည်တွေက ကျွန်တော်တို့ဆိုင် ကြိုက်တယ်ဗျ'

'ဒီလိုပါသလားညီလေးရာ စပ်စုတယ်မထင်ပါနဲ့ အကြောင်းတစ်ခုခုများ ရှိလို့လား၊'

'ဒါကတော့ ထုံးစံပေါ့ဗျာ အခုတော့ သွားကြပါပြီ'

'ဘာသွားတာလဲညီလေးရဲ့'



'သိုင်းသမားပေါက်စကလေးနဲ့ သိုင်းသမားအချို့ပါဗျာ၊ မှာတိုက်ပွဲဖြစ်သွားကြတယ်၊ ဒါကြောင့် ကုန်သည်တွေ လန့်ပြီးထွက်သွားကြတာပါ'

နဂါးလေးခေါ် နဂါးလက်သည်း ကျွန်းလီမှာ စိတ်ဝင်စား သွားရသည်။

သူသည် ဓားကိုကိုယ်ကမချဘဲ အခန်းတံခါးပိတ်၍ အပြင် သို့ထွက်လာခဲ့သည်။

အောက်ထပ်သို့ကြည့်လိုက်ရာ စားသောက်သူများ တဖွဲဖွဲ ရောက်လာသည်ကို မြင်လိုက်ရလေသည်။

နဂါးလက်သည်း ကျွန်းလီက စားပွဲလွတ်တစ်လုံးတွင် ဝင်၍ ထိုင်ကာ စားစရာများ မှာလိုက်၏။

စားပွဲထိုးကလေးက မေး၏။

'အရက်သောက်ဦးမလား'

'တစ်အိုးယူခဲ့ပါ၊ ဘာအရက်လဲ'

'ဒီမှာတော့ အကောင်းဆုံး ဝါးစိမ်းအရက်ပဲ ရှိပါတယ်'

စားပွဲထိုးကလေးက အလျင်အမြန် ထွက်သွားသည်။

မကြာမီ အစားအစာနှင့် အရက်အိုးတစ်အိုး ရောက်လာသည်။

သူ့အား အခြားသောစားပွဲမှ လူများက ကြက်ခြံ ကြက်ခနဲ ကြည့်ကြသည်။

အမှန်စင်စစ် အနောက်ပိုင်းဒေသသည် မြေပြန့်လိုမဟုတ် တောင်ပေါ်ဒေသဖြစ်ပြီး တကယ်အစားကပါ မြေပြန့်နှင့် အလွန်ကွာခြား၏။

နဂါးလက်သည်းကျွန်းလီမှာ အင်္ကျီအပြာကြမ်း ဘောင်းဘီ အပြာနှင့် ခေါင်းစည်းပဝါစည်းထားပြီး နှာခေါင်းဦးထုပ်တစ်လုံး ကိုလည်း ခေါင်းက ခါးတစ်ချောင်းကို လွယ်ပိုးထားသဖြင့် တောင်ပေါ်သားမှန်း ကွက်ခနဲ သိလိုက်ကြသည်။

ထိုအခိုက် သိုင်းသမားနှင့်တူသော အသက်လေးဆယ် လူတစ်ဦးသည် စားပွဲတစ်လုံးမှ ထလာကာ နဂါးလက်သည်း ကျွန်းလီ၏စားပွဲရှေ့သို့ ရောက်လိုက်သည်။

'ညီလေးက တောင်ပေါ်ဒေသက လာခဲ့တာနဲ့တူတယ် ဟုတ်လား'

'ဟုတ်ပါတယ် အနောက်မြောက်ဒေသကပါ'

'ဟာ... ဒီနယ်က အလွန်အေးတာပဲ၊ အစ်ကိုက အဲဒီဒေသ က လာခဲ့တာ ကြာပါပြီ'

နဂါးလက်သည်းကျွန်းလီသည် မိမိတို့၏အနောက်မြောက် ဒေသကဟု ဆိုသဖြင့် စိတ်ဝင်စားသွား၏။

'ထိုင်ပါအစ်ကို၊ အစ်ကိုက ဘယ်နယ်ကလဲ'



နဂါးလက်သည်းကျွန်းလီသည် ထုံးစံအတိုင်း သူတို့ဒေသ နှင့် ပတ်သက်၍ ထိုလူမည်သည့်ဒေသက လာသည်ကိုသိလို၍ မေးလိုက်၏။

ထိုလူသည် ခေါင်းတွင်ပဝါတစ်ထည်ကို ဆံပင်အားစုစည်း ထား အနက်ရောင်အင်္ကျီနှင့် အပြာရင့်ဘောင်းဘီကို ဝတ်ထား သေသည်။

သူက ထိုင်ခုံလွှတ်တွင် ဝင်ရောက်ထိုင်ပြီး...

'အစ်ကိုက အနောက်ခြမ်း ယီဒေသကပါ'

'အော်... အစ်ကိုက ယီဒေသကကိုး၊ ယီလူမျိုးဟုတ်လား'

'ယီလူမျိုးတော့ မဟုတ်ပါဘူး၊ မြောင်လူမျိုးစုထဲကပါ'

များသောအားဖြင့် ယီလူမျိုးများသည် ရွာကြီးများ တည်ထောင်ကာ တောင်ပေါ်တွင်နေပြီး မြောင်လူမျိုးများက ချောင်းများနှင့်သစ်တောများအနီးတွင် မြိုင်ယံများတည်ထောင် ကျက် နေတိုင်ကြ၏။

အဆင့်အတန်းအားဖြင့် ယီလူမျိုးထက် မြောင်လူမျိုးက တော်တွားကြီးအဆင့်၊ မြို့အုပ်ချုပ်ရေးမှူးအဆင့်ရှိပြီး ကိုယ်ပိုင် စစ်တပ်များက တောင်ထားနိုင်ရှိကြသူ ဖြစ်ကြလေသည်။

'အစ်ကိုက ဒီဒေသရောက်နေတာ ဘယ်လောက်ကြာပြီလဲ'

ထိုလူက လက်သုံးချောင်း ထောင်ပြလိုက်သည်။

'သုံးနှစ်ရှိပါပြီ ငါ့ညီ'

'အခု အလုပ်ကရော'

'အစိမ်းရောင်သိုင်းဂိုဏ်းမှာ ပို့ဆောင်ရေးလုပ်ငန်း ဝင်လု နေတယ်၊ ငါ့ညီက အနောက်ဘက်ကလာတဲ့လူနဲ့ တူပါတ ဆိုပြီး လာမိတ်ဆက်တာပါ'

'အခုလိုသိရတာ ဝမ်းသာပါတယ် အစ်ကို၊ အစ်ကို ဒီအလုပ်တစ်ခုတည်းပဲလား'

'အခြေအနေအရပေါ့ ငါ့ညီ၊ အရောင်းအဝယ်လဲလုပ်တယ် အခုဝယ်ချင်တာက အဖိုးတန်တဲ့သိုင်းကျမ်း ဝယ်ဖို့အတွ လိုက်နေတာပါ၊ ငါ့ညီနာမည်ကရော'

နဂါးလက်သည်းကျန်းလီသည် သူ့နာမည်ကို အမှန်မပြော လိုသဖြင့် နာမည်လွှဲပြောရန် စိတ်ကူးမိသည်။

'ဒေါင်းလေး'

သူက ပါးစပ်ထဲတွင်တွေ့သော ဒေါင်းလေးဟု ထိုသူ့မှာ မျက်လုံးများပြူးကျယ်သွားရလေသည်။

'ဒါဖြင့် ကျားဝင်မြို့က လာခဲ့တာပေါ့'

'ဒါတော့ ကျွန်တော်မသိဘူး၊ ကျားဝင်လား ကျား လားပဲ၊ မြို့တစ်မြို့တော့ ဖြတ်လာခဲ့တာပဲ'



'ဟား ဟား ဟား ...ဟုတ်ပြီ'

ထိုသူက အားရပါးရ ရယ်မောလိုက်သည်။

'ညီလေးအမည်က ဒေါင်းလေးဆိုတော့ ဒေါင်းဖြူဆိုလဲ မမှားဘူးပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ညီလေးရဲ့အသားက တကယ့်ကို ဖြူဖွေးနေတာကိုး'

'ဟဲ ဟဲ ဟဲ၊ ကျွန်တော်က အအေးဒေသက လာခဲ့တာမို့ အသားဖြူတာ မဆန်းပါဘူး၊ အစ်ကို့ရဲ့အမည်ကိုလဲ ပြောပါဦး'

'အစ်ကို့ကိုတော့ မြွေဟောက်လို့ပဲ ခေါ်ကြပါတယ်'

'မြွေဟောက်'

နဂါးလက်သည်းကျန်းလီသည် ရင်ထဲမှ ခပ်တိုးတိုးလေး ရေရွတ်လိုက်သည်။

'ဘွဲ့အမည်ပေါ့'

'ဟုတ်ပါတယ် ငါ့ညီ၊ အမည်ရင်းကတော့ တောသား လိပ်ပြာတဲ့၊ အတိုကောက်တော့ တောသားခေါ်လဲရပါတယ်'

'အစ်ကိုသောက်ပါဦး'

နဂါးလက်သည်းကျန်းလီက ဝါးစိမ်းအရက်တစ်ခွက်ကို မြွေဟောက်ရှေ့သို့ ချပေးသည်။

'ဟဲ ဟဲ ဟဲ....အစ်ကိုက ဒီမှာဆိုရင် အိမ်ရှင်ပဲ၊ ငါ့သီက ဧည့်သည်ဆိုတော့ ဒီနေ့အားသောက်တာ အစ်ကိုကပဲ တာဝန်ယူပျါရစေ'

သို့သို့ပြောကာ မြေဟောက်သည် ဝါးစိမ်းအရက်ကို ကောက်၍ သောက်လေသည်။

စင်စစ် မြေဟောက်ဆိုသူသည် သိမ်းငှက်ဘောဝဲဒိုင်းသမားကြီး ဝုကျင့်က ငှားထားသော သိုင်းသမားတစ်ဦးဖြစ်သည်။

သူ့အား ခေါင်းဖြူခေါ်လီ ဆိုသူအား ခြေရာကောက်၍ ရှာဖွေပေးရန် စေလွှတ်ထားခြင်းဖြစ်သည်။

ယခု ခေါင်းဖြူခေါ်လီတော့ မတွေ့၊ ခေါင်းလေးဟူသော လူငယ်ကို တွေ့ရသည်။

ခေါင်းဖြူခေါ်လီမှာလည်း လူငယ်တစ်ဦးပင် ဖြစ်သည်။

ယခု ခေါင်းလေးမှာ ခေါင်းဖြူခေါ်လီဖြစ်နိုင်သည် မဟုတ်ပါလား'

'ဟား ဟား ဟား၊ ငါ့ညီကလဲ သိုင်းပညာတော့ မဆိုးဘူးထင်တယ်'

'အစ်ကိုထင်လို့ပါ၊ ကျွန်တော့်သိုင်းပညာက အစ်ကို့လောက်တောင် အဆင့်မြင့်မယ် မဟုတ်ပါဘူး၊ အခုမှ သိုင်းပညာ လေ့လာရှာဖွေဖို့ လာခဲ့တာပါ'



'ဟား ဟား ဟား....ငါ့ညီက ဘယ်လိုလျှို့ဝှက်ထားကိုး၊ အေးလေ ဒီအချိန်ကစပြီး ညီလေးနဲ့အစ်ကိုဟာ သိုင်းညီအစ်ကိုတွေ ဖြစ်သွားကြပြီပေါ့ကွာ၊ ဟား ဟား ဟား'

မြေဟောက်ပြောရင်း ဝါးစိမ်းအရက်တစ်ခွက်ကိုထည့်၍ နဂါးလက်သည်းကျန်းလီအား ပေးလိုက်သည်။

နဂါးလက်သည်းကျန်းလီက မြေဟောက်ကမ်းပေးသော ဝါးစိမ်းအရက်ခွက်ကိုယူကာ သောက်လိုက်ပြန်သည်။

'ညီလေး ဒီနေ့ပြီး ဘယ်သွားဦးမယ် စိတ်ကူးထားသေးသလဲ'

'ကျွန်တော့် ဆရာဘာဘက ပြောဖူးတာရှိတယ်၊ မဟူရာတောင်တန်းဘက်ကိုသွားရင် ပညာရနိုင်တယ်လို့ ပြောပါတယ်'

'ဟာ....သိပ်ဟုတ်တာပေါ့ ငါ့ညီရာ'

မြေဟောက်က ပြောလိုက်သဖြင့် နဂါးလက်သည်းကျန်းလီမှာ ပို၍ စိတ်ဝင်စားရတော့သည်။

သူတို့နှစ်ဦး အရက်သောက်ကာ အစားအစာများကို စားကြသည်။

သိုင်းပညာလိုချင်ရင်တော့ အစ်ကို ကူညီနိုင်ပါတယ် ငါ့ညီ၊ ဒါထက် အစ်ကိုပြောတာကို စိတ်မဝင်စားဘူးလား'

'ဘာများလဲအစ်ကို'

'ဪ... သိုင်းကျမ်းသေ၊ ဒီသိုင်းကျမ်းမျိုးရရင် အစ်ကိုက ငွေအမြောက်အမြား ပေးဝယ်မယ့် သူဌေးကြီးတစ်ဦးရှိတယ်၊ အစ်ကိုက ငွေပဲမဟုတ်လား ငါ့ညီ'

နဂါးလက်သည်းကျန်းလီက ဆတ်ခနဲမော့ပြီး....

'ကျွန်တော်ကတော့ အဖိုးတန်တဲ့ သိုင်းကျမ်းမျိုးကို ငွေနဲ့ မရောင်းနိုင်ဘူး အစ်ကို၊ ကျွန်တော့်အတွက် လေ့ကျင့်ပြီး အများအကျိုးအတွက် ဆောင်ရွက်ရမှာပေါ့'

'ဟား ဟား ဟား....ငါ့ညီ၊ အခုပဲ တို့စားနေသောက်နေတာ ကြည့်လေ၊ ငွေမရှိရင် ဘယ်လိုစားသောက်နိုင်မှာလဲ'

နဂါးလက်သည်းကျန်းလီက ပါးနပ်သူဖြစ်၍ ခေါင်းညိတ်လိုက်သည်။

မြွေဟောက်မှာ သူ့အကွက်ထဲသို့ နဂါးလက်သည်းကျန်းလီ ဝင်လာပြီဟု သိလိုက်ရသဖြင့် မည်သို့ဖြစ်စေ နဂါးလက်သည်းကျန်းလီထံတွင် သိုင်းကျမ်းတစ်ကျမ်းရှိနေပြီဟု ယုံကြည်လိုက်မိသည်။

ထိုသိုင်းကျမ်းမှာလည်း နှယ်နှယ်ရရသိုင်းကျမ်း မဟုတ်ပါချေ။

ထိုသိုင်းကျမ်းရှိပါက အတုမဲ့သိုင်းသမားကြီး ဖြစ်လာနိုင်မည့် သိုင်းကျမ်းပင် ဖြစ်လေတော့သည်။



ယင်းအချိန်မှာပင် အခြားစားပွဲမှ သိုင်းသမားများနှင့် တူသော လူအချို့က နဂါးလက်သည်းကျန်းလီနှင့် မြွေဟောက်တို့ ပြောနေသော စကားကို စိတ်ပါဝင်စားကာ တိတ်ဆိတ်စွာ စားသောက်ရင်းက ပြောနေသောစကားများကို နားထောင်လျက် ရှိနေကြလေသည်။

'တောင်ခြေမြို့ကလေးထဲမှာ ကကြိုးမြို့ကလေးက အလွန်စိတ်ဝင်စားစရာကောင်းတယ် ညီလေး'

မြွေဟောက်သည် စိတ်ဝင်စားစရာ မက်လုံးများကို တစ်ခုပြီး တစ်ခုပြောရန် ဒုတိယအကြိမ် စတင်ပြန်သည်။

'ပြောစမ်းပါဦး အစ်ကို'

'မြို့ အရှေ့ပိုင်း မှာ ဘုရားကျောင်းတစ်ကျောင်းရှိတယ်၊ ဒီဘုရားကျောင်းမှာရှိတဲ့ ဘုရားရုပ်တုတွေထဲမှာ ဆံရှည်ဘုရားဆိုတာရှိတယ် ညီလေးရဲ့၊ အဲဒီဆံရှည်ဘုရားမှာ ဆုတောင်းရင် ကိုယ်လိုချင်တာ ပြည့်စုံတယ်လို့ ပြောကြတယ်၊ ညီလေး စိတ်ဝင်စားရဲ့လား'

'ခင်ဗျားပြောတာ မှားနေပြီ၊ ဆံရှည်ရသေ့ရုပ်တုကြီးပါဗျာ'

စားပွဲချင်းကပ်နေသော စားပွဲတစ်လုံးမှ လူတစ်ဦးက ဝင်၍ပြောလိုက်လေသည်။

ထိုလူဝင်၍ပြောလိုက်သဖြင့် မြွေဟောက်မှာ အောင့်သက်သက် ဖြစ်သွားလေသည်။

'တောက်....ဒီလိုလုပ်ကွာ၊ တခြားနေရာ တခြားလူနဲ့ စကားပြောရင် ဒင်းတို့ပါ သတိမိမယ်'

မြွေဟောက်က ရင်ထဲမှနေ၍ ကြိမ်းဝါးလိုက်သည်။

'ဩော် ဟုတ်တယ်....ဟုတ်တယ်၊ ကျုပ်ကတော့ ဘုရားရုပ်တုတွေနဲ့ ရောနေတော့ ဘုရားရုပ်တုလို့ပဲ ထင်ရတာပဲ'

မြွေဟောက်သည် သူ၏စကားကို လျော့ချ၏။

မည်သည့်နေရာကြည့်ကြည့် ပိုင်းသမားများကို အများဆုံး ခြေချင်းလိမ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုနေ့တွင် နဂါးလက်သည်းကျန်းလီမှာ ခရီးပန်းလာသဖြင့် အနားယူတော့မည်ဟု မြွေဟောက်ကို ပြောလိုက်၏။

မြွေဟောက်ကလည်း အသိုက်သိစွာပင် နံနက်မှတွေ့ဆုံမည်ဟု ပြောကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

* * *



ကောင်းကင်ပြင်ဝယ် တိမ်မည်းညိုများ တရိပ်ရိပ် တက်လာကာ လေကတဟူးဟူး တိုးဝင်လာသည်။

ဆောင်းလယ်ညများတွင် ပျော်စရာကောင်းသော်လည်း ယနေ့ညမှာ ရုတ်တရက် မိုးရွာချမည့် အရိပ်အရောင်များကို တွေ့မြင်နေရလေသည်။

နဂါးလက်သည်းကျန်းလီသည် ခပ်စောစောအိပ်ရာဝင်ခဲ့ပြီးနောက် ပြတင်းတံခါးကို ပိတ်လိုက်သည်။

သူ့ဆောင်ဓားအား အိပ်ရာဘေးတွင် ချထားလိုက်သည်၊

အိပ်လိုက်သည်နှင့် ပျော်သွားလေတော့သည်၊

ထိုအချိန်တွင် လူရိပ်သဏ္ဍာန်အချို့မှာ အမှောင်ရိပ်များခို၍ ပြေးလွှားလာကြသည်ကို အထူးသတိထားကြည့်နိုင်မှ သိရမည် ဖြစ်သည်။

သို့သော် ကျိုမြို့ကလေး၏ လမ်းဘေးဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ထားသည့် မြင်းရထားတစ်စင်းပေါ်မှ အဘိုးအိုကမူ ခြေသံနှင့် အဝတ်ခလတိုးသံကို ကြားလိုက်သည်နှင့် အိပ်ပျော်နေရာက ခေါင်းထောင်ကြည့်လိုက်သည်။

ထိုအဘိုးအိုသည် ကတိုးနှင့် ကျင်းဝင်မြစ်ဆုံ စသည့် မြို့ကလေးများအတွက် ခရီးသည်များအား တင်ပို့ပေးနေသည်မှာ ကြာပြီဖြစ်သည်။

သူသည် ထိုမြို့ကလေးသို့ ရောက်လာသော ဧည့်သည်များအား အများဆုံးသိရှိထားပြီး သူ၏မြင်းရထားအား အချိန်မရွေး ငှားရမ်းနိုင်ရန် လမ်းဘေးတွင်ရပ်၍ထားကာ အဘိုးအိုက မြင်းရထားပေါ်မှာပင် အိပ်စက်အနားယူသည်က များလေသည်။

အဘိုးအို၏ မျက်လုံးများထဲတွင် ညဝတ်အင်္ကျီနှင့် ကိုယ်ဖော့စွမ်းအားကောင်းသည့် လူသုံးဦးအား တွေ့လိုက်ရလေသည်။

ထိုလူသုံးဦးသည် မှေးမှေးလေးစားသောက်ဆိုင်ရှေ့ ရောက်သည်နှင့် ဆိုင်နှင့်ကပ်နေသော မြင်းဇောင်းထားရာ မြင်းဇောင်းခေါင်မိုးဆီသို့ လွှားတက်သွားကြသည်။

ထိုမှတစ်ဆင့် မှေးမှေးလေးစားသောက်ဆိုင်၊ အပေါ်ထပ်ဝရံတာသို့ ငှက်များပျံသန်းသကဲ့သို့ လွှားသွားသည်ကို တွေ့ရလေသည်။

ထိုအချိန်တွင် မိုးမှာတဖွဲဖွဲရွာကာ လေကတိုက်လျက်ရှိနေလေသည်။

တစ်နေ့တာအတွက် လုပ်ငန်းပြီးစီး၍ အနားယူသွားကြသော မြို့နေအိမ်ရှင်များနှင့် စားသောက်ဆိုင်အားလုံးလည်း ပိတ်ထားကြပြီဖြစ်သည်။

မြို့၏အလယ်လမ်းဆုံတွင်သာ မီးရောင်များ လင်းနေသည်ကို တွေ့ရသည်။



ထိုမီးရောင်များကား မြို့စောင့်ရဲအဖွဲ့၏ အခွန်ကောက်သည့် စခန်းတစ်ခုပင် ဖြစ်နေချေသည်။

ခပ်စောစောကပြေးလာသော လူသုံးဦးသည် စားသောက်ဆိုင် ဝရံတာမှတစ်ဆင့် အတွင်းသို့ရောက်သည်နှင့်ခပ်သွက်သွက်ပင် လှမ်းသွားကာ အခန်းတစ်ခန်းရှေ့တွင် ရပ်လိုက်ကြသည်။

ထိုအခန်းသည် နဂါးလက်သည်းကျန်းလီ ငှားရမ်း၍ အိပ်နေသော အခန်းပင်။

အိပ်ခန်းအားလုံးကား အိပ်ပျော်သူအချို့၏ ဟောက်သံမှလွဲ၍ အပ်ကျသံပင် မကြားရအောင် တိတ်ဆိတ်လျက်ရှိသည်။

အဝတ်နက်ဝတ်ထားပြီး သားရေမျက်နှာဖုံးတပ်ထားသူက ထိုအခန်းဖြစ်ကြောင်း ခေါင်းညိတ်ပြသည်။ အတွင်းမှ ဟောက်သံပေါ်လာလျက်ရှိသည်။ သုံးဦးစလုံးသည် ဝရံတာမှတစ်ဆင့် တံစက်မြိတ်ကိုသွမ်းဆွဲ၍ ခါးကော့ပြီး ခေါင်မိုးပေါ်တက်လိုက်ကြသည်။

အဝတ်နက်ဝတ်ထားသူ တစ်ဦးသည် ခေါင်မိုးပေါ် ရောက်သည်နှင့် တံစက်မြိတ်တွင် လင်းနို့ပမာ ခြေထောက်ချိတ်ပြီး အောက်သို့ ကိုယ်ကိုဇောက်ထိုးချသည်။

ထို့နောက် အတွင်းအိတ်ထဲမှ အရာဝတ္ထုတစ်ခုကိုဆွဲထုတ်ပြီးလျှင် ပြတင်းတံခါးအောက်ကို ချလိုက်သည်။

'ဂျနေသော'

အသံသည် မိုးသံကြားရ အနည်းငယ်ပေါ်ထွက်လာလေသည်။

သည့်နောက် မြောင်းဘက်ခါးပွင့်သွားသည်။ မြောင်းနံ အသာလှမ်းကြည့်လိုက်ရာ ခုတင်ပေါ်တွင် လူငယ်တစ်ဦး နှပ် ငြိမ်စွာ အိပ်နေသည်ကို တွေ့ရသည်။

သည့်နောက် မြောင်းပေါက်ကတဆင့် အတွင်းသို့ လှမ်းဝင်ကြ၏။ ကိုယ်ဖော့ခွမ်းအားကောင်းသူများဖြစ်၍ အသံဗလံ ထွက်ပေါ်လာခြင်းမရှိပေ။

အခန်းထဲတွင် မှန်မီးအိမ်ကလေးတစ်ခုရှိသည်။ သို့သော် မှိတ်ထား၍ အလင်းရောင် မှိန်မှိန်မှ တစ်ဦးသော အဝတ်နက်ဝတ်သူက မီးရောင်မြှင့်လိုက်ရာ လင်းထိန်သွားတော့သည်။

သုံးဦးအနက် အရပ်မြင့်မြင့်လူကြီးသည် ဓားကိုထုတ်၍ အိပ်ပျော်နေသောလူငယ်၏ လည်ချောင်းအား ချိန်ရွယ်လိုက်ပြီးလျှင် လက်ရိုက်ပြုလိုက်သည်။

'ဒေါင်းလေး'

တစ်ဦးသောသူက ခေါ်လိုက်၏။

သို့သော် အိပ်ပျော်နေသော ဒေါင်းလေးအမည်ခံ နှပ်လက်သည်း ကျန်းလီက အိပ်ပျော်မြဲ အိပ်ပျော်လျက်ရှိ၏။



'ဒေါင်းလေးမဟုတ်ဘူး၊ ဒေါင်းဖြူ'

လူငယ်သည် လူးလွန့်ကာ ဖျက်ခနဲမျက်စိပွင့်လာလေ၏။

သူ၏လည်ပင်းသည် နစ်ခနဲစူးရှသွားခြင်းခံရကာ မျက်နှာဖုံးတပ် တစ်ယောက်က ဓားဖြင့်ဖိထားသည်ကို ခံစားလိုက်ရလေသည်။

'ဒေါင်းဖြူ'

'ကျုပ်ကိုခေါ်တာလား'

'အေး မင်းကိုခေါ်တာ'

'ဒေါင်းဖြူက ကျုပ်မဟုတ်ဘူး၊ ကျုပ်အမည်က နှပ်လက်သည်း။

'ကောင်းကောင်း ဘာအူတူတူလုပ်တာလဲ၊ မင်းပဲ ဒေါင်းလေးလို့ ပြောခဲ့တယ်မဟုတ်လား'

'ဘယ်သူ့ကို ပြောတာလဲ'

'ငါ့ကိုပြောတာ'

ထိုလူက မျက်နှာဖုံးခွာလိုက်ရာ မူလဇာတိရုပ်ပေါ်လာသည်။ သူကား မြွေဟောက်ဘည်း။

'အစ်ကိုမြွေဟောက်ပဲ၊ ကျုပ်ကိုဘာပြုလို့ ဒီလိုလုပ်တာလဲ'

'မင်းဆီက စာအုပ်လိုချင်လို့၊ မင်းက ဒေါင်းလေး မဟုတ်လား'

'ခင်ဗျားကိုကျုပ်က တမင်လွဲပြောခဲ့တာပဲ၊ အမှန်မပြောချင်သေးလို့'

နဂါးလက်သည်းက ခပ်အေးအေးပင် ကြောက်သည့်အမူအယာမပြဘဲ ပြောလိုက်သည်။

'ဘယ်လိုလဲကွ မြွေဟောက်၊ သူက ဒေါင်းဖြူမဟုတ်ဘူးလို့ဆိုပါလား'

'သူကိုယ်တိုင်က ပြောတဲ့ဟာပဲ'

မြွေဟောက်နှင့်ပါလာသော အနက်ရောင် လူနှစ်ဦးသည် တစ်ဦးမျက်နှာတစ်ဦးကြည့်၍ မြွေဟောက်အပေါ် အပြစ်တင်သလိုကြည့်သည်။

'ကျုပ်အနောက်မြောက် မိုးဘုရားဘောင်ပေါ်က လာခဲ့တာပဲ၊ ဒေါင်းလေးဆိုတာ ကျုပ်ပါးစပ်ထဲတွေ့ရာကို ပြောလိုက်တဲ့အမည်ပဲ'

ထိုစကားကြောင့် မြွေဟောက်တွေသွေးတော့သည်၊

'သူပြောတာ မှန်နိုင်တယ်'

ခေါင်းဆောင်လုပ်သူက ပြောသည်။



'ခင်ဗျားလိုချင်တဲ့ ကျမ်းစာအုပ် ကျုပ်ဆီမှာမရှိဘူး၊ မယုံရင် ရှာကြည့်'

နဂါးလက်သည်းကပြောသဖြင့် ခေါင်းဆောင်က အဖော်တို့ကိုရှာခိုင်းသည်။

မြွေဟောက် တစ်ကိုယ်လုံးရှာဖွေရုံမက ဝန်ဆောင်အိတ်ကိုလည်း တစ်စမကျန်ရှာဖွေသည်၊

'စာအုပ်မတွေ့ရ'

ခေါင်းဆောင်လုနှင့် သုံးဦးစလုံး စိတ်ပျက်သွားပုံရသည်၊ ခေါင်းဆောင်လုပ်သူ ဓားကိုဓားအိမ်ထဲ ပြန်၍ထည့်လိုက်သည်၊

ကျန်းလီက မေးသည်။

'စာအုပ်အမည်က ဘာလဲ'

'အတုမဲ့ သိုင်းကျမ်း ကွ'

'ဒေါင်းဖြူက ယူသွားသလား'

'အေး...ဟုတ်တယ်'

'ဒါဖြင့် ကျုပ် သူကို ရှာရဦးမယ်'

'ဘာလို့ရှာရမှာလဲ'

'အတောမှဲ့သိုင်းကျမ်း သတင်းကြီးလို့ ရှာရအောင် ကျုပ်ထွ လာခဲ့တာပဲ၊ မဟုတ်ယောင်မှာ တစ်ယောက်သာ ထွန်းကားခွဲ လှယ်ဘူး၊ ဒါပေမယ့် ဒီကျမ်းရရင် သိုင်းပညာမှာ တစ်ဖက် ကမ်းခတ်မြောက်မယ်လို့ ကျုပ်ဆရာကပြောလို့ လာခဲ့တာပဲ'

'မင်းက ခေါင်းဖြူကို မြင်ဖူးသလား'

'ဖြူတယ်မည်းတယ်တော့ မသိဘူး၊ သိတဲ့လူ မေးကြည့် မှာပေါ့ဗျာ'

'ဟား - ဟား ဟား၊ မင်းလဲ သိုင်းရူး တစ်ဦးပါလား အေး... ဒီသိုင်းကျမ်းရတဲ့လူဟာ မလွယ်ဘူးကွနော်၊ မင်းရဲ့ သေဖို့သာမြင်တာ'

ကျွန်းလီသည် သူ၏ခုတင်ပေါ် ပြန်အိပ်လေသည်။

'ခင်ဗျားတို့ပြန်ရင် ပြတင်းပေါက်တံခါး ပိတ်သွားကြဗျာ ကျုပ်တော့ အိပ်ချင်ပြီ'

နဂါးလက်သည်းကျွန်းလီမှာ ဖောင်ယူ၍ခြုံကာ အိပ်လေ တော့သည်။

'ဘော်တော်တောက်အိပ်ကြီးတဲ့ ဘောင်မေါ်သားပဲကွ'

ခေါင်းဆောင်လုပ်သူကပြောရင်း ပြတင်းပေါက်တံခါးမှ အပြင်သို့ လှမ်းထွက်သွားလေတော့သည်။



သူနောက်မှ ညလူနှင့် မြွေဟောက်တို့လည်း ပါသွားကြ လေသည်။

စင်စစ် မြွေဟောက်သည် နဂါးလက်သည်းကျွန်းလီအား ခေါင်းဖြူခေါ် လီထင်ပြီး ဂိုဏ်းခွဲခေါင်းဆောင်တစ်ဦးထံပြေး၍ သတင်းပို့လိုက်သည်။

ဂိုဏ်းခွဲခေါင်းဆောင်က ညတွင်းချင်း တပည့်တစ်ယောက် လွှတ်ကာ သိမ်းငှက်ဟောင်သိုင်းသခား ဝူကျင့်ထံသို့ ခေါင်းဖြူ ခေါ်လီတွေ့ပြီ၊ သူ့ထံက သိုင်းကျမ်းစာအုပ် အပိုင်ယူခဲ့မည် ဟု သတင်းအပို့ခိုင်းလိုက်လေသည်။

တကယ်တော့ သိမ်းငှက်သိုင်းဂိုဏ်း၏ ဂိုဏ်းခွဲခေါင်းဆောင် အဖို့ မှန်းချက်နှင့် နှမ်းထွက်မကိုက်ရှိနေလေသည်။

မည်သို့ဖြစ်စေ ခေါင်းဆောင်ကြီးထံသို့ အမှန်အတိုင်း အစစ်ခံရန်အတွက် မြင်းများကို အပြင်းစီးကာ ညတွင်းချင်း ခရီးထွက်ခဲ့ကြလေသည်။

* * *

'ဝုန်း'

သိမ်းငှက်တောင်ဘိုင်းသမားကြီး ဝုကျင့်သည် ဓါးသကြီးစွာဖြင့် သူ့ထိုင်ခုံကြီး၏ လက်တင်ကို လက်သီးဖြင့် ထုချလိုက်သည်။

'မင်းတို့အကောင်တွေ ခေါင်းပြူမှန်းမသိ၊ ခေါင်းမညွှန်းမှန်းမသိတဲ့ လူတစ်ယောက်ကို အရမ်းသွားပြီး စွပ်စွဲလိုက်တယ်၊ မြွေဟောက်ဆိုတဲ့မင်းဟာ တကယ်တော့ ပါးနပ်တော့မလိုလို့ အတော်အတဲ့ခွေးကောင်'

သူ့ရှေ့ရောက်လာသော သိမ်းငှက်တောင်ဂိုဏ်းခွဲ ခေါင်းဆောင်နှင့် လက်ထောက်သိုင်းသမား၊ မြွေဟောက်သိုင်းသမားတို့အား ဝုကျင့်က အပြစ်တင်မာန်မဲမြည်တွန်ရာ သုံးယောက်စလုံးမှာ ကုပ်ကုပ်ကလေး ဖြစ်သွားလေတော့သည်။

'ကျွန်တော် ကို တောင်ပေါ်သားက ခေါင်းလေးဆိုတော့ ခေါင်းဖြူပဲ ထင်လိုက်မိတာ ပါ၊ ကျွန်တော်ညံ့သို့ သတင်းမှန် မရတာပါ'

'မင်းကမြေပြန့်မှာ လည်သလောက် တောင်ပေါ်သား လီမ်ပြောတာခံလိုက်ရတာဘယ်လောက်ရှက်စရာကောင်းသလဲ သူကဘာတဲ့ အတုမဲ့သိုင်းကျမ်းကို လာရှာတဲ့လူလို့ ပြောသေး ဟုတ်လား'

'ဟုတ်ပါတယ် ခေါင်းဆောင်ကြီး'



'အေး...မင်းတို့ဘစ်တွေ အသုံးမကျရင် အထင်သေးခံရတဲ့ တောင်ပေါ်သားသက်ထဲ တစ်နေ့ပါသွားမယ်၊ ငါလိုချင်တာက ခေါင်းဖြူနဲ့ အတုမဲ့သိုင်းကျမ်း'

'ကျွန်တော်တို့အသေခံပြီးတော့ ခေါင်းဆောင်ကြီးအတွက် ရှာပေးပါမယ်၊ သူဟာ ဒီဒေသက မထွက်သေးဘူးဆိုတာ ယုံကြည်ပါတယ်'

'ပြောစမ်းပါဦး'

'ကျွန်တော်တို့သောက်လှမ်းရေးအားလုံးဟာ အလယ်ပိုင်းမြို့တွေနဲ့ ရွာတွေအားလုံး အနှံ့လွှတ်ထားပြီးပါပြီ၊ သူဟာ တစ်နေရာရာမှာ ပုန်းအောင်းနေတာ ဖြစ်ပါလိမ့်မယ်'

ဝုကျင့်သည် ခေါင်းညိတ်လိုက်သည်။

'တဲ...အခုတော့ ငါက ပုံစံတစ်မျိုး ပြောင်းလိုက်တယ်၊ ဘာပဲဖြစ်ဖြစ် အတုမဲ့သိုင်းကျမ်းလိုက်တဲ့လူမှန်သမျှ သတ်ပစ်ရမယ်၊ ဒါမှ တို့ဂိုဏ်းတစ်ဂိုဏ်းတည်း လက်ထဲရောက်မယ်၊ အဲဒီတော့ သိုင်းကျမ်းလိုက်တဲ့လူအားလုံးကို အပြတ်ရှင်းကြ'

'ဟုတ်ကဲ့ပါ ခေါင်းဆောင်ကြီး'

ဝုကျင့်သည် သူထိုင်နေသော ထိုင်ခုံကြီးပေါ်မှ သိမ်းငှက်ရုပ်ကြီးကို လှည့်လိုက်ရာ ထိုင်ခုံကြီးသည် တုန်ခါသွားပြီး သူ့နောက်မှ နံရံသည် ဘ ဖြည်းဖြည်း ဟသွားလေသည်၊

'ဂျစ် ဂျစ် ဂျစ်'

နံရံကြီးသည် လျှို့ဝှက်ပြုလုပ်ထားသော တံခါးကြီးတစ်ခုသာ ဖြစ်သည်။

နံရံကြီး ဟသွားသည်နှင့်တစ်ချိန်တည်းမှာပင် ဝက်ကျွင်းထိုင်နေသော ကျောက်ခုံကြီးပေါ်မှ သစ်သားထိုင်ခုံကြီးသည် နံရံတံခါးအတွင်းသို့ လျှောဆင်းသွားလေတော့သည်။

တစ်ပြိုင်တည်းလိုလိုပင် သစ်သားထိုင်ခုံကြီးနှင့်အတူ ဝက်ကျွင်း ဝက်ကျွင် နံရံအတွင်း ဝင်သွားသည်နှင့် နံရံကြီးမှာ ဂျိန်းခနဲ ပြန်ပိတ်သွားလေတော့သည်။

*　　●　　*



အချိန်မှာ နံနက်ခင်းပင်ဖြစ်သည်။

နွေးထွေးသောနေခြည်မှာ နှင်းတံတိုင်းကြားမှ ထိုးဖောက်ကျလာလေပြီ၊

နံနက်ရှုခင်း အရသာကိုခံရင်း တစ်ကိုယ်တော်မြင်းစီးသမားတစ်ဦးသည် လေကလေးတချွန်ချွန်ဖြင့် တောလမ်းကလေးအတိုင်း မြင်းကို သုံးဘက်ကျနှင်လျက် ရှိနေလေသည်။

သူ ဦးတည်သွားနေသောလမ်းမှာ ကျားဝင်မြို့ကလေးဆီသို့ ဦးတည်သွားနေသည့် လမ်းပင်တည်း။

'ကရီး....ကစ် ကစ်'

ငှက်တစ်ကောင်သည် လေထဲမှနေ၍ သစ်ပင်တစ်ပင်ဆီသို့ ထိုးဆင်းသွားသည်ကို တွေ့လိုက်ရ၏။

သစ်ပင်ကြီးတစ်ပင် သစ်ကိုင်းပေါ်တွင် သစ်ရွက်များဖုံးအုပ်လျက် သတ္တဝါတစ်ကောင်က အစာကို စောင့်လျက်ရှိ၏။

'ဟင်....ကျားသစ်တစ်ကောင်ပါလား'

သူကား တောင်ပေါ်မှဆင်းလာသော မုဆိုးဘစ်ဗိုင်း နဂါးလေးခေါ် နဂါးလက်သည်းကျွန်းလ ဖြစ်သည်၊

သူ၏ခါးတွင် ဓားတိုများကို ခါးပတ်ဓားတွင် ချောချိထားလျက် ရှိနေ၏၊

ခါးပတ်ဓားသည် ဓားနက်တစ်ချောင်းပင်ဖြစ်သည်၊ လွယ်၍ရသည်၊ ပတ်၍ရသည်။

ယနေ့သူက ခါးတွင်ပတ်ထားကာ အပိုဓားတစ်ချောင်းအား ကျောတွင် ပိုးလွယ်ထားလေသည်။

နင်းခံခမောက်နှင့် ဖျင်အင်္ကျီလက်ရှည်အပြာရောင်၊ အနက်ရောင် ဘောင်းဘီအပွကြီးကို ဝတ်ထားသည်၊ သူက ခါးမှ ဓားတိုတစ်ချောင်းကို ဖြုတ်ယူလိုက်စဉ်…

'ဝေါင်း' ဟူသော အသံနှင့် ကျားသစ်ကြီးသည် ခုန်ဆင်းလာကာ နဂါးလက်သည်းကျန်းလီကို အုန်လိုက်၏၊

'ရှီး'

ဓားတိုတစ်ချောင်း လေထဲသို့ ပြေးတက်သွားပြီး ခုန်ဆင်းလာသည့် ကျားသစ်လည်မျိုကို စိုက်ဝင်ကာ လမ်းတစ်ဝက်မှာပင် မြေပေါ်သို့ ထိုးကျသွားသည်၊

ကျားသစ်သည် ဓားတိုစူးဝင်ကာ လှိမ့်လိုက်ရာ ဓားတိုက မြေကြီးနှင့်ဓားရိုးဆောင့်ကာ အဆုံးအထိ စူးဝင်နစ်မြုပ်သွားလေတော့သည်။

နဂါးလက်သည်းကျန်းလီသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကာ မသေသေးဘဲ တဂူးဂူးအော်နေသည့် ကျားသစ်အား ကျောတွင်လွယ်ပိုးထားသည့် ဓားဖြင့်ပိုင်းချလိုက်သည်။



ထက်လှသောဓားသွားက ကျားသစ်လည်ပင်းကို တိခနဲ ပြတ်သွားတော့သည်။

သူသည် ကျားသစ်အရေခွံကို အလျင်အမြန်ခွာယူပြီးလျှင် အသားများကိုဖျက်ထုတ်၍ မီးဖိုကာ အမြန်ကင်လိုက်လေသည်၊

အသားနံ့များက သစ်တောလမ်းအား မွှေးပျံ့သွားစေလေသည်။

ထိုစဉ် မြင်းခွာသံများ ပေါ်ထွက်လာသည်။

'ခွပ် ခွပ် ခွပ်'

ရုတ်တရက် မြင်းငါးစီးသည် တောထဲတွင် မီးဖို၍ အသားများ ကင်နေသော နဂါးလက်သည်းကျန်းလီကို တွေ့လိုက်သဖြင့် မြင်းများကို တောထဲကို ဝင်စီးလာကာ ဖြုန်းခနဲ ရပ်လိုက်ကြ၏။

'ဟား ဟား ဟား….အနံ့ကလဲကောင်း အသားကလဲကောင်းနဲ့ တကယ့်ကို စားကောင်းမယ့် အသားပဲ'

'အစ်ကိုတို့ ကျွန်တော်ကင်ထားတဲ့ ကျားသစ်အသားကို စားကြပါ'

နဂါးလက်သည်းကျန်းလီက ဖိတ်ခေါ်လိုက်သည်။

'မင်းကိုကြည့်ရတာ ဘောင်ပေါ်သားနဲ့ တကယ်တူတယ်'

တစ်ဦးက ပြောသည်။

'ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော် တောင်ပေါ်က ဆင်းလာတာ မကြာသေးပါဘူး'

နဂါးလက်သည်းကျွန်းလီက သူကင်ထားသော အသားများကို တစ်ဦးစီ ဝေငှပေးလိုက်၏။

သူက မြင်းအေးတွင် ချိတ်ထားသော ရေဘူးကိုယူ၍ ပေးလိုက်သေးသည်။

'ဟား ဟား ဟား....တယ်ကောင်းတဲ့အသားကွာ၊ ဟိတ် မင်းကဘယ်ကိုသွားမလို့လဲ'

'ကျားဝင်မြို့ကလေးကို သွားမလို့ပါ၊ ကျွန်တော် ဒီမြို့က လာပေမယ့် မတည်းခိုဖူးသေးဘူး'

'မင်းက ကျားဝင်မြို့ကို သွားမလို့လား'

အနက်ရောင်သိုင်းသမားတစ်ဦးက မေးလိုက်သဖြင့် နဂါးလက်သည်းကျွန်းလီက ခေါင်းညိတ်ပြလိုက်၏။

'အစ်ကိုတို့ကရော'

'ကံတိုးမြို့ကိုသွားမယ်၊ မင်းက အဲဒီမြို့က လာခဲ့တာလား'

'ဟုတ်ပါတယ်'

'အမည်ကရော'

'နဂါးပါ'



'အတော်ပဲ၊ နဂါးဆိုတဲ့သတ္တဝါကို တို့ကရှာဖို့ လာခဲ့တာပဲ'

'အစ်ကိုတို့က လူချင်းမှားနေပြီနဲ့တူတယ်'

'မမှားပါဘူး၊ တို့ကိုပြောလိုက်တာ ဒီပုံပဲ၊ အဲဒီတော့ နောက်ကြောင်းပြန်သွားတာ အကောင်းဆုံးပဲ ငါ့ညီ'

'ဘာဖြစ်လို့ပြန်ရမှာလဲ'

'မင်းမပြန်ရင် အသက်ငယ်ငယ်လေးနဲ့ ကံဆိုးသွားမယ်'

'ကျုပ်လာတာ ပြန်ဖို့မဟုတ်ပါဘူး'

နဂါးလက်သည်းကျွန်းလီသည် မက်တတ်ရပ်လိုက်ပြီး သိမ်းစရာရှိသည်များကို သိမ်းလိုက်၏။

'အောင်မယ်....မင်းကို တို့ကသနားလို့ အကောင်းပြောနေတာ'

ခေါင်းဆောင်လုပ်သူက ပြောလိုက်သည်။

'ကျုပ်ကို သနားစရာမလိုပါဘူး၊ ခြေကောင်းလက်ကောင်းရှိနေတာပဲ၊ ခင်ဗျားတို့သာ တစ်ဖက်သားလူအပေါ် မနှောင့်ယှက်ရင် ပြဿနာမရှိနိုင်ပါဘူး'

'မင်းက တော်တော်အပြောကောင်းသားပဲ၊ ပြောမရရင် တို့ဝန်ထုပ်ရှားအရ တားရမယ်'

'ကြိုက်တဲ့ပုံစံနဲ့ ခင်ဗျားတို့ နှောင့်ယှက်နိုင်ပါတယ်၊ တကယ့်ကို အုပ်ချုပ်ရေးမရှိတာကျနေတာပဲ'

'ဟဲ့၊ ဟဲ ဟဲ၊ မင်းက တယ်အားကိုးတဲ့အကောင်ပဲ'

'အားကိုးရမှာပေါ့၊ သူတို့က တိုင်းပြည်ကို ကမောက်ကမ မဖြစ်အောင်၊ ခင်ဗျားတို့လို လူရမ်းကားတွေ မရှိအောင် ထိန်းသိမ်းနေတယ် မဟုတ်လား'

'ကြာတယ်ဟေ့'

ခေါင်းဆောင်လုပ်သူက ခုန်လွှားကာ နဂါးလက်သည်း ကျန်းလီ၏ခေါင်းကို လက်သီးဖြင့် ထုချလိုက်၏။

'ဟာ....ဒီကောင်လေး အတွင်းအားက မသေးလှပါလား ဒါကြောင့် စွာနေတာပဲ'

စိတ်ဘဲက ပြောလိုက်ရင်း....

'ကဲ....ငါကမင်းကို ဓားသုံးကွက်ပဲ ယှဉ်ပြိုင်တိုက်မယ်၊ ဓားသုံးကွက်ခံနိုင်ရင် မင်းလမ်းမင်း သွားတော့'

'ခင်ဗျားကြိုက်တဲ့ပုံစံနဲ့တိုက်ပါ'

ကျန်းလီကပြောပြီး ကျောဘက်ဓားကို တဖြည်းဖြည်းဆွဲထုတ်လိုက်၏၊ အနက်ရောင်ဝိုင်းသမားများက တဟားဟား ရယ်လိုက်ကြသည်။



ကျန်းလီ အဖို့ ဝံပုလွေနဂါးကောင်ကြား ရောက်နေသည့် သိုးငယ်ပမာ ဖြစ်နေ၏။

'တယ်ကောင်းတဲ့ဝက်ခုတ်ဓားပဲ ဟား ဟား ဟား'

ခေါင်းဆောင်လုပ်သူက ပြောလိုက်၏။

'လာပြီဟေ့ ချာတိတ်'

အနက်ရောင်ခေါင်းဆောင်ကလည်း သူ၏အတွင်းအားသုံး၍ ကိုင်ထားသောဓားဖြင့် ဝဲရောက်ကာ ပထမရှောင်လင်တံခါး ဖွင့်အကွက်နှင့် ဟန်ပြတိုက်သည်။

နဂါးလက်သည်းက ထိုဓားကွက်ကို အဘရသေ ဆရာကြီးကပင် သင်ပေးထားသဖြင့် နှုတ်သီး တံခါးပိတ် သိုင်းကွက်နှင့် ကြောင်နက်ရင်ညွှန့်အား ခါးဦးနှင့် ထိုးထည့်၏။

'ချွမ်း'

'ထန်း ထန်း'

အနက်ရောင် ခေါင်းဆောင်ကလည်း လျှပ်တစ်ပြက်ပင် ရင်ကော့ပြီး ဓားနှင့် ကြယ်ဘ ခုန်အမြီးယမ်း အကွက်နှင့် ကျန်းလီ၏လည်ပင်းကို ပိုင်းသည်။

ကျန်းလီကလည်း သူ့ဓားအားပယ်ထုတ်လိုက်ရာ မီးများ တဖွားဖွားပွင့်ထွက်လာသည်။

'တစ်ကွက်တော့ ပြီးသွားပြီ၊ ကျန်နှစ်ကွက်ကို မင်းခံနိုင်ရင် ခံပေတော့။

ကျွန်းသခင်ကလည်း ခြေအစ်လှမ်းရွှေ့ပြီး အပေါ်သို့ တိုးဆင်းကာ တိုက်လာသော အနက်ရောင် ခေါင်းဆောင်၏ ငါးကြင်းရေဆန် အကွက်ကို သူ့ဓားနှင့်ဆီးထားပြီး ဖျက်ထုတ်သည်။

'ထန်း'

'ဓားသံများ ညံသွားသည်။

'လာပြီဟေ့ တတိယဓားကွက်'

ထိုဓားကွက်သည် ရှောင်လင်ကျောင်းတော်၏ အောက်မြေပြင် အကွက်နှင့်တူသည်။

နဂါးဂဠုန် အကွက်ဖြစ်သည်။

'ချွမ်း'

'ထန်း'

သံ သံချင်းထိသံနှင့်အတူ နဂါးလက်သည်းသည် ခါး ကော့၍ ကျွမ်းတစ်ပတ်ပစ်ကာ မြေပေါ် ညင်သာစွာကျလာလေသည်။

အနက်ရောင်ခေါင်းဆောင်က မြေပေါ်သို့ရောက်သွားကာ မျက်နှာကွက်ခနဲပျက်နေသည်။



'ဟား ဟား ဟား'

ဘေးမှ ပွဲကြည့်ပရိသတ်အလား ကြည့်နေသော အနက်ရောင်ဓားသမားလေးယောက်မှာ သူတို့ ခေါင်းဆောင်ကို ကြည့်၍ တဟားဟားရယ်လိုက်ကြသည်။

မှန်သည် ခေါင်းဆောင် ဆံထုံးကလေးမှာ ပဝါစနှင့်အတူ မြေပေါ်သို့ပြုတ်ကျလေသည်

'အေး တတိယဓားကွက်ပြီးသွားပြီ၊ ဒီဓားကွက်မှာ မင်းက အသာစီးရသွားတယ်'

'ဒီလိုဆိုရင် ကျွန်တော်လွတ်လွတ်လပ်လပ်သွားနိုင်ပြီလား'

ယခုလာသော အနက်ရောင်ဓားသမားငါးဦးသည် သိမ်းငှက်ဘောင် သိုင်းသမားကြီး၏ ဂိုဏ်းခွဲမှ ခေါင်းဆောင်နှင့် တပည့်များဖြစ်ကြသည်။

သူတို့သည် မြစ်ဆုံမြို့မှ ကွေ့မင်းသား ပို့ဆောင်ရေးနှင့် ကုန်တိုက်ဖွင့်ထားသူများဖြစ်၏။

ဝိုက်ကျင့်၏ဌာနချုပ်မှ အကြောင်းကြားချက်အရ ကျွန်းလီအား နံနက်စောစော အရှာထွက်ခဲ့သူများဖြစ်သည်။

အနက်ရောင်ခေါင်းဆောင်မှာ ကတိသစ္စာတည်၍ ကြင်နာတတ်သူဖြစ်သည်။

နဂါးလက်သည်းသည် မြစ်ကူးဆိပ်ရွာလေး တစ်ရွာကို ရောက်လာ၍ နံနက်စာစားရန် ဆိုင်တစ်ဆိုင်ကို ဝင်ခဲ့သည်။

ဟောရှာဆိုင်လေးဖြစ်သော်လည်း အတော်အတန်ကျယ်ဝန်းကာ အမျိုးသမီးတစ်ဦး၊ ယောကျ်ားကြီး တစ်ယောက်အပြင် အလုပ်သမားနှစ်ဦးကိုတွေ့၏။

စားပွဲများမှာ သစ်သားနှင့် ပြုလုပ်ထားသည့်ထိုင်ခုံများဖြစ်လေသည်။

စားသောက်နေကြသော ဧရီးသွားများကိုလည်း တွေ့ရသည်။

ကျန်းသမီသည် စားပွဲလွတ်တွင် ဝင်ရောက်ထိုင်လိုက်သည်နှင့် စားပွဲထိုးရောက်လာကာ....

'ဘာရှမှာလဲဂါဦ'

'ငါးကြင်းကြော်၊ ပုစွန်ထုပ်နဲ့ ပြုလုပ်ထားတဲ့ ဟင်းတစ်မျိုးနဲ့၊ ဝက်သားပေါင်း၊ ဝက်သားလုံးကြော်၊ ဝက်အူချောင်းဘဲသားဟင်းချို အစုံပါပဲ၊ ဟိုမှာ ကျွန်တော်တို့ဆီက အစားအသောက်တွေ ရေးထားပါတယ်'

အလုပ်သမားလေးက လက်ညှိုးထိုးပြလိုက်သဖြင့် နံရံတွင်ရေးထားသည့် ဆိုင်းဘုတ်လေးအားတွေ့လိုက်ရသည်။

'ငါးကြင်းကြော်နဲ့ ဝက်သားပေါင်းဟင်းချို၊ ထမင်းတစ်လုံး အမြန်ပေးကွာ'



'ဟုတ်ကဲ့ပါခင်ဗျာ၊ အရက်သောက်ဦးမယနေး'

'တစ်အိုးယူခဲ့ကွာ'

နဂါးလက်သည်းက စားစရာ သောက်စရာများမှာလိုက်ရာ တစ်ခဏအတွင်း စားပွဲပေါ်သို့ ရောက်လာသည်။

ထိုအခိုက်....

အဘိုးအိုတစ်ဦး တောင်ဝှေးထောက်ကာ အစားသောက်များ လာရောက်တောင်းနေသည်ကို တွေ့ရသည်။

အချို့စားပွဲမှ စားနေသူများက နှင်လွှတ်ကြပြီး အချို့စားပွဲမှ စားသောက်သူများကအရိုးနှင့်အသားအနည်းငယ်ကို အဘိုးအိုခွက်ထဲ ထည့်ပေးလိုက်ကြသည်။

အဘိုးအိုကိုင်သောခွက်မှာ ဆေးသုတ်ထားသည့် မြေခွက်ကြီးဖြစ်သည်။

'ဘဘကို ထမင်းဟင်းလေး ပေးပါကွယ်'

'ရပါတယ်ဘဘ'

နဂါးလက်သည်းက ပြောလိုက်ပြီး မြေခွက်ထဲသို့ ထမင်းဟင်းများကို အပြည့်ထည့်ပေးလိုက်သည်။

ဘူးစားမည့် ငါးကြင်းကြော်နှင့် ဝက်သားပေါင်းအပြင် ဝက်အူချောင်းပါ ထည့်ပေးလိုက်သည်။

အဘိုးအိုသည် ခမောက်ဟောင်းတစ်လုံး ဆောင်းထားပြီး လွယ်အိတ်ဟောင်းကြီးတစ်လုံးကိုလည်း လွယ်လျက်ရှိ၏။

တဖိတ်ဖိတ်တောက်နေသောမျက်လုံးများနှင့် နဂါးလက်သည်းကိုကြည့်၍ ဆုများတောင်း၍ ဆိုင်ထဲမှထွက်သွားလေသည်။

ကျန်းလီ၏စေတနာ ရက်ရောမှုကို အခြားစားပွဲမှလူများက တအံ့တဩရှိနေကြသည်။

'နောက်ထပ် ဟင်းတွေနဲ့ ထမင်းချပေးကွာ'

'ဟုတ်ကဲ့ပါဆရာလေး'

စားပွဲထိုးလေးသည် အလျင်အမြန်ပင်ထွက်သွားသည်။

သူ၏မြင်းကို အလုပ်သမားလေးတစ်ယောက်က အစာနှင့်ရေများ အဝတိုက်ထားမည်ဖြစ်သည်။

သူစားသောက်နေစဉ်မှာပင် အဘွားအို တစ်ယောက် ဝင်လာသည်။

'ထမင်းဟင်းကလေး'

အဘွားအိုသည် မြေခွက်နှင့် အစားအသောက်များကို တောင်းခံနေသည်။

'သွားစမ်းအဘွားကြီး'



စားသောက်နေသော စားပွဲတစ်လုံးမှ လူတစ်ယောက်က အော်၍လွှတ်သည်။

ကျန်းလီထံသို့ရောက်လာသည်။

တုန်တုန်ရင်ရင်နှင့် မြေခွက်ကိုထိုး၍ပေးသည်။

'အဘွားကို စားစရာလေးပေးပါ'

'အဘွားထိုင်ပါ၊ ဘာမှ မစားရသေးဘူးလား'

'မစားရသေးပါဘူးကွယ်'

နဂါးလက်သည်း ထမင်းနှင့်ဟင်းများ မှာလိုက်ပြန်၏။ အဘွားအို၏ မြေခွက်ထဲကို ထည့်ပေးလိုက်သည်။

ဆုတောင်း၍ ထွက်သွားသည်။

ထိုအခိုက် ဆိုင်အတွင်းသို့ လေပွေတွေ့သလို လူသုံးယောက် ခုန်လွှားရောက်လာသည်။ သူတို့သည် စားပွဲတစ်ခု၌ဝင်ထိုင်ကာ အရက်နှင့်စားစရာများ မှာလိုက်ပြန်လည်။

စားသောက်နေသူများ အလျင်အမြန်ထသွားကြသည်။ ကျန်းလီလည်း ဆိုင်ထဲမှထွက်ခဲ့သည်။ သူ့ဝန်ဆောင်အိတ်ကြီးအား တစ်ဖက်မှဆွဲသော်၏။

လူသုံးယောက်အနက် တစ်ယောက်က ကျန်းလီခြေထောက်ကို လဲကျရန်ထိုးချလိုက်သည်။ ကျန်းလီကလည်း ကိုယ်ဖော့၍ခုန်လိုက်ပြီး ခြေထောက်ကို ဆောင့်နင်းပစ်လိုက်သည်။

ထိုလူ၏ခြေသလုံးမှာ ဖြောင်းခနဲကျိုးသွား၏။

'ဟေ့ကောင် ဘာလုပ်တာလဲ'

ခေါင်းဆောင်က မေးလိုက်သည်။

'ဘာသိပ်ရမှာလဲ၊ သူကခြေထောက်နဲ့ထိုးခံတယ်။ ကျုပ်တက်နင်းလိုက်တယ်၊ အဲဒါ ဘယ်သူကရန်စတာလဲ'

'ဒါပေမယ့် ဟိုလူခြေထောက်ကျိုးသလို မင်းရဲ့ခြေထောက်တစ်ချောင်းထားခဲ့ရမယ်'

ကျန်းလီတား ခေါင်းဆောင်ဖြစ်ဟန်တူသောလူက သူ၏ဓားဖြင့် အောက်ခြေကိုသိမ်းခုတ်လိုက်ရာ နဂါးလက်သည်းက လေထဲသို့ထိုးတက်ပြီး ဆိုင်အပြင်သို့ ကျွမ်းတစ်ပတ်ပစ်ကာ ထွက်သွားလေသည်။

ထိုလူ၏ဓားမှာ သိုင်ခုံတစ်ခုအား ခုတ်မိပြီး ထိုင်ခုံခြေထောက်များ ပြတ်ထွက်သွားလေသည်။

'ဟော့ကောင် မင်းက တို့လိုကင်းမြီးကောက်အဖွဲ့ကို စော်ကားလို့မရဘူးကွ'

ခေါင်းဆောင်က အော်၍ပြောလိုက်သည်။

'ဒီကောင်ဘယ်ရောက်သွားသလဲ'

ခေါင်းဆောင်လုပ်သူကပြောနေစဉ် သူနှင့်ပါလာသော ဝယ်သားတစ်ယောက်က ကျန်းလီက လက်ဝါးနှင့် ရိုက်ချလိုက်သည်။

ထိုလူသည် အားခနဲအော်၍လဲသွားတော့သည်။ ကင်းမြီးကောက်ခေါင်းဆောင်က လွှာ၊ဝင်၍ ဓားဖြင့်ပိုင်းသည်။

တစ်ကွက်ရှေ့ကာ တိမ်းပေးလိုက်သည်။ ပြီး လက်ပြန်ရိုက်ထည့်ကာ ဘယ်ခြေထောက်ဖြင့် ကင်းမြီးကောက်ခေါင်းဆောင် ရင်ဝကိုလွှားကာ ကန်ထည့်လိုက်၏။



ကင်းမြီးကောက်ခေါင်းဆောင်မှာသည်း မြေပေါ်မှာပင် မှောက်သွားလေတော့၏။

ထိုအခါမှ ဆိုင်အနီးတစ်ဝိုက်မှ အလျှိုအလျှိုထွက်လာကြသည့် လူများကို တွေ့ရကာ သူတို့မျက်နှာမှာ ဝမ်းသာအားရ ရှိနေကြသည်။

'ဒီအကောင်တွေ ဒီအနားမှာ လူမိုက်လုပ်မင်းမူစော်ကားနေတာ ကြာပြီ၊ ဆရာလေးက အခုလို ညှာပြုလိုက်တာ သိပ်ပြီးကောင်းသွားတယ်'

မြင်းစာကျွေးသော အလုပ်သမားလေးက ကျန်းလီမြင်းကို ဆွဲထုတ်လာပြီး ပြောသည်။

'ဆရာလေး ခရီးသွားရင် သတိထားသွားပါ၊ ဒီတစ်ဝိုက်မှာ သူတို့အုပ်စုတွေက ကြီးစိုးနေတယ်'

'ကျေးဇူးတင်ပါတယ်ကွာ၊ ငါကလဲ သိပ်တော်လို့ မဟုတ်ပါဘူး၊ သူတို့က အများကြီးညံ့နေလို့ပါ'

သူသည် ရွာကလေးနှင့် တစ်ခေါ်သောက်ဝေးသော တောတန်းနှင့် တောင်ခြေအရောက်တွင် အနက်ရောင်ဓားသမား ဆယ်ဦးက လမ်းပေါ်တွင် စီတန်းကာ စောင့်ကြိုနေသည်ကို တွေ့လိုက်ရပြန်သည်။

'ဟင်....ဘယ်လိုသတ္တဝါတွေလဲ'

နဂါးလက်သည်းကျန်းလီက ဟင်းခနဲ သက်ပြင်းမှုတ်ထုတ်၍ သူ့မြင်းကို ခပ်သွက်သွက်စီးလာပြီး အနက်ရောင်ဓားသမားများ ရှေ့တွင် ရပ်လိုက်၏။

'လမ်းဖွင့်ပေးပါ'

နဂါးလက်သည်းကျန်းလီက ခင်အေးအေ ပင် တောင်းပန်၍ ပြောလိုက်သည်။

'ဟား ဟား ဟား၊ မင်းကိုလမ်းဖွင့်ပေးဖို့ စောင့်နေကြ တာ မဟုတ်ဘူး၊ သတ်ဖို့စောင့်နေတဲ့ သေမင်းတွေက'

'ခင်ဗျားတို့က ဘာရန်ငြိုးမှ မရှိဘဲနဲ့ ကျုပ်ကို သတ်ချင် ရတာလဲ'

'အေး....တို့ဆရာကြီးရဲ့ လုပ်ငန်းမှာ ဝင်ရှုပ်တဲ့သတ္တဝါတွေ ကိုတော့ အပြတ်ရှင်းရမယ်၊ မင်းက သိုင်းကျမ်းကိုရှာဖို့ လာ ခဲ့တဲ့ တောင်ပေါ်သား မဟုတ်လား'

'ခြော်....ခင်ဗျားတို့လဲ ဟိုအနက်ရောင်သိုင်းသမားငါးဦးနဲ့ အတူတူပါပဲလား'

'ဟုတ်တယ်၊ ဒါပေမယ့် သူတို့က အသုံးမကျလို့ မင်းကို လွတ်သိုက်တဲ့အတွက် အပြစ်ပေးထားလိုက်ပြီ၊ အခုတစ်ခါ တော့ မင်း မလွတ်နိုင်တော့ပါဘူး'

'ဒီလိုလား၊ ခင်ဗျားတို့ဂိုဏ်းက လူတွေကို အကျိုးမပြုတဲ့ ဒုစရိုက်ဂိုဏ်းပဲ၊ ဘာအသုံးကျလို့လဲ'

နဂါးလက်သည်းကျန်းလီသည် သူ့ဓားကို ကျောရှိဓားအိမ် မှ ဆွဲထုတ်ပြီး တစ်ချက်အော်ကာ မြင်းနံဘေးကို ခြေထောက် ဖြင့် ရိုက်ထည့်လိုက်သည်။

'ယား'

'ရှမ်း ရှမ်း'

ကျန်းလီသည် မြင်းပေါ်မှမဆင်းဘဲ တရကြမ်းထိုးဖောက် ကာ မြင်းကိုနှင်လိုက်သည်။ လက်ထဲမှဓားကိုလည်း ဇော့



ခုတ်ပစ်ရာ အနက်ရောင်ဓားသမားများ ဘေးသို့ခွာထွက် သွား၏။

'ထန်း ထန်း'

'ဟား ဟား ဟား၊ မင်း ပြေးနိုင်သေးလား'

'ဒါလောက်ကလေးဟာ အမှုန်အမွှားပဲ ရှိပါသေးတယ်၊ ခင်ဗျားတို့အားလုံး ဝင်ခဲ့ကြပါ'

ကျန်းလီမှာ ဒေါသဖြစ်နေပြီဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ကျွားစင်မြို့ကလေးရောက်ဖို့အတွက် သူ့မှာ အတော် နောက်ကျနေမည် မဟုတ်ပါလား'

ရုတ်တရက် သစ်ပင်ကြီးတစ်ပင်ထက်မှ မိုက်ကွန်ကြီးတစ်ခု သည် သူ့ကိုယ်ပေါ်သို့ ဖြန့်ခနဲကျလာရာ နဂါးလက်သည်း ကျန်းလီသည် မြေပေါ်တွင်လှိမ့်ကာ ရှောင်လိုက်ပြီး ခါးမှ ဓားကိုတစ်ချောင်းအား လေထဲသို့ ပစ်လိုက်သည်။

လူတစ်ဦးသည် သစ်ပင်ပေါ်မှ ပြုတ်ကျလာလေသည်။

'ခင်ဗျားတို့ညစ်ပတ်သမျှ အကုန်ပဲလား'

နဂါးလက်သည်းကျန်းလီက ပြောလိုက်ရာ အနက်ရောင် သိုင်းသမား ခေါင်းဆောင်မှာ ကွက်ခနဲ မျက်နှာပျက်သွား တော့သည်။

'ဟိတ်....ဝိုင်းတိုက်ကြ'

အနက်ရောင်သိုင်းသမားခေါင်းဆောင်က အော်လိုက်သည်နှင့် အနက်ရောင်သိုင်းသမားများ မအော်ဟစ်ကာ ပြေးလာကြတော့သည်။

သံကြိုးကြီးများ ဝှေ့ယမ်းကာ တိုက်ခိုက်လာသော အနက်ရောင် သိုင်းသမားကြီး သံကြိုးအား ဓားဖြင့်ဖယ်ထုတ်လိုက်ပြီး သူက လေထဲသို့လွှား၍ ခုန်တက်လိုက်သည်။

နဂါးလက်သည်းကျွန်းလီမှာ သစ်ပင်တစ်ပင်ပေါ်ရောက်ကာ ထိုသစ်ပင်မှတစ်ဆင့် သူ့မြင်းပေါ်သို့ လွှားဆင်းလျက် ကဆုန်စိုင်းကာ စီးထွက်သွားလေတော့သည်။

နေဝန်းသည် အနောက်မိုးကောင်းကင်ပေါ်သို့ ရွေ့လျားလျက် ရှိနေ၏။ နဂါးလက်သည်းကျွန်းလီ ကျားဝင်မြို့ကလေး ရောက်လာသောအချိန်တွင် အတော်ပင် မှောင်နေလေပြီ။

သူ့နောက်တွင် မြင်းခွာ သံများ ပေါ်ထွက်လာသဖြင့် ကြည့်လိုက်ရာ အနက်ရောင်သိုင်းသမားအချို့ မြင်းကိုယ်စီဖြင့် လိုက်လာသည်ကို တွေ့လိုက်ရသည်။

နဂါးလက်သည်းကျွန်းလီအဖို့ အန္တရာယ်အငွေ့အသက်များကို ရှူရှိုက် လိုက်ရပြန်လေပြီ။

သူသည် စားသောက်ဆိုင်တစ်ဆိုင်ဆီသို့ မြင်းကိုစီးသွား၏။ စားသောက်ဆိုင်မှာ တည်းခိုခန်းပါရှိနိုင်သော ဆိုင်တစ်ဆိုင် ဖြစ်သည်။



သူက မြင်းကိုရပ်လိုက်သည်နှင့် အလုပ်သမားတစ်ဦးက ထွက်ပေါ်လာလျက်-

'ဆရာလေး ကျွန်တော့်ဆိုင်မှာ တည်းခိုမယ်မဟုတ်လား၊ မြင်းကို ကျွန်တော်အစာရေစာဝအောင်ကျွေးထားပါ့မယ်'

'အေး အိပ်ခန်းရောရမယ်မဟုတ်လား'

'ရပါတယ်ဆရာလေး'

နဂါးလက်သည်းကျွန်းလီက မြင်းပေါ်မှဝန်ဆောင်အိတ်ကို ဆွဲယူကာ ဆိုင်အတွင်းသို့ လှမ်းဝင်ခဲ့၏။

'ရွှေကြက်ဖစားသောက်ဆိုင်'

ဆိုင်အတွင်းစားသောက်နေသူ အချို့ရှိနေသည်။ တာဝန်ခံမှာ ပိန်ပိန်ရှည်ရှည်တစ်ဦးဖြစ်သည်။ သူကပင်....

'အခန်းယူမလား' ဟု၍ စတင်မေးသည်။

'ဟုတ်တယ်၊ အခန်းလိုချင်တယ်'

'ဟော....ငှက်ကလေး၊ အခန်းနံပါတ် ၉ ကို လိုက်ပို့ပေးလိုက်ပါ'

အလုပ်သမား ငှက်ကလေးမှာ အရပ်ပုပုဖြစ်သည်။ ကျွန်းလီအား ခေါ်၍ အပေါ်ထပ်သို့ ခေါ်သွား၏။

'ဆရာလေး အခန်းနံပါတ်ကိုးရတာ သိပ်ကောင်းတယ်၊ ဒီအခန်းက မြစ်ဘက်ကိုလဲ့ ကြည့်လို့ရတယ်၊ သန့်လဲသန့်တယ်'

ငှက်ကလေးကပြောရင်း အခန်းနံပါတ်ကိုးရှေ့ ရောက်သည်နှင့် အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

'ဆရာလေး စားသောက်စရာ လာပို့မှာလား'

'မလိုပါဘူးကွာ၊ ငါ အောက်ထပ်ဆင်းစားပါ့မယ်'

'ဟုတ်ကဲ့ဆရာလေး'

အလုပ်သမားလေးက ပြန်လှည့်ထွက်သွားသည်။

သူ ရေချိုးပြီး ပြန်လာသောအခါတွင် တစ်ဖက်အခန်းမှ ငိုသံသဲ့သဲ့ ကြားလိုက်ရလေသည်။ ငိုသံမှာ အမျိုးသမီးတစ်ဦး အသံပင်ဖြစ်ရာ သူက တိုအခန်းကို ချောင်းမြောင်းကြည့်ရန်အတွက် နံရံအပေါက်ကလေးတစ်ပေါက်ကို လိုက်ရှာသည်။

သို့သော် မတွေ့ပါချေ။

ထိုအခိုက် ခြေသံများကြားရပြီးလျှင် တံခါးဖွင့်ဝင်လာသော လူတစ်ဦးအသံကို ကြားလိုက်ရလေသည်။

ခပ်ထိုးတိုးမေးလိုက်သော အသံကို ကြားလိုက်ရသည်။

'မင်း ငိုနေတယ်မဟုတ်လား'



'ဟင့် ဟင့် ဟင့်....ရှင်တို့လို လူယုတ်မာလက်ထဲ ရောက်နေတာ မြန်မြန်သေတာကောင်းတယ်၊ အခု သတ်ပစ်လိုက်မှာလား'

'စိတ်ချပါ၊ ငါတို့က မင်းအဖေထံက ရတနာကျောက်စိမ်းအိုးကို လိုချင်တယ်၊ အဲဒါမရရင် မင်းကိုမလွှတ်ဘူး၊ ဒီည အကြောင်းမပြန်ရင် မင်းအဖေထံကို မင်းလက်တစ်ဖက် ပို့ပေးလိုက်မယ်'

'ဒီရတနာကျောက်စိမ်းအိုးကကျွန်မတို့ရဲ့ဘိုးဘွားလက်ထက်က အမွေခံယူလာတာပဲ၊ ဘယ်သူ့ကိုမှ ဖေဖေ ပေးမှာမဟုတ်ဘူး၊ အခုကတည်းက ကျွန်မကို သတ်ချင်သတ်ပစ်လိုက်'

'ဟား ဟား ဟား....ကြည့်ရသေးတာပေါ့ကွာ၊ မင်းအဖေဟာ ဖခအတစ်ခု သမီးတစ်ခု၊ မင်းဟာ မင်းအဖေရဲ့ နှလုံးသားပဲ၊ သူက ဒီရတနာကျောက်စိမ်းအိုးနဲ့ သူ့သမီး ဘယ်ဟာ လဲမလဲဆိုတာ သိရမှာပဲ'

ထိုသို့ပြောကာ အခန်းတံခါးပြန်ပိတ်ပြီး ခြေသံများ ကြားလိုက်ရ၏။

နဂါးလက်သည်းကျွန်းလ® အဝတ်များလဲပြီး သစ်သားနံရံတစ်ချပ်ခြား၍ အပေါ်ဆုံးတွင် လူတစ်ယောက် ဝင်သာရုံ နံရံလပ်နေသည်ကို တွေ့လိုက်ရသဖြင့် ခုတင်ပေါ်မှတစ်ဆင့် နံရံပေါ်သို့ လွှားတက်ကာ ကြည့်လိုက်ရာ မိန်းမချောကလေး

တစ်ဦးအား ကြိုးများဖြင့်တုတ်၍ ခုတင်ပေါ်တွင် ချည်ထားသည်ကို တွေ့လိုက်ရသည်။

သူ ခေါင်းပေါ်မှမဆင်းမီ ဘဘရသေ့ကြီးက မှာလိုက်၏။

'ကိုယ်နဲ့မဆိုင်လျှင် ဝင်မစွက်ပါနဲ့၊ ဒါပေမယ့် ဒုက္ခအလွန်ရောက်နေသူများကို ကူညီကယ်တင်ရမယ်'

ထိုစကားကို ခေါင်းပေါ်မှမဆင်းမီ တစ်ပက်လော်ကလင် မှာကြားခဲ့သည်။

ယခုအခါ ထိုမိန်းမချောကလေး အလွန်ဒုက္ခရောက်နေသူဖြစ်သည်။ ကြားရသောအသံများအရ လူဆိုးဂိုဏ်းတစ်ဂိုဏ်းက ပြန်ပေးဆွဲကာ ရွှေကျောက်ဖဆိုင်တွင် လာ၍ချုပ်ထားခြင်းပင်ဖြစ်သည်။

ကျွန်းလံအောက်သို့ ပြန်ဆင်းကာ အခန်းတံခါးကို အသာလှပ်၍ တစ်ဖက်အခန်းမှ အခြေအနေကို ကြည့်လိုက်၏။ မီးခိုးရောင် ကိုယ်ကြပ်အင်္ကျီနှင့် ဓားကိုယ်စီ ခါးတွင်ချိတ်ထားသည့် ဓားသမားနှစ်ဦးကို တွေ့လိုက်ရလေသည်။

ထိုဓားသမားများမှာ ခရီးဝေးမှလာပြီး ကျောင်းဝင်မြို့၏ သူဌေးတစ်ယောက် သမီးကို ပြန်ပေးဆွဲခေါ်လာခြင်း ဖြစ်သည်။



အသံသဲ့သဲ့နှင့်ပြောလိုက်သောလူမှာ ခေါင်းဆောင်ဖြစ်ဟန်တူသည်။ ကျောက်စိမ်းအိုးမှာ အလွန်တန်ဖိုးရှိပုံလည်းရှိသည်။ ထိုကျောက်စိမ်းအိုးကိုမရလျှင် မိန်းမချောလေးကို သတ်ပစ်တော့မည်။

နဂါးလက်သည်းက ထိုအရေးနှင့်ပတ်သက်ပြီး စားသောက်ပြီးမှ စဉ်းစားမည်ဟု စိတ်ကူးမိသည်။ အခန်းတံခါးဖွင့်၍ အပြင်ထွက်လာစဉ်

'ဘယ်ကကောင်သားက ဒီနေရာလာ တည်းခိုနေသလဲ မသိဘူး'

'ဟား ဟား ဟား'

နဂါးလက်သည်းက မီးခိုးရောင် ဓားသမားတစ်ဦး၏ စကားကိုကြားရသည်။

စားပွဲထိုးလေးတစ်ဦး နဂါးလက်သည်း၏ စားပွဲသို့ ရောက်လာပြီး ...

'ဦးလေး ဘာစားမလဲ' ဟု မေးလိုက်သည်။

သူ့အတွက် အရက်တစ်အိုးနှင့် အစားအသောက်များ မှာလိုက်သည်။

မြို့စောင့်အမှုထမ်းလေးဦးသည် စားသောက်ခကို ရှင်းပေးပြီး ပြန်ထွက်သွားကြသည်။ ထိုအခါမှ သိုင်းသမားများရှိနေသော စားပွဲမှ ဆူညံလာတော့သည်။

သူ့အတွက် စားသောက်စရာများ ရောက်လာသဖြင့် စားသောက်လိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် သူ့စိတ်ထဲတွင် ဒုက္ခရောက်နေသော မိန်းကလေးအား ကူညီရန် ဆုံးဖြတ်လိုသောကြောင့် ဖြစ်သည်။

လမ်းတွင် သိုင်းသမားများ ပြောနေသောစကားများအရ မုန်တိုင်းသိုင်းပြာလည်းပျက်သွားပြီး ဂိုဏ်းခေါင်းဆောင်က သူ၏တပည့်အား သိုင်းကျမ်းကိုပေးလိုက်သည့်သတင်းပင်။

ထိုဂိုဏ်းအား ဖြိုခွဲလိုက်သော သိုင်းသမားကြီးမှာ ဂုကျင့်ဟူ၍သိရပြီး ယခုအခါတွင်ပင် ၎င်းသိုင်းကျမ်းကိုလိုက်နေသူများအား လိုက်လံသတ်ဖြတ်နေခဲ့ရာ ကျန်းလီလည်း တစ်ယောက်အပါအဝင်ပင်။

အကယ်၍ ဂုကျင့်သည် သူ့ဘွင်မက အခြားသော သိုင်းဂိုဏ်းများမှ သိုင်းသမားများကိုလည်း တပည့်များလွှတ်၍ ခိုင်းရမည်။ အဘယ်မှာလျှင် အသတ်အဖြတ်များ ဆုံးနိုင်ပါမည်နည်း။

ရွှေကြက်ဖွစားသောက်ဆိုင်မှာ အဘော်ကလေး ခမ်းနားသန့်ပြန့်သောကြောင့် အထက်တန်းကျသောလူများ တည်းခိုစားသောက်ကြသည်မှာ အံ့သြစရာမရှိတော့။

သို့သော်....



ဒုစရိုက်သမားများ လာရောက်ကြသည်မှာ အံ့သြစရာကောင်းသည်။

သူက သက်ပြင်းရှိုက်၍တွေးမိသည်။

'လိမ္မာတဲ့ကလေးက ဒီမှာရောက်နေပါလား'

'ဟုတ်ပါတယ်ဗျာ'

အဘိုး၏စကားကြောင့် နဂါးလက်သည်း ကြည့်လိုက်မိသည်။

အစိမ်းရောင်အင်္ကျီရှည်ကို ဝတ်ထားသော အဘိုးအိုနှင့် အားဘွားအိုဖြစ်သည်။ ဆံထုံးများကို အဝါရောင်စည်းထားသည်ကိုတွေ့ရသည်။

သားသားနားနား ဝတ်ထားကြသော ကုန်သည်ကြီးများ ဖြစ်ဟန်ရှိသေးသည်။

သို့သော်....

သူကြားဖူးသောအသံနှင့်တူသဖြင့် သေသေချာချာပြန်၍ ကြည့်လိုက်မိသည်။

သူ့စိတ်ထဲတွင် ဝိုးတဝါးဖြစ်နေမိသည်။

'လူကလေး ဘဘကိုမှတ်မိလား'

ကသိုးမြို့တွင်တွေ့ခဲ့သော အဘိုးကပြောလိုက်သဖြင့် ကျန်း
လီက မှတ်မိပြီး....

'ဟာ ဘဘတို့ပါလား၊ ကျွန်တော်က ကသိုးမှာတွေ့ခဲ့တဲ့
ပုံစံနဲ့ အခုပုံစံ သိပ်ကွာခြားနေတော့ ဘယ်မှတ်မိမလဲ'

'အေး ငါတို့ပြောခဲ့တဲ့လူဟာ ဒီဒေသတစ်ဝိုက်မှာပဲ ရှိနေ
တယ် ငါနဲ့ လူလေးကို သိမ်းငှက်သိုင်းသမားတွေက လမ်းက
တိုက်တုန်းက ဘဘတို့ တောထဲမှာရှိပါတယ်၊ အရေးမို့ ကူညီ
မလို့ဘဲ'

အဘိုးက ပြောလိုက်သဖြင့်....

'ကျေးဇူးပါပဲဘဘ ဒါထက် ဘဘတို့က ဘယ်သွားကြ
မလို့လဲ'

'ဘဘတို့ မဟူရာတောင်မှာနေကြတယ်၊ ဒါပေမယ့် ဘဘ
တို့ကိုတိုက်ခိုက်ရမယ့်သူက သေသွားတော့ တိုက်စရာမလိုတော့
ဘူးလေ ဒါပေမယ့်သိုင်းကျမ်းကတော့ ညှိုညှိုနေ
ပါသွားလို့ လိုက်နေရတယ်'

ထိုသို့ပြောသဖြင့် ကျန်းလီက ပြုံးလိုက်ရင်း....

'ဘဘနဲ့ကျွန်တော် တစ်လမ်းတည်းသွားနေတဲ့ လူတွေဖြစ်
နေပြီ'



'ဪ လူလေးကလဲ သိုင်းကျမ်းကို လိုက်နေတာပဲ
မဟုတ်လား'

'ကျွန်တော့် ဆရာကလွှတ်လိုက်တဲ့အတွက် တောင်ပေါ်က
ဆင်းလာတာပါ'

'မင်းဆရာက ဘယ်သူလဲ'

'အနောက်မြောက်ဒေသက မိုးဘုရင်တောင်မှာနေတဲ့ မိုး
ရှသေကြီးပါ'

'ဪ ကွမ်ချောင်းနဲ့တပည့်ကိုး၊ ဘဘတို့နဲ့ အင်မတန်ရင်း
နှီးပါတယ်'

ကျန်းလီ ပို၍ပင် လေးစားသွားရလေသည်။

'ဘဘရဲ့ဘွဲ့အမည်လေး မသိရဘူးလား'

'အေး လူကလေး နောက်တော့သိရမှာပေါ့ကွာ၊ ဒီမှာ
ယခုလိုရှင်းတယ်၊ ဟိုလဲပြန်စရာရှိနေလေတော့ မကြာခင်
တွေ့ကြသေးတာပေါ့'

အဘိုးနှင့် အဘွားအိုတို့သည် စားသောက်ခများ ပေး
ပြီးနောက် အလျင်အမြန်ထွက်သွားကြသည်။

သူတို့တွား မဟူရာတောင်ကြီးတွင်နေထိုင်သော မြောက်
တစ်ထောင် ဂျူးဂျူးနှင့် အဆိပ်မယ်ဘော် ချူးချူး တို့ဖြစ်
သည်။